# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၉ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက် | ၂၀၁၈ ခုနှစ်၊ မတ် ၁၇ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၁၆၈)


## ဂုဏ်သတင်း ပျံ့နှံ့လိုင်ကြ၍

ပန်းရနံ့သည် လေညာကို မသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ် ပန်းအနံ့၊ စံပယ်ကြက်ရုန်း၊ ပန်းအနံ့သည်လည်း လေညာသို့ မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့ သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ် မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၍၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးတက်ရန် ထွက်ခွာ

**ရန်ကုန် မတ် ၁၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဩစတြေးလျနေသဟာယနိုင်ငံဝန်ကြီးချုပ် မဲလ်ကွန်တန်ဘဲလ်၏ ဖိတ်ကြားချက်အရ တရားဝင်ချစ်ကြည်ရေးခရီးသွားရောက်ရန်နှင့် ဆစ်ဒနီမြို့၌ ကျင်းပပြုလုပ်မည့် အာဆီယံ-ဩစတြေးလျ အထူးထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Jeremy Peter Kruse နှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

**လိုက်ပါသွား**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနေသဟာယနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Jeremy Peter Kruse နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။**

သတင်းစဉ်

# ဆင်အခြေပြုခရီးသွားလုပ်ငန်းအတွက် ပလင်းကမ်းသာယာဆင်စခန်း မကြာမီဖွင့်လှစ်မည်



**ညောင်ဦး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအနီးတွင် ဆင်အခြေပြုခရီးသွားလုပ်ငန်းအတွက် ပလင်းကမ်းသာယာဆင်စခန်းကို မကြာမီအချိန်တွင် ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပလင်းကမ်းသာယာဆင်စခန်းကို ညောင်ဦးမြို့မှ (၅)မိုင်အကွာ ညောင်ဦး-ပခုက္ကူ-မြင်းခြံလမ်းမကြီး၏ မြောက်ဘက် နှစ်ဖာလုံအကွာ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ဆင်များအား စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည်ကို အများပြည်သူနှင့် ကမ္ဘာတစ်လွှားမှ လက်တွေ့သိမြင်လာပြီး ဆင်များကို ပူးပေါင်းပါဝင်ထိန်းသိမ်းလာစေကာ ဆင်အခြေပြုခရီးသွားလုပ်ငန်းကို အမှီပြု၍ အနီးဝန်းကျင်မှ ကျေးရွာပြည်သူများ အလုပ်အကိုင်နှင့်


*စာမျက်နှာ ၃ ကော်လံ ၁*

**ယနေ့ မာတိကာ**


**မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ တပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး** စာ » ၁၀

**၂၀၁၆ ရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်မှုလုပ်ဆောင်ခဲ့သည့်အတွက် ရုရှားကိုအမေရိကန်ပိတ်ဆို့မှု ပြုလုပ်** စာ » ၁၄





# တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့် စဉ်းစားအကောင်အထည်ဖော်

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မကုန်မီ မိမိတို့နိုင်ငံ၏ ပြည်ပကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံကျော်လွန်ခဲ့ရာ ပြည်ပကုန်သွယ်မှုသမိုင်းတစ်လျှောက် စံချိန်သစ်တင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းကောင်းတစ်ရပ်ကို မကြာသေးမီက သိခဲ့ရသည်။ ပြည်ပကုန်သွယ်မှုဟုဆိုရာတွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံကျော်ဖြစ်ပြီး သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံကျော်ဖြစ်ကြောင်းနှင့် ယမန်နှစ်ကာလတူထက် ပို့ကုန် နှစ်ဘီလီယံနှင့် သွင်းကုန် နှစ်ဘီလီယံ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်းလည်း သိရသည်။ ပြည်ပကုန်သွယ်မှု တန်ဖိုးများပြားလာခြင်းက နိုင်ငံ၏စီးပွားရေး ပိုမိုနိုးထလာသည်ကို ပြဆိုနေသော်လည်း ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုးမြင့်မားနေသေးသည့် အခြေအနေက မိမိတို့ပိုမိုကြိုးစားရဦးမည်ကို ညွှန်ပြနေသည်။

အဓိကကျသည့် ပြည်ပပို့ကုန်များကို လေ့လာစေ့ငုကြည့်မည်ဆိုပါက လယ်ယာထွက်ကုန်ပစ္စည်းများဖြစ်သည့် ပဲမျိုးစုံ၊ ဆန်နှင့် ဆန်ကွဲ၊ ရော်ဘာ၊ ပြောင်း၊ သစ်သီးဝလံများ၊ ငါးမျိုးစုံ၊ ပုစွန်၊ ငါးရှဉ့်၊ ကဏန်းစသည့် ရေထွက်ပစ္စည်းများ၊ကျွဲ၊ နွား၊သိုး အရှင်များ၊သတ္တုနှင့် သတ္တုရိုင်းများ၊ကျောက်စိမ်း၊ ကျောက်မျက်နှင့် သဘာဝဓာတ်ငွေ့စသည့် တွင်းထွက်သယံဇာတများ၊ CMP စနစ်ဖြင့် ချုပ်လုပ်သည့်အထည်များဖြစ်ရာ မိမိတို့နိုင်ငံမှ တင်ပို့သည့် ပို့ကုန်များမှာ ကုန်ကြမ်းသက်သက်မျှသာ အဓိကဖြစ်နေသည်။

အဓိကတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာမူ မော်တော်ယာဉ်နှင့် ယာဉ်အပိုပစ္စည်းများ၊ စက်နှင့် စက်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးသံနှင့် သံမဏိများ၊ တယ်လီဖုန်းနှင့် ဆက်သွယ်ရေးပစ္စည်းများ၊ ရေနံထွက်ပစ္စည်း၊ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ လေယာဉ်ဆီများ၊ ပလတ်စတစ် ကုန်ကြမ်းများ၊ ဓာတ်မြေသြဇာ၊ ဓာတုဗေဒချည်များ၊ ဆေးဝါးများဖြစ်ရာ စက်မှုထုတ်ကုန်၊ နည်းပညာထုတ်ကုန်များ၊ တစ်ပိုင်းကုန်ချောများဖြစ်သည့်အလျောက် တန်ဖိုးအားဖြင့်လည်း မြင့်မားကြမည်သာဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်ရာတွင် မိမိတို့နိုင်ငံမှ စိုက်ပျိုးထုတ်လုပ်သူများ ရင်ဆိုင်နေကြရသည့် အခက်အခဲများမှာ သီးနှံမျိုးကောင်းမျိုးသန့် ရရှိရေးအခက်အခဲ၊ စိုက်ပျိုးရေး၊ ရိတ်သိမ်းရေးနှင့် သိုလှောင်ရေးတို့တွင် ခေတ်မီ နည်းစနစ်များသုံးစွဲနိုင်ရေးအခက်အခဲ၊ စိုက်ပျိုးထုတ်လုပ်မှုစရိတ်များ မြင့်မားနေသည့် အခက်အခဲနှင့် သယ်ယူပို့ဆောင်ရေးစရိတ်မြင့်မားနေသည့် အခက်အခဲများဖြစ်ကြောင်း သိရသည်။

လယ်ယာစိုက်ပျိုးရေးသည် မိမိတို့နိုင်ငံ၏ အဓိကအကျဆုံး စီးပွားရေးဖြစ်နေသည့်အလျောက် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်နိုင်စွမ်းအားကို မြှင့်တင်ပေးရန်နှင့် လုပ်သလောက်အကျိုးဖြစ်ထွန်းစေရန်အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရေမြင့်၍ ကြာတင့်စေသလို တောင်သူလယ်သမားများဘဝ မြင့်မားမှုနှင့် အတူနိုင်ငံ၏ စိုက်ပျိုးကုန်ထုတ်စီးပွားရေးကိုလည်း မြှင့်တင်နိုင်မည်ဖြစ်သည်။ တစ်ဖက်တွင်လည်း နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ကာ ပဲမှသည် ပဲထွက်ကုန်ချောအမယ်အမျိုးမျိုး၊ ဆန်နှင့်ဆန်ကွဲမှသည် အစားအစာနှင့် အခြားကုန်စည်အမျိုးမျိုး၊ ရော်ဘာစိမ်းမှသည် ရော်ဘာကုန်ချောအမျိုးမျိုး၊ ပြောင်းမှသည် ပြောင်းထွက်ကုန်အမျိုးမျိုးစသည်ဖြင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။

"လယ်ယာကဏ္ဍဟာ နည်းပညာအမျိုးမျိုးတိုးတက်နိုင်တဲ့အခွင့်အရေးတွေလည်းရှိတယ်၊ ဒီလို တိုးတက်ခြင်းအားဖြင့် ကျွန်မတို့ရဲ့နိုင်ငံဟာ တခြားနိုင်ငံတွေနဲ့မတူ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အခြေခံတဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ စက်မှုနိုင်ငံတစ်ခုဖြစ်အောင်လို့ ကျွန်မတို့မလုပ်နိုင်ဘူးလား၊ ဒါတွေကို ကျွန်မတို့ကနေပြီးတော့ တီထွင်ဉာဏ်နဲ့ ရဲရဲရင့်ရင့်စဉ်းစားပြီးတော့ အကောင်အထည်ဖော်စေချင်ပါတယ်" ဟူ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးရေး နှီးနှောဖလှယ်ဆွေးနွေးပွဲ - ၂၀၁၈ အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့ပြီးဖြစ်ရာ လယ်ယာစိုက်ပျိုးရေးအခြေခံ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းနိုင်ရေးသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပကတိလိုအပ်ချက်ပင်ဖြစ်ပါကြောင်း။ ။

## ဓာတ်အားလိုင်းကြိုးဆွဲဖြတ်ကျော်မှုလုပ်ငန်းဆောင်ရွက်မည်

**ရန်ကုန် မတ် ၁၆**

၂၃၀ ကေဗွီ လိုင်းသာယာ-ကျိုက်လတ် ဓာတ်အားလိုင်းကြိုးဆွဲသားခြင်းလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကြိုးဆွဲခြင်းလုပ်ငန်းကို တိုင်အမှတ် ၂ နှင့် ၃ ကြား၌ ၃၃ ကေဗွီ လှိုင်သာယာ-မြစ်မိုးရောင်ဓာတ်အားလိုင်းကိုလည်းကောင်း၊ တိုင်အမှတ် ၆၆ နှင့် ၆၇ ကြား၌ ၃၃ ကေဗွီ ကနောင်-ကွမ်းခြံကုန်း-ဒေးဒရဲ ဓာတ်အားလိုင်းအားလည်းကောင်း ဖြတ်ကျော်၍ မတ် ၁၇ ရက်(စနေနေ့)၊ မတ် ၁၈ ရက် (တနင်္ဂနွေနေ့) တို့တွင် နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိနှင့် မတ် ၂၂ (ကြာသပတေးနေ့)တွင် နံနက် ၈ နာရီမှ ညနေ ၅ နာရီအတွင်း လုပ်ငန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြစ်မိုးရောင်စက်မှုဇုန်၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် တွံတေးမြို့နယ်အနီးတစ်ဝိုက်ကျေးရွာများအတွင်း နေထိုင်သောမိဘပြည်သူများထံ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ လေးစားစွာအသိပေးပန်ကြားထားကြောင်း သိရသည်။

**မြန်မာ့အလင်း**

## နွေရာသီရေရှားမှုကာကွယ်နိုင်ရန် စက်ရေတွင်းပြုပြင်ပြီးစီး

**ညောင်ဦး မတ် ၁၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရမ်းဇမ်းကျေးရွာတွင် နွေရာသီ ရေရှားမှုဒဏ်ကာကွယ်နိုင်ရန် လေးလက်မစက်ရေတွင်းပျက်စီးနေမှုကို မတ် ၁၅ ရက်က မော်တာအသစ်လဲလှယ်ခြင်းများ ပြုလုပ်ပေးခဲ့ရာ တစ်နာရီလျှင်ရေဂါလန် ၁၅၀၀ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းကျေးရွာစက်ရေတွင်း ပြုပြင်ပြီးစီးခဲ့ပါက ကျေးရွာအိမ်ခြေ၂၇၀ လူဦးရေ ၁၅၀၀ က ဆိတ်နွားတိရစ္ဆာန်ကောင်ရေ ၈၀၀ ကျော် သောက်သုံးရေအတွက်မှီခိုအားထားရတော့မည်ဖြစ်ကြောင်းနှင့် နွေရာသီရေအလုံအလောက်ရရှိနိုင်မည်ဖြစ်သည်။ ယင်းကျေးရွာလူဦးရေ ၁၅၀၀ ရှိရာ တွင်းရေကန်သည် ချိုးရေလောက်သာသုံးစွဲရပြီး သောက်ရေမှာ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါးမှ ပေးဝေသည့်ရောဝတီမြစ်ရေကိုသာ အားထားသောက်သုံးကြကြောင်း သိရသည်။

**ကျော်ဌေး(ညောင်ဦး)**

**ထင်သာမြင်သာပြုပြင်စရာ**

## ရှေးဟောင်းသမိုင်းဝင် ရွှေလဝန်းဘုရားကြီးရှေ့မှ ရေအိုင်ကြီး အမြန်ဆုံးပြုပြင်ပေးစေလို

ရေစကြိုမြို့အမှတ် ၅ ရွာပိုးရပ်ကွက်တွင် မင်းတုန်းမင်းတရားကြီးမှ ဝရသမ္မောဓိသီရိပရမဇမာက ဓမ္မရာဇာဂုရု ဘွဲ့ချီးမြှင့်ဆက်ကပ်တော်မူခြင်းခံရသည့် ရေစကြိုဆရာတော်အရှင်ဝရသမ္မောဓိ တည်ထားတော်မူခဲ့သော ရှေးဟောင်းသမိုင်းဝင် ရွှေလဝန်းဘုရားကြီး၏ရှေ့မျက်နှာစာတွင် စွန့်ပစ်ရေများဝပ်လျက်ရှိနေခြင်းကြောင့် လမ်းသွားလမ်းလာများနှင့် ဘုရားဖူးလာပြည်သူများအတွက် စိတ်အနှောင့်အယှက် ဖြစ်နေကြရကြောင်း သိရသည်။

"အရင်တုန်းက ဘုရားကြီးရှေ့မှာ ရေမဝပ်ဘူး၊ ဘုရားကြီးရှေ့မှာရေမြောင်းရှိတယ်၊ ရေမြောင်းကတစ်ဆင့် အနိမ့်ပိုင်းကို စီးဆင်းသွားတယ်၊ ရေစီးဆင်းတဲ့အနိမ့်ပိုင်းမှာ လူနေအိမ်တွေက စီးဆင်းလာတဲ့ရေတွေကလည်း စွန့်ပစ်ရေဖြစ်တော့ အနံ့အသက်တွေကမကောင်းဘူး၊ ကျန်းမာရေးထိခိုက်မှာစိုးတော့ ပိုက်ဆံစုပြီးမြေဖို့ကြပါတယ်၊ ရေထွက်ပေါက်မရှိတဲ့အတွက် ဘုရားကြီးရှေ့မှာ ခုလိုရေအိုင်ဖြစ်လာပါတယ်" ဟု ရပ်ကွက်သူရပ်ကွက်သားများက ပြောပြသည်။

ထို့အပြင် ဘုရားကြီးမျက်နှာစာအနီး၌ရှိသော ရေတွင်းမှချိုးရေများ၊ ဖွတ်လျှော်ရေများ နေ့စဉ်စီးဆင်းနေပြီး ရေထွက်ပေါက်မရှိသည့်အတွက် ဘုရားကြီးမျက်နှာစာတွင် တစ်နေ့ထက်တစ်နေ့ ရေများပို၍ဝပ်နေသဖြင့် အမြင်တင့်တယ်မှုမရှိသည့်အတွက်



သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ဒေသခံများကလိုလားလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## Community စင်တာ၌ စာအုပ်စာစောင်များ လှူဒါန်းနိုင်

**မြစ်ကြီးနား မတ် ၁၆**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ Community Centre ၌ ဒေသခံတိုင်းရင်းသားတို့၏ အသုံးအဆောင်နှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်ကြောင်း သိရသည်။ အဆိုပါ Community Centre ၌ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုအသုံးအဆောင်ပစ္စည်းများပြခန်း၊ ကလေး စာဖတ်ခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ စာကြည့်တိုက်နှင့် စာအုပ်စာစောင်အငှားခန်းမ၊ဘက်စုံသုံးခန်းမတို့ရှိပြီး လက်ရှိစာကြည့်တိုက်တွင် ဒေသခံတိုင်းရင်းသားတို့၏ အသုံးအဆောင်နှင့် စာပေများလိုအပ်နေ၍ လာရောက်ဆက်သွယ် လှူဒါန်းနိုင်ကြောင်း ခရိုင်ပြန်/ဆက် ဦးစီးဌာန ဦးစီးမှူးက ပြောသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၆-၃-၂၀၁၈

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း (အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၉၅/၈၀၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၅/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၁၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၃၇ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၄၄ | ·၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ | ·၁ |
| ဂျပန် | ယန်း (၁၀၀) | ၁၂၆၁ | ·၅ |
| ထိုင်း | တစ်ဘတ် | ၄၂ | ·၇ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၅ |
| တရုတ် | တစ်ယွမ် | ၂၁၁ | ·၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၄၀ | ·၄ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်

အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် အမေရိကန်သံရုံးမှ သံရုံး ဒုတိယအကြီးအကဲ Mr. George Sibley နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့(JCC) နှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် (Parliamentary Resource Centre) နှင့် လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ရခိုင်ပြည်နယ်အရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မတ် ၁၆**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် နော်ဝေနိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Ms.Marianne Hagen ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသည့် ရခိုင်ပြည်နယ်အရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားလူမျိုးငယ်များလည်းရှိ ပင္စိပက္ခဖြစ်စဉ်များ ခဏခဏဖြစ်လျှင် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည့်အတွက် သူတို့ကို ဖော်ထုတ်မှတ်တမ်းတင်ခြင်း လုပ်သင့်

**ရန်ကုန် မတ် ၁၆**

ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ သဘာဝသယံဇာတအရင်းအမြစ်များ ဖြစ်ထွန်းမှုနှင့် ဒေသခံရခိုင်တိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှု၊ ခင်မင်ဖော်ရွေတတ်မှုတို့ကို ဖော်ကျူးသည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင် (Documentary) ရိုက်ကူးနိုင်ရေး ပထမအကြိမ်အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရေခံမြေခံကောင်းသော ဒေသဖြစ်**

အစည်းအဝေး၌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ရခိုင်ကမ်းမြောင်ဒေသသည် အလွန်သာယာလှပပါကြောင်း၊ ရခိုင်ဒေသသည် တောင်တန်းနှင့် ပင်လယ်များဖြင့် အင်မတန် လှပသည့်ဒေသတစ်ခုဖြစ်ပါကြောင်း၊ မြောက်ဦး၊ ဘူးသီးတောင်၊ မောင်တောဒေသတို့သည် ကျယ်ပြန့်သည့် မြေပြန့်လွင်ပြင်များဖြစ်ပြီး စိုက်ပျိုးရေး၊ မြေသြဇာကောင်းမွန်ကာ လုပ်ကိုင်စားသောက်ရန် ရေခံမြေခံကောင်းသောဒေသဖြစ်ပါကြောင်း၊ ရခိုင်တိုင်းရင်းသားများသည်လည်း အခြားသော မြန်မာနိုင်ငံသားများနည်းတူ ချစ်ခင်နှစ်သက်စရာ တိုင်းရင်းသားလူမျိုးများ ဖြစ်ပါကြောင်း၊ အစဉ်အဆက်မိမိတို့ယဉ်ကျေးမှုများနှင့် နေထိုင်ခဲ့ကြသူများဖြစ်သည်ဆိုသည့် အကြောင်းကို ပေါ်လွင်အောင် ရိုက်ကူးစေချင်ကြောင်း။

ထို့ပြင် ရခိုင်တိုင်းရင်းသားများနှင့် ကချင်၊ ကရင်၊ ကယား စသည့် တိုင်းရင်းသားများ အတူတကွပါပဲဆိုတာကို ပေါ်လွင်အောင် ရိုက်ကူးချင်ပါကြောင်း၊ ဒါသည် အဓိကအချက်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားပီပီသသ အနုပညာမြောက်အောင် တီထွင်ဖန်တီးရိုက်ကူးချင်ခြင်းဖြစ်ပါကြောင်း။

ရုပ်ရှင်ဇာတ်ကားကြီးတစ်ခုအပြင် Documentary လည်း ရိုက်ချင်ပါကြောင်း၊ Documentary တစ်ခုလည်း ဖြစ်နိုင်သလို ထို့ထက်လည်း ပိုလို့ရပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားလူမျိုးငယ်များလည်း ရှိပါကြောင်း၊ ၎င်းတို့မှာ မြို၊ ခမီ၊ ဒိုင်းနက်၊ သက် စသည့် တိုင်းရင်းသားများ ဖြစ်ပါကြောင်း၊ ၎င်းတို့သည်လည်း ပင္စိပက္ခဖြစ်စဉ်များ ခဏခဏဖြစ်လျှင် တိမ်မြုပ်ပျောက်ကွယ်သွားနိုင်သည့်အတွက် သူတို့ကိုလည်း ဖော်ထုတ်မှတ်တမ်းတင်ခြင်း လုပ်သင့်ပါကြောင်း၊ ၎င်းတို့၏ လူနေမှုဘဝ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံကိုဖော်ထုတ်တင်ပြသည့် Documentary များ ရိုက်ကူးတင်ပြချင်ပါကြောင်း ပြောကြားသည်။



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရခိုင်ပြည်နယ်၏ သာယာလှပမှု၊ သဘာဝသယံဇာတအရင်းအမြစ်များ ဖြစ်ထွန်းမှုနှင့် ဒေသခံရခိုင်တိုင်းရင်းသားများ၏ ရိုးသားဖြူစင်မှု၊ ခင်မင်ဖော်ရွေတတ်မှုတို့ကို ဖော်ကျူးသည့် ရုပ်ရှင်ဇာတ်ကားနှင့် မှတ်တမ်းရုပ်ရှင် (Documentary) ရိုက်ကူးနိုင်ရေး ပထမအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**ဆွေးနွေးတင်ပြ**

ထို့နောက် အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယကများဖြစ်သည့် ပန်းချီဦးစိုးမိုး၊ ဦးအောင်လွင်၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ Forever Group CEO ဦးဝင်းမော်၊ မင်္ဂလာကုမ္ပဏီလီမိတက် မန်နေဂျာ ဦးစောလွင်၊ ဇာတ်ညွှန်း ဦးငြိမ်းမင်း၊ ဒါရိုက်တာ စင်ရော်မောင်မောင်၊ သရုပ်ဆောင် ဦးနေထက်လင်းနှင့် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် မြောက်ဦး၊ ငပလီ၊ အလယ်သံကျော်၊ စစ်တွေ ViewPoint စသည့် ရခိုင်ဒေသ၏ သာယာလှပမှုအစုစု၊ အခြားထင်ရှားကျော်ကြားသည့် နေရာများ၊ ရခိုင်တိုင်းရင်းသားတို့၏ ရိုးသားဖြူစင်မှု၊ ချစ်ခင်နှစ်သက်မှု၊ ပွင့်လင်းပျူငှာဖော်ရွေမှု ဓလေ့စရိုက်များ (ခမီ၊ ဒိုင်းနက်၊ မြို၊ သက် လူမျိုးများနှင့် အတူတကွနေထိုင်ပုံ၊ ၎င်းတို့၏ နေထိုင်ရာဒေသများ အပါအဝင်)၊ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခြင်းကို အကြောင်းပြု၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုန်းကန်နေရမှု၊ ရခိုင်ပြည်နယ်၏ ပထဝီဝင်အနေအထားအရ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မှု၊ မောင်တောပဋိပက္ခ ဖြစ်ပွားပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များကို မြန်မာတစ်နိုင်ငံလုံးရှိ သွေးသားရင်းချာတိုင်းရင်းသားများက ဝိုင်းဝန်းကူညီပံ့ပိုးမှု (လူငယ်များအဖွဲ့ Volunteer ဆောင်ရွက်မှု)၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီ၏ လုပ်ဆောင်မှုများ အပါအဝင် ပြည်ထောင်စု စိတ်ဓာတ်အရင်းခံ၍ ဆောင်ရွက်နေမှုများကို ထင်ဟပ်ပေါ်လွင်စေရေး ရိုက်ကူးတင်ဆက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

**ရှေ့ဖုံးမှ**

စီးပွားရေးအခွင့်အလမ်းများ တိုးတက်လာစေပြီး ဆင်များနှင့် အနီးကပ်ထိတွေ့ခွင့်ရရှိကာ ဆင်နှင့်ပတ်သတ်သော အသိပညာဗဟုသုတများရရှိစေရန်၊ ဆင်များကို ချစ်ခင်မြတ်နိုးလာစေရန်နှင့် ဌာနဝန်ထမ်းများအနေဖြင့် ဆင်များထိန်းသိမ်းစောင့်ရှောက်ရေးကဏ္ဍတွင်သာမက ခရီးသွားလုပ်ငန်းဖြင့် ပြည်သူကိုဝန်ဆောင်မှုပေးသော လုပ်ငန်းများတွင် သစ်လွင်သောစိတ်ကူးအကြံဉာဏ်ဖြင့် ကြံစည်လုပ်ကိုင်ဆောင်ရွက်လာစေကာ ပြည်တွင်း ပြည်ပခရီးသွားစိတ်အပန်းဖြေအနားယူ လည်ပတ်စရာနေရာတစ်ခုဖြစ်ပေါ်လာစေရန် စီစဉ်ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း ချင်းတွင်းဖောင်ဖွဲ့ရေးဒေသ၊ လက်ထောက်အထွေထွေမန်နေဂျာဦးအောင်ဌေးက ပြောပြသည်။

ပုဂံ-ညောင်ဦးဒေသသို့ လာရောက်လည်ပတ်သော ပြည်တွင်း ပြည်ပခရီးသွားများအနေဖြင့် ပုဂံ-ညောင်ဦးဒေသသည် အချိန်အခါမရွေး လာရောက်လည်ပတ်နိုင်သည့် နေရာဒေသဖြစ်သည်နှင့်အညီ ဆင်များထားရှိမည့်တဲများ အခြေခံအဆောက်အအုံ စတင်ဆောက်လုပ်ခြင်း ဆောင်ရွက်ဆောက်လုပ်လျက်ရှိပြီး အညာဒေသ၏ သင်္ကေတများဖြစ်သည့် ထန်းလုံးများ၊ အမိုးအတွက် ထန်းရွက်များ အသုံးပြုသွားမည်ဖြစ်ကာ မတ်လအတွင်းဖွင့်လှစ်နိုင်အောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပုဂံဒေသသည် ပူပြင်းခြောက်သွေ့သဖြင့် အပူဒဏ်ကြောင့် ဆင်များအန္တရာယ်မဖြစ်စေရေးအတွက် ဆင်တင်းကုပ်တွင် ရေပိုက်ခေါင်းများ တပ်ဆင်ဖျန်းပေးခြင်း၊ အရိပ်ကောင်းသော သဘာဝသစ်ပင်ကြီးများအောက်တွင် ထားရှိကာ ဆင်စီးချိန်၊ ဆင်ရေချချိန်၊ ဆင်ပြသချိန်များ စီစဉ်ဆောင်ရွက်ထားရှိပြီး ပုဂံညောင်ဦးဒေသတွင် ဆင်စာအတွက် သဘာဝအစာရရှိရန်ခက်ခဲကာ ဆင်စာအတွက် နေပီယာမြက်စိုက်ပျိုး၍ ဆောင်ရွက်လျက်ရှိပြီး ပုလင်းကျေးရွာတွင် နေပီယာမြက်စိုက်ပျိုးထားရှိပြီး ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတဘုန်းတော်ကြီးကျောင်းတွင် ဆင်စာအတွက် နေပီယာမြက်များစိုက်ပျိုးလျက်ရှိကာ တောင်သူများသို့ နည်းပညာနှင့် မြက်မျိုးများဖြန့်ဝေပေးပြီး ထွက်ရှိလာမည့်မြက်များကိုတောင်သူများထံမှ ဝယ်ယူ၍ ဆင်များအား ကျွေးမွေးသွားမည်ဖြစ်သည်။ ဆင်တစ်ကောင်အတွက် တစ်ရက်လျှင် ဆင်စာ ပေါင် ၅၀၀ × ၂၄ ကျပ် = ၁၂၀၀၀ ကုန်ကျမည်ဖြစ်ပြီး ယခုအခါဆင်ယဉ်လေးကောင် ရောက်ရှိနေပြီး နှစ်ကောင်ထပ်ရောက်မည်ဖြစ်ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ညောင်ဦးဖောင်ဖွဲ့ရေးနယ် ဦးမျိုးမင်းကို (လက်ထောက်မန်နေဂျာ)က ရှင်းပြသည်။

**ကိုထိန်(ငါ့သရောက်)**





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အပြည်ပြည်ဆိုင်ရာပြည်တွင်းဆိပ်ကမ်း(ဝမ်ပုံ)၌ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

❖ *ကျောဖုံးမှ*

ရှင်းလင်း ဆွေးနွေးချက်များအပေါ် ဒုတိယသမ္မတက ဟိုတယ်ခရီးသွား လုပ်ငန်းသည် နိုင်ငံအတွက် များစွာ အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်ပါ ကြောင်း၊ ခရီးသွားကဏ္ဍ တိုးတက်ရေး အတွက် ပြည်နယ်အစိုးရ၊ ဟိုတယ် လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ဆောင်ရွက်ရမည့် အပိုင်းနှင့် ပြည်ထောင်စုအစိုးရမှ ပံ့ပိုးကူညီ ဆောင်ရွက်ပေးရမည့် အပိုင်းဟူ၍ ရှိပါ ကြောင်း၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်နှင့် ဒေသခံများ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းသည် အဓိကအခြေခံအချက် ဖြစ်ပါကြောင်း၊ ပြည်ထောင်စု အဆင့်မှ ဆောင်ရွက်ပေးရမည့် အပိုင်းကိုလည်း နိုင်ငံ့အကျိုး၊ ဒေသအကျိုးကို ရည်ရွယ်၍ အကောင်းဆုံးဖြစ်အောင် ပံ့ပိုးဆောင်ရွက် ပေးမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ ပြည်သူ့ ဝန်ဆောင်မှုရုံး (One Stop Shop)သို့ ရောက်ရှိပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်ပေးနေမှုအခြေအနေ တို့ကို ကြည့်ရှုအားပေးကာ တာဝန် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများ အတွက် ထောက်ပံ့ငွေ ပေးအပ်ခဲ့ပြီး မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေး တံတားအမှတ်(၁)သို့ လှည့်လည် ကြည့်ရှုသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေး လုပ်ငန်းပညာ သင်တန်းကျောင်းသို့ ရောက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင်ဦးစီးမှူး ဒေါ်နန်းစံဖူးလှောင်က သင်တန်းကျောင်းတွင် သင်ကြားပို့ချ လျက်ရှိသည့် အခြေအနေများ၊ ဝန်ထမ်း အင်အားနှင့် သင်တန်းသူများအား ထောက်ပံ့ပေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သင်တန်းသူများ၏ သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တာချီလိတ်ကုန်သွယ်ရေးစခန်း၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ချစ်ကြည်ရေးတံတား ကြည့်ရှု**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင် များသည် မြန်မာ-ထိုင်း ချစ်ကြည်ရေး တံတားအမှတ် (၂) သို့ သွားရောက် ကြည့်ရှုကြသည်။





မြန်မာ-ထိုင်း နှစ်နိုင်ငံ ချစ်ကြည်ရေးတံတားအမှတ်(၁)၌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့်အဖွဲ့ လှည့်လည်ကြည့်ရှုစဉ်။

**ဝမ်ပုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း**

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် အပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်း(ဝမ်ပုံ)သို့ ရောက်ရှိ ကြရာ တာဝန်ရှိသူများက ဝမ်ပုံ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ ဆိပ်ကမ်း ဝန်ဆောင်မှုလုပ်ငန်းများ၊ ဆိပ်ကမ်း အခွန်ကောက်ခံရရှိမှု အခြေအနေများ၊ မဲခေါင်မြစ်အတွင်း ရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက် နေမှုအခြေအနေများ၊ ဆိပ်ကမ်းတိုးချဲ့ ရေးနှင့် အရေးပေါ် ကယ်ဆယ်ရေးစခန်း တည်ဆောက်ခြင်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကုန်သွယ်မှုပြုရာတွင်အချက်အချာကျ**

ရှင်းလင်း တင်ပြချက်များအပေါ် ဒုတိယသမ္မတက ဝမ်ပုံဆိပ်ကမ်းသည် လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့နှင့် ကုန်သွယ်မှုပြုရာတွင် အချက်အချာကျ သည့် ဆိပ်ကမ်းဖြစ်၍ စီမံကိန်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရန် လိုအပ် သော အခြေခံအဆောက်အအုံ များအား အလျင်အမြန် ဆောက်လုပ်နိုင်ရေး မှာကြားပြီး စီမံကိန်းတိုးချဲ့တည်ဆောက် ရန် မြေနေရာလိုအပ်မှု အခြေအနေ၊ မဲခေါင်မြစ်အတွင်း ပြည်ပခရီးသွား ဧည့်သည်များ သွားလာနိုင်ရေးအတွက် ခရီးစဉ်များ ဖော်ထုတ်နိုင်ရေး အခြေ အနေတို့အား ပေါင်းစပ်ညှိနှိုင်းပေးပြီး ဆိပ်ကမ်းအတွင်း လုပ်ငန်းဆောင်ရွက် နေမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးသည်။

*စာမျက်နှာ ၅ သို့*





ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျိုင်းတုံမြို့နယ် ဟိုကျင်း(အာခါကျေးရွာ)၌ ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၄ မှ*

ထို့နောက်ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တာချီလိတ်မြို့နယ် ရွှေတြိဂံဒေသရှိ BRP-15 နှင့် BRP -16 အကြား မဲဟောင်ချောင်း ကမ်းပြိုကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ကျောက်စီမြေထိန်းတမံ အလျား ပေ ၁၀၀၀ တည်ဆောက်နေခြင်းအား ပွင့်လင်းရာသီအတွင်း ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်မြဲနိုင်စေရန်အတွက် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရေး၊ လက်ရှိ မြေထိန်းနံရံ အပြင် အထက်ဘက်တွင် ပေ ၁၀၀၊ အောက်ဘက်တွင် ပေ ၆၅၀ ဆက်လက်တည်ဆောက်နိုင်ရန်အတွက် လိုအပ်သော တွက်ချက်မှုများ ပြုလုပ်ရေးတို့ကို မှာကြားသည်။

**ရှင်းလင်းတင်ပြ**

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့သည် တာချီလိတ်ကုန်သွယ်ရေး စခန်း (မယ်ယန်း)သို့ ရောက်ရှိရာ စခန်း တာဝန်ခံ ညွှန်ကြားရေးမှူး ဦးမင်းအောင်အေးက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အထိ ကုန်သွယ်မှုအခြေအနေ၊ နိုင်ငံခြားသား ဖက်စပ်ကုမ္ပဏီများအား ကုန်သွယ်ခွင့်ပြုခြင်း အခြေအနေ၊ တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ခွင့်ပြုမှုအခြေအနေ၊ ITC ဖြင့် ပို့ကုန်၊ သွင်းကုန် လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း အခြေအနေ၊ ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက ရှမ်းပြည်နယ်အတွင်းရှိ အခြားနယ်စပ်ကုန်သွယ်ရေး စခန်းများကဲ့သို့ ကုန်သွယ်မှုပမာဏ တိုးမြှင့်လာစေရေးအတွက် နည်းလမ်းများ ရှာဖွေကြိုးပမ်းသွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း မြှင့်တင်ရေး၊ တန်ဖိုးမြင့် စိုက်ပျိုးရေးထွက်ကုန်များ ပိုမိုတင်ပို့နိုင်ရန် ဈေးကွက်ရှာဖွေရေး အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် ပံ့ပိုးဆောင်ရွက်ပေးရေး၊ ရော်ဘာခြံအတွင်း သီးညှပ်အဖြစ် ကော်ဖီကဲ့သို့ စီးပွားဖြစ်သီးနှံများ ထည့်သွင်းစိုက်ပျိုးနိုင်ရေးတို့အား မှာကြားသည်။

အဆိုပါ ကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံ မယ်ဆိုင်နှင့်သာမက ဝမ်ပုံဆိပ်ကမ်းကို အသုံးပြု၍ တရုတ်နိုင်ငံနှင့်ပါ ကုန်သွယ်နိုင်ခြင်း၊ နောင်တွင် ဝမ်ပုံမှ လာအိုနိုင်ငံ မိုင်းမောနှင့်ပါ ကုန်သွယ်မှု ပါဝင်လာနိုင်ပြီး စခန်းတစ်ခုမှ နိုင်ငံ သုံးနိုင်ငံနှင့် ကုန်သွယ်မှု ပြုနိုင်မည့် အခွင့်အလမ်းရှိကြောင်း သိရသည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့မှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့သို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ကျိုင်းတုံမြို့နယ် ဟိုကျင်း(အာခါကျေးရွာ)သို့ ရောက်ရှိပြီး ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ရိုးရာလက်မှုလုပ်ငန်းများကို ကြည့်ရှုလေ့လာပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကျိုင်းတုံမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး သင်တန်းကျောင်းသို့ ရောက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ခရိုင်ဦးစီးမှူး ဒေါ်နန်းစံဖူးလှောင်တို့က သင်တန်းကျောင်း၏ လက်ရှိဆောင်ရွက်နေသည့် အခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် သင်တန်းကျောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ထောက်ပံ့ငွေများ ပေးအပ်ပြီး သင်တန်းကျောင်းအတွင်း လှည့်လည်ကြည့်ရှုသည်။ **သတင်းစဉ်**

# တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ပိုမိုအရေးပါသည့်အခန်းကဏ္ဍမှ ဦးဆောင်ရေးဆွဲနိုင်မှ ဖက်ဒရယ်စနစ်ကိုအခြေပြုသည့်စီမံကိန်းများဖြစ်မည်

နေပြည်တော် မတ် ၁၆

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသည့် စီမံကိန်းများ ရေးဆွဲအကောင်အထည် ဖော်နိုင်ရန်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ နေပြည်တော်ကောင်စီဝင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၏ လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၁၈)ကို ယနေ့ နံနက် ၉ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက် အဖွင့်အမှာစကား ပြောကြားသည်။** (ယာပုံ)




ပြည်ထောင်စုဝန်ကြီးက အချိန်ကာလ ပြောင်းလဲကျင့်သုံးမည့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် အသစ်အတွက် နှစ်စဉ်စီမံကိန်းများ ရေးဆွဲရာတွင် ယခင်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာ၌ ကြုံတွေ့ခဲ့ရသည့် အားသာချက်၊ အားနည်းချက်များကို အသေးစိတ် ပြန်လည်စိစစ်၍ ဆောင်ရွက်ရန် လိုကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် စီမံကိန်းများကို နောင်ရေးဆွဲမည့် ကာလတို၊ ကာလရှည် စီမံကိန်းများအတွက် အခြေခံနှစ်အဖြစ် ဆောင်ရွက်နိုင်ရေး ဦးတည်ဆောင်ရွက်စေလိုကြောင်း၊ ပကတိမြေပြင်အခြေအနေကို ထင်ဟပ်သည့် ကိန်းဂဏန်းများဖြင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုကို တက်လှမ်းနိုင်မည့် ရည်မှန်းချက်ခိုင်မာသည့် စီမံကိန်များ ရေးဆွဲနိုင်ရန် အရေးကြီးကြောင်း။

စီမံကိန်းရည်မှန်းရန် အဆိုပြုချက်များချပြသည့် အချိန်တွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုလည်း တင်ပြရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ပိုမိုအရေးပါသည့် အခန်းကဏ္ဍမှ ဦးဆောင်ရေးဆွဲနိုင်မှ ဒီမိုကရေစီအနှစ်သာရ ပြည့်ဝသည့် ဖက်ဒရယ်စနစ်ကို ဦးတည်သည့် စီမံကိန်းများ ဖြစ်လာမည်ဖြစ်ပြီး စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနတို့ ဆက်စပ်ညှိနှိုင်းပေါင်းစပ်၍ စီမံကိန်းနှင့် ဘတ်ဂျက်တစ်ထပ်တည်းကျရန်အတွက် အရေးကြီးကြောင်း၊ တစ်နှစ်တာဆောင်ရွက်ရန် လျာထားမှုမည်သို့ပင်ဖြစ်စေ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများကို တင်ပြ၍ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စီမံကိန်းများနှင့် ဘဏ္ဍာငွေများကို တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရများ ထောက်ခံမှသာ ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မတူညီသည့် အခြေအနေများရှိရာ ဒေသအလိုက် ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်စေလိုကြောင်း။

ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးအတွက် အထပ်ထပ် ပြန်လည်စစ်ဆေး၍ တင်ပြရန်လိုကြောင်း၊ ရပ်ကွက်အလိုက် ပြောင်းလဲမှုများကို သိရှိပြီး ဂျီဒီပီ (GDP) တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်နိုင်ရန် စီမံကိန်းရေးဆွဲရေး ဦးစီးဌာနနှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနတို့ ဆက်စပ်ဆောင်ရွက်စေလိုကြောင်း၊ ငါးနှစ်အထိ ကဏ္ဍအလိုက် စီမံကိန်းရည်မှန်းချက်များရရှိအောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ရင်းနှီးမြှုပ်နှံမှု ကော်မတီများ ဖွဲ့စည်းပြီးဖြစ်ရာ လုပ်ငန်းရှင်အဖွဲ့အစည်းများကို ဖိတ်ခေါ်ဆွေးနွေးပြီး ရင်းနှီးမြှုပ်နှံမှု တိုးတက်လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်၍ ပုဂ္ဂလိကကဏ္ဍ တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်လာပါက ပြည်ပနိုင်ငံများ၏ ချေးငွေ၊ ထောက်ပံ့ငွေများ၊ အစိုးရဘဏ္ဍာငွေတို့အပေါ် မှီခိုနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း။

လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ချေးငွေများ ထုတ်ချေးနေသော်လည်း လိုအပ်ချက်များစွာ ရှိနေသေးကြောင်း၊ စိုက်ပျိုးရေး အခြေခံစီးပွားရေးလုပ်ငန်းများ၊ Contract Farming များ ဖွံ့ဖြိုးလာစေရန် ပံ့ပိုးနိုင်မည့် နည်းလမ်းများ ရှာဖွေဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်သစ်တွင် အမျိုးသားစီမံကိန်း ရေးဆွဲရန် အချိန်ဇယားရေးဆွဲထားရှိမှု၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs)၊ နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ ကဏ္ဍ၊ ဒေသအလိုက် မူဝါဒများ၊ ကာလတို၊ ကာလရှည် ရည်မှန်းချက်များနှင့် ဆက်စပ်ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်းကောင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဘတ်ဂျက်ရေးဆွဲရာတွင် ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများအား နှစ်လတ်ဘဏ္ဍာရေးမူဘောင်ဖြင့် တွက်ချက်မှုအရ အသုံးစရိတ်ခွင့်ပြုပေးနိုင်မှု၊ သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်း အသုံးစရိတ်များ သုံးစွဲရာတွင် စနစ်တကျ သုံးစွဲနိုင်ရေး စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများက ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များ၊ SMEs ချေးငွေရရှိရေး ကိစ္စရပ်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့တွင် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ကြီးမှူးကျင်းပသည့် တိုင်းရင်းသားလူမျိုးစုများ၏ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို မတ် ၂၁ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့တွင် ကျင်းပသွားမည်ဖြစ်သည်။**

**ပွဲတော်နှင့်ပတ်သက်၍ တာဝန်ရှိသူများအား တွေ့ဆုံမေးမြန်းထားသည် -**



ဒေါက်တာအောင်သန်းမောင်



ဦးစိုးညွန့်လွင်



ဒေါက်တာညီညီအောင်

**ဒေါက်တာအောင်သန်းမောင်**
**ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ**
**ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး**
**ရှမ်းပြည်နယ်အစိုးရအဖွဲ့**

ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းလုံ (ရှမ်းကြီး)၊ ဂုံရှမ်း၊ တိုင်းခမ်းတီး ၊ တိုင်းဆာ(ခ)မိုင်းတာ၊ တိုင်းလိုင် (ရှမ်း)၊ တိုင်းနေ (ရှမ်း )၊ “ဝ ”၊ ပအိုဝ်း ၊ ဓနု ၊ အင်းသား ၊ တအာင်း(ပလောင်)၊ တောင်ရိုး ၊ ကယန်း ၊ ယင်းနက်၊ ယင်းကျား၊ ထနော့၊ လီဆူ ၊ အာခါ ၊ လားဟူစတဲ့ တိုင်းရင်းသားတွေက စာပေဆိုင်ရာ စာတမ်း ၁၅ စောင်၊ ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ စာတမ်း ၁၀ စောင်တို့ကို တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမမှာ ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

**ဦးစိုးညွန့်လွင်**
**ပြပွဲပြခန်း ခင်းကျင်းပြသရေးနှင့် ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ၊ ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့**

တိုင်းရင်းသားလူမျိုးစုများရဲ့ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော် ကျင်းပရခြင်း ရည်ရွယ်ချက်တွေကတော့ တိုင်းရင်းသားလူမျိုးစုများရဲ့ စာပေနဲ့ ယဉ်ကျေးမှု အမွေအနှစ်များ အစွန့်ရှည်တည်တံ့စေရန်၊ တိုင်းရင်းသားများရဲ့ ရိုးရာအစားအသောက် အဝတ်အထည်နဲ့ အသုံးအဆောင်ပစ္စည်းများကို အားပေးမြှင့်တင်ရန်၊ တိုင်းရင်းသားအချင်းချင်း ရင်းနှီးချစ်ခင်မှုမှတစ်ဆင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မာအားကောင်းလာစေရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက် ဖြစ်ပါတယ်။

ရိုးရာယဉ်ကျေးမှုပြပွဲနဲ့ ဈေးရောင်းပွဲတော်ကို အဝေရာ မီးပုံးပျံကွင်းမှာ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ ထနော့ ၊ ပအိုဝ်း ၊ တောင်ရိုး ၊ အင်းသား၊ ဓနု ၊ ရှမ်း ၊ ကယန်း ၊ ယင်းကျား ၊ ယင်းနက်၊ လီဆူ ၊ မြောင်ဇီး ၊ တအာင်း(ပလောင်)၊ လားဟူ ၊ “ဝ” ၊ ဂုံရှမ်း၊ အာခါတို့ရဲ့ တိုင်းရင်းသားစာပေနဲ့ ရိုးရာအသုံးအဆောင်ပြခန်း ၂၃ ခန်း ပြသထားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားစာအုပ်ရိုးရာ အစားအသောက်နဲ့ အသုံးအဆောင်တို့ကို ရောင်းချသွားမယ့် အပြင် တိုင်းရင်းသားအကအဖွဲ့ ၄၅ ဖွဲ့ ခေတ်ပေါ်စင်တင် တေးဂီတအဖွဲ့တို့ကလည်း ငါးရက်တိုင်တိုင် ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မိဘပြည်သူများအားလုံးက ရှမ်းပြည်နယ်မှာ လာရောက်အပူရှောင်ရင်း၊ အပန်းဖြေရင်းနဲ့ ယခုကျင်းပမယ့်ပွဲတော်ကို ဝင်ရောက်ဆင်နွှဲကြဖို့ ဖိတ်ခေါ်လိုပါတယ်။

**ဒေါက်တာညီညီအောင်**
**ပွဲတော်ဖွင့်ပွဲကျင်းပရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသားလူမျိုးစုများ၏ စာတမ်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့**

ငြိမ်းချမ်းရေးရဲ့ အထိမ်းအမှတ်ဖြစ်တဲ့ ချိုးဖြူငှက်ရုပ်ကို ဖွင့်ပွဲအခမ်းအနားမှာ လွှတ်တင်သွားမှာဖြစ်သလို အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူများရဲ့ ကျောင်းများစတင်ပိတ်တဲ့ ကာလဖြစ်တဲ့အတွက် ဒေသအသီးသီးမှာရှိတဲ့ ပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ မိသားစုများ အနေနဲ့ ရှမ်းပြည်နယ်တောင်ကြီးမြို့မှာ စည်ကားသိုက်မြိုက်စွာ ကျင်းပတဲ့ စာပေယဉ်ကျေးမှု ဖွံ့ဖြိုးရေးပွဲတော်ကို လာရောက်လည်ပတ်ရင်း တိုင်းရင်းသားလူမျိုးစုများရဲ့ စာပေယဉ်ကျေးမှုများကို လေ့လာနိုင်ဖို့ ဖိတ်ခေါ်လိုပါတယ်။

ယင်းပွဲတော်ဖွင့်ပွဲကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မတ် ၂၁ ရက် နံနက် ၉ နာရီခွဲ တွင် အဝေရာကုန်းသာယာမီးပုံးပျံကွင်း၌ တိုင်းရင်းသားလူမျိုးစု ၂၇ စုမှ တိုင်းရင်းသားလူငယ် ၈၀၀ ခန့် ၊ ဒေသခံတိုင်းရင်းသားများ ပြည်သူလူထုများ၊ စုစုပေါင်း အင်အား ၂၀၀၀ ခန့်ဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း၊ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် မတ် ၂၁ ရက်မှ ၂၄ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှစတင်၍ တိုင်းရင်းသားလူမျိုးစုများ၏ စာပေ စာတမ်းကို ဖတ်ကြားပြီး မတ် ၂၁ ရက်မှ ၂၅ ရက်ထိ အဝေရာ မီးပုံးပျံကွင်းတွင် တိုင်းရင်းသားလူမျိုးစုရိုးရာ အကပဒေသာများ၊ တေးဂီတဖျော်ဖြေပွဲများကို နေ့စဉ် ညနေ ၆ နာရီမှ ည ၁၁ နာရီအထိ ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများ လှည့်လည်ကြည့်ရှု

**နေပြည်တော် မတ် ၁၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးသည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်း လျန်လွယ်၊ ချင်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ပြည်နယ်ဥပဒေချုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပညာရေးဌာနမှ တာဝန်ရှိသူများနှင့်အတူ မတ် ၁၅ ရက် နံနက်ပိုင်းတွင် ဟားခါးပညာရေးကောလိပ်၊ ဟားခါးကောလိပ်များသို့ ရောက်ရှိကာ စာသင်ဆောင်၊ စာသင်ခန်း၊ အိုင်စီတီခန်းများ လှည့်လည်ကြည့်ရှုပြီး ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ သင်ကြားရေးစီမံခန့်ခွဲရေးဆိုင်ရာ ဆောင်ရွက်နေမှုများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနအလိုက်ဆောင်ရွက်နေမှုများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညွှန်ကြားပြီးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဟားခါးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာနများသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုကာ **(ယာပုံ)** သက်ဆိုင်ရာ တာဝန်ရှိသူများအား ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဖြေဆိုနိုင်ရေး ဆောင်ရွက်ပေးကြရန်နှင့် စာမေးပွဲဆိုင်ရာလုပ်ငန်းများ အောင်မြင်စွာပြီးမြောက်ရေး ဂရုတစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အန္တရာယ်ရှိကျောင်းဆောင်များအား ကြည့်ရှုစစ်ဆေးပြီး မြေထိန်းနံရံများ၊ ဒေသနှင့်လိုက်လျောညီထွေရှိသော စာသင်ဆောင်များ ဖြည့်ဆည်းပေးရန် မိမိတို့ဒေသ ပညာရေးအရည်အသွေးတိုးတက်မြင့်မားရေးအတွက် ဆရာ ဆရာမများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မိဘပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်၊ ဆရာ ဆရာမ အချိုး၊ ကျောင်းသားအချိုး၊ စာသင်ဆောင် အချိုးမျှတမှုရှိရေး ဆောင်ရွက်ရန်နှင့် အထူးပြုဘာသာရပ်များနှင့် လိုက်လျောညီထွေရှိသော ဆရာ ဆရာမများ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်တို့ကို မှာကြားသည်။





အလားတူ ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ မကွေးတိုင်းဒေသကြီးပညာရေးမှူး ဦးအောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၁၆ ရက် နံနက်ပိုင်းတွင် ပခုက္ကူမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနသို့ ရောက်ရှိပြီး ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှု၍ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ချောမွေ့စွာဖြေဆိုပြီးစီးနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရန် မှာကြားသည်။

ထို့နောက် အန္တရာယ်ရှိ ကျောင်းဆောင်များ လှည့်လည်ကြည့်ရှုကာ အချိန်မီပြုပြင်နိုင်ရေး၊ ကျောင်းသားဦးရေတိုးတက်လာမှုအရ လိုအပ်သော စာသင်ဆောင်များနှင့် သန့်စင်ခန်းများ ဖြည့်ဆည်းပေးနိုင်ရေးတို့ကို မှာကြားသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ နောက်ဆုံးနေ့ သမိုင်းဘာသာကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာစစ်ဌာန ၁၇၂၂ ခုနှင့် နိုင်ငံခြားစာစစ်ဌာန ၂၀ ခု စုစုပေါင်း ၁၇၄၂ ခုတို့၌ ဖြေဆိုခွင့်ရှိသူ ကျောင်းသား ကျောင်းသူ ၁၀၃၂၇၅ ဦး ရှိသည့်အနက် ၉၃၇၇၈ ဦး ဖြေဆိုခဲ့ကြပြီး ပျက်ကွက်သူဦးရေ ၉၄၉၇ ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်းမှာ ၉၀ ဒသမ ၈၀ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ချင်းပြည်နယ်တွင် ၃၃၈ ဦး စာရင်းပေးသွင်းကြပြီး ၂၇၈၆ ဦး ဝင်ရောက်ဖြေဆိုကာ ပျက်ကွက်သူဦးရေ ၅၉၅ ဦး ရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၈၂ ဒသမ ၄၀ ရာခိုင်နှုန်းရှိသည်။ မကွေးတိုင်းဒေသကြီးတွင် ၈၈၂၄ ဦး စာရင်းပေးသွင်းကြပြီး ၈၂၅၇ ဦး ဖြေဆိုကာ ပျက်ကွက်သူဦးရေ ၅၆၇ ဦးရှိသဖြင့် ဖြေဆိုမှုရာခိုင်နှုန်း ၉၃ ဒသမ ၅၇ ရာခိုင်နှုန်းရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သံတမန်ရေးရာနှင့်သက်ဆိုင်သည့် အခြေခံဘာသာရပ်များအပါအဝင် အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းဖွင့်

**ရန်ကုန် မတ် ၁၆**

နိုင်ငံခြားရေးဝန်ကြီးဌာနက ဦးစီးဖွင့်လှစ်သည့် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် ၄၀/၂၀၁၈ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သင်ကြားပို့ချပေးသည့် အငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်း၌ သံတမန်ရေးရာနှင့်သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာရပ်များ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် အစည်းအဝေးများကျင်းပခြင်း၊ နိုင်ငံတကာဆက်ဆံရေးပညာရပ်များ၊ စီးပွားရေး ဆိုင်ရာ ဘာသာရပ်များ ပါဝင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ် ကြာမြင့်မည်ဖြစ်သည်။

အဆိုပါသင်တန်းသည် နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်နေသော ပုဂ္ဂလိကလုပ်ငန်းများ၊ ကုမ္ပဏီလုပ်ငန်းများ၊ အခြားဌာနများမှ ဝန်ထမ်းများ၊ ဘွဲ့ရလူငယ်များ၊ ဘာသာရပ်အပေါ် စိတ်ဝင်စား လေ့လာလိုသူများ အတွက် ၂၀၀၀ ပြည့်နှစ်မှစတင်၍ နှစ်စဉ်ဖွင့်လှစ်နေသော သင်တန်းဖြစ်သည်။

**သတင်းစဉ်**



# မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ မဟာသင်္ကြန်ပွဲတော်နှင့်စပ်လျဉ်း၍ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှိုးဆော်ချက်

၁။ မြန်မာသက္ကရာဇ် ၁၃၇၉ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၁၄ ရက်နေ့မှ ကဆုန်လဆန်း၂ ရက်နေ့သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် မဟာသင်္ကြန်အခါတော်ဖြစ်ပါသည်။

၂။ ဤအခါသမယတွင်မြန်မာလူမျိုးတို့သည် သက်ကြီးဝါကြီးများအား ပူဇော်သက္ကာယပြုခြင်း၊ ရှင်ပြုရဟန်းခံအလှူမင်္ဂလာများကျင်းပခြင်းနှင့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်းစသော မင်္ဂလာအမှုတို့ကို ပြုမြဲဖြစ်ပါသည်။

၃။ ထို့အပြင် နှစ်ဟောင်းတွင် ကိုယ်စိတ်နှစ်ပါးတို့၌ အညစ်အကြေးများရှိခဲ့ပါက ဆေးကြောသန့်စင်သည့်အနေဖြင့် တစ်ဦးနှင့်တစ်ဦး ကြည်လင်သန့်ရှင်းမွှေးပျံ့သင်းသည့် နံ့သာရည်များကို သပြေခက်ဖြင့် ပက်ဖျန်းကြသည့် ဓလေ့အစဉ်အလာလည်းရှိပါသည်။

၄။ သို့သော် လူငယ်တို့သဘာဝ အပျော်လွန်ရာမှ ကြမ်းတမ်းစွာရေကစားခြင်းဖြင့် တစ်ဖက်သားကို အနာတရဖြစ်စေခြင်း၊ တစ်ဖက်သားမခံမရပ်နိုင်သည်အထိ နောက်ပြောင်မိခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း၊ ယာဉ်အန္တရာယ်ကျရောက်ခြင်း စသည့် အမင်္ဂလာများလည်း သက်ရောက်တတ်ပါသည်။

၅။ ထို့ကြောင့် ၁၃၇၉ ခုနှစ်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို အောက်ပါရည်ရွယ်ချက်များနှင့်အညီ ကျင်းပသွားရန် ဖြစ်ပါသည်။

(က) မြန်မာ့ယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ရိုးရာမပျက် ဆက်လက်ထိန်းသိမ်းရန်၊

(ခ) ပြည်သူများ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့စွာဖြင့် ရေသဘင်ပွဲတော်တွင် ယဉ်ကျေးသိမ်မွေ့စွာ ပါဝင်ဆင်နွှဲနိုင်ရန်၊

(ဂ) ပြည်သူများသည် မိမိတို့ပင်ပန်းနွမ်းနယ်သမျှကို အတာရေပက်ဖျန်းလန်းဆန်းစေခြင်းဖြင့် နှစ်သစ်တွင်နိုင်ငံတော်၏ တာဝန်များကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ကြစေရန်၊

(ဃ) မြန်မာမှု၊ မြန်မာ့ဟန်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနှစ်သာရများ၊ အမျိုးသားရေးစရိုက်လက္ခဏာများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ကြစေရန်၊

၆။ သို့ဖြစ်ပါ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်၏ မွန်မြတ်သော ရည်ရွယ်ချက်များကို ထိန်းသိမ်းသောအားဖြင့် အောက်ပါတို့ကို ရှောင်ကြဉ်ကြပါရန် နှိုးဆော်အပ်ပါသည်-

(က) မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်နှင့်ဗီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏အမြင်တွင် မတင့်တယ်သည့်နေထိုင်မှု၊ ပြုမူမှုများကို ရှောင်ကြဉ်ကြပါရန်၊

(ခ) ဘာသာတရား၏အဆုံးအမနှင့် မလျော်ညီသည့် ရုန့်ရင်းကြမ်းတမ်းစွာ ပြောဆိုမှုများ ရှောင်ကြဉ်ကြပါရန်၊

(ဂ) သူတစ်ပါးအား ဒဏ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေမည့် ကြမ်းတမ်းသည့် ရေကစားမှု၊ ထိပါးနှောင့်ယှက်မှုများ ရှောင်ကြဉ်ကြပါရန်၊

(ဃ) သူတစ်ပါး(သို့မဟုတ်)အဖွဲ့အစည်းတို့၏ ဂုဏ်သိက္ခာပျက်ပြားထိခိုက်စေရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြောဆိုခြင်း၊ သံချပ်ထိုးခြင်း၊ သီဆိုခြင်း၊ လှုပ်ရှားဆောင်ရွက်ခြင်းစသည့် အပြုအမူများ ရှောင်ကြဉ်ကြပါရန်၊

(င) မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းမြတ်နိုးတတ်သော အများပြည်သူတို့၏ အမြင်အာရုံတွင် အနှောင့်အယှက်ဖြစ်စေတတ်သည့် မြန်မာ့ယဉ်ကျေးမှုလွန် ဝတ်စားဆင်ယင်မှုမျိုးဝတ်ဆင်ခြင်းမှ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်၊

(စ) မြန်မာ့ရိုးရာသင်္ကြန်ကို ချစ်ခင်၍ ပျော်ရွှင်ကြလိုသူများ ဖြစ်သည်နှင့်အညီ အခြားနိုင်ငံသားများက မြန်မာ့ယဉ်ကျေးမှုအစဉ်အလာသင်္ကြန်ကို လေးစားတန်ဖိုးထားမှုလျော့ပါးစေသော စရိုက်လက္ခဏာများ၊ အပြော၊ အဆို၊ အဝတ်အစား၊ အစားအစာ၊ အကအခုန်များကို အလွန်အမင်း လိုက်စားပြုမူခြင်း၊ အရက်သေစာကို သိက္ခာကျလောက်အောင် သောက်စားမူးယစ်ခြင်းများ ဆင်ခြင်ရှောင်ကြဉ်ကြပါရန်။

*ဆက်လက်ဖော်ပြပါမည်*

# မူးယစ်ဆေးဝါးသုံးစွဲသူများအား အခမဲ့စမ်းသပ်ခွဲစိတ် ကုသမည်

**စစ်တွေ မတ် ၁၆-** ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ မျက်စိဝေဒနာရှင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရွှေကရုဏာဖောင်ဒေးရှင်း(စစ်တွေ)တို့ပူးပေါင်းပြီး မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်ခွဲစိတ်ကုသပေးမည်။

အဆိုပါ စမ်းသပ်ခွဲစိတ်ကုသရာ၌ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာ ခင်ဥမ္မာခိုင် ဦးဆောင်ပြီး မျက်စိအထူးကု ဆရာဝန်ကြီးများမှ မတ် ၁၉ ရက်မှ ၂၁ ရက်အထိ သုံးရက်တိုင်တိုင် ရွှေကရုဏာစေတနာဆေးခန်း(စစ်တွေ)၌ အခမဲ့ ခွဲစိတ်ကုသမည်။ အဆိုပါ စမ်းသပ်ခွဲစိတ်ကုသခံလိုသည့် မျက်စိဝေဒနာရှင်များအား ရွှေကရုဏာဖောင်ဒေးရှင်း ရွှေကရုဏာစေတနာဆေးခန်း (စစ်တွေ)၌ မတ် ၁၆ ရက်မှစတင်ကာ မတ် ၁၈ ရက်အထိ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ကိုယ်တိုင်လာရောက် စာရင်းပေးသွင်းကာ စမ်းသပ်မှုခံယူလျက်ရှိကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မန္တလေးတက္ကသိုလ်အား အဆင့်မြင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် ဘက်စုံအဆင့်မြင့်တင်ရေးကော်မတီ ဖွဲ့စည်းပြီးဖြစ်




- ကတိကဝတ်များကို အကောင်အထည်ဖော်မှုအပိုင်းသည် ဘတ်ဂျက်တောင်းသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ ဘတ်ဂျက်ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်မှုအပိုင်းထက်ပင် များစွာအားနည်းချက်ရှိနေ
- လွှတ်တော်မှ အတည်ဖြစ်ထားသောအဆိုများ၊ မှတ်တမ်းတင်စောင့်ကြည့်ထားသော အဆိုများအတွက် အစိုးရမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် လွှတ်တော်ကတိကဝတ်ကော်မတီသို့ အစီရင်ခံစာပေးပို့စေပြီး အဆိုတင်သွင်းခဲ့သူ ကိုယ်စားလှယ်များထံလည်း အစီရင်ခံစာမိတ္တူပေးပို့ရန် အကြံပြု

**နေပြည်တော် မတ် ၁၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

**ဖွဲ့စည်းပုံအား ပြင်ဆင်ရေးဆွဲတင်ပြထား**

အစည်းအဝေးတွင် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး၏ **မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များ သင်ကြားရာ၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ ရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျ အဆင့်မြင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မန္တလေးတက္ကသိုလ်အား အကြီးစားပြုပြင်မွမ်းမံရန်နှင့် အသစ်ပြန်လည်တည်ဆောက်ရန်အတွက် လိုအပ်လျက်ရှိသော အဆောက်အအုံနေရာများကို ခေတ်နှင့်လျော်ညီ သော စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ သုတေသနဓာတ်ခွဲခန်းများအဖြစ် အသုံးပြုနိုင်ရန်အတွက် အဆင့်အလိုက် ဆောင်ရွက်ရန် လျာထားပါကြောင်း၊ မန္တလေးတက္ကသိုလ်၏ လက်ရှိဖွဲ့စည်းပုံအား ပြင်ဆင်ရေးဆွဲတင်ပြထားပြီး ဖြစ်သည့်အတွက် ဖွဲ့စည်းပုံအသစ် အတည်ပြုချက်ရရှိပါက လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့် ဘာသာရပ်သင်တန်းများ တိုးချဲ့သင်ကြားခြင်း၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ပူးပေါင်း၍ တိုးချဲ့ဖွင့်လှစ်ခြင်းတို့ကို ဆက်လက်စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံတကာတက္ကသိုလ်၊ အဖွဲ့အစည်း ၃၃ ခုဖြင့် ပညာရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများ ရေးထိုး၍ သင်ကြားသင်ယူရေးနှင့် သုတေသနလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် နိုင်ငံခြားသား ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်သင်ကြားသင်ယူခြင်း၊ နိုင်ငံတကာ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ၊ ကွန်ဖရင့်များနှင့် အခြားပညာရပ်ဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

မန္တလေးတက္ကသိုလ်အား အဆင့်မြင့်ပညာရပ်များ သင်ကြားသင်ယူရေး၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာ ပညာသင်ယူမှုရပ်ဝန်းကောင်းတစ်ခုအဖြစ် စနစ်တကျအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မန္တလေးတက္ကသိုလ် ဘက်စုံအဆင့်မြှင့်တင်ရေးကော်မတီကို ဖွဲ့စည်းပြီးဖြစ်ပါကြောင်း၊ စီမံကိန်းများရေးဆွဲချမှတ်ပြီး တက္ကသိုလ်အဆင့်မြှင့်တင်ခြင်းကို စနစ်တကျ ဆောင်ရွက်သွားရန် အစီအစဉ် ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ကျောင်းအဆင့်တိုးမြှင့်ပေး**

ဘိုကလေးမဲဆန္ဒနယ်မှ ဦးမင်းသိုင်း၏ **ဧရာဝတီတိုင်းဒေသကြီး၊ အခြေခံပညာဦးစီးဌာန လက်အောက်ရှိ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် တွဲဖက်အလယ်တန်း၊ တွဲဖက်အထက်တန်းကျောင်းများကို တရားဝင်ခွင့်ပြုထားသော်လည်း ကျေးရွာများရှိ ကျူရှင်များသည် တွဲဖက်ကျောင်းများတွင် တရားမဝင်သော ထပ်တွဲကျောင်းများအဖြစ် ရှိနေကြသဖြင့် ထိုထပ်တွဲ တွဲဖက်ကျောင်းများကို ထိန်းသိမ်းကြပ်မတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ၂၀၁၇-၂၀၁၈ ပညာသင်နှစ် ကျောင်းအဆင့်တိုးမြှင့်ပေးမှုတွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ အခြေခံပညာမူလတန်းကျောင်း(ခွဲ) ၁၀ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း လေးကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၀ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) သုံးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ခုနစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၃၅ ကျောင်း ပါဝင်ခဲ့ပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် မြစ်ကူးချောင်းခြား၊ သွားလာရေးခက်ခဲသော ဒေသများတွင် ကလေးများ၏ ပညာသင်ယူမှု အခွင့်အလမ်းများရရှိရေးအတွက် အရေးကြီးပါကြောင်း၊ ကျောင်းခွဲများမှာ ဝန်ကြီးဌာန၏ တရားဝင်မြေအမည်ပေါက်ရှိရမည် ဖြစ်ပါကြောင်း၊ လိုအပ်သော ကျောင်းမြေပိုင်ဆိုင်မှုနှင့် ကျောင်းအဆောက်အအုံရှိလျှင် ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများအဖြစ် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများသို့ တရားဝင်လျှောက်ထားနိုင်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကျောင်းများအဖြစ် တရားဝင်စာရင်းပေးပြီးမှသာ ကျောင်းအဆင့်သို့ သတ်မှတ်မှုများနှင့်အညီ စိစစ်ပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များ၏ သဘောထားမှတ်ချက်များနှင့်အညီ အဆင့်တိုးမြှင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ တရားဝင်အဆင့်ဆင့်မတင်ဘဲ တွဲဖက်ဆောင်ရွက်ခြင်းများရှိမည်ဆိုလျှင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်း စည်းကမ်း ဥပဒေများအရ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပညာရေးမှူးရုံးများမှ အထူးကြပ်မတ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**သဲနုန်းအနည်ပို့ချမှုများ ဖြစ်ပေါ်**

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ **စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုမှုကို ပြည်သူ့ဘဏ္ဍာငွေ အကုန်အကျသက်သာစေပြီး ကမ်းပါးပြို ကာကွယ်မှုများ များစွာလုပ်ဆောင်နိုင်ရန်အတွက် တည်ဆောက်ရေးနည်းလမ်းကို ပြောင်းလဲလုပ်ဆောင်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးက စစ်တောင်းမြစ်နှင့် ခပေါင်းချောင်းရေတိုက်စားမှုများကြောင့် ကမ်းပါးပြိုကျမှုများနှင့် ပတ်သက်၍ စစ်တောင်းမြစ်အတွင်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် လုပ်ငန်း ငါးနေရာအား ဝါးကရစ်ကမ်းပါးထိန်းအပြင် တန်ဖိုးသက်သာသည့် မျောကရစ်တန်းများ ပိုမိုခိုင်မာစေရန် မျောကရစ်တန်းများအတွင်း ကျောက်ကြီးဖြည့် ကမ်းပါးထိန်းလုပ်ငန်းများ၊ မျောတိုင်တန်းရေကာတိုင်များ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခဲ့မှုကြောင့် ကမ်းပြိုသည့်နေရာများတွင် သဲနုန်းအနည်ပို့ချမှုများ ဖြစ်ပေါ်ခဲ့သဖြင့် စစ်တောင်းမြစ်အထက်ပိုင်း ကမ်းပါးပြိုနေရာများအတွက် ကုန်ကျစရိတ် အထိုက်အလျောက် သက်သာသည့် ဝါးကရစ်တန်းနှင့် မျောကရစ်တန်းများ အသုံးပြုသည့် ယာယီအဆင့်မြင့်ကာကွယ်ရေး နည်းလမ်းက သင့်လျော်မှုရှိသည်ကို တွေ့ရှိရပါကြောင်း။

ဝါးများအသုံးပြု၍ ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် သက်သာခြင်း၊ ဒေသထွက်ပစ္စည်းများဖြင့် တစ်နိုင်တစ်ပိုင် ဆောင်ရွက်နိုင်ခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လျော်ညီစွာ အကျိုးဖြစ်ထွန်းနိုင်ခြင်း စသည့် အကျိုးသက်ရောက်မှုများ ရရှိနိုင်သည် မှန်သော်လည်း ကမ်းပြိုသည့်နေရာတိုင်းတွင် ဆောင်ရွက်၍ မရနိုင်ခြင်း၊ ချောင်းငယ်များအတွင်း၌သာ ဆောင်ရွက်ရန် ပိုမိုသင့်လျော်ခြင်း၊ ရေနက်ပိုင်းများနှင့် ဆက်စပ်နေသည့်နေရာများတွင် ဆောင်ရွက်ရန် အကန့်အသတ်များရှိခြင်း စသည့် အားနည်းချက်များလည်း ယှဉ်တွဲနေပါသဖြင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်နှင့် ရရှိနိုင်မည့် အကျိုးကျေးဇူးတို့ကို ချင့်ချိန်တွက်ဆ၍ ဆောင်ရွက်ပေးရပါကြောင်း ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ စဉ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မိုမိုလွင်၊ ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကိုနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသာဦးတို့က ရှင်းလင်းဖြေကြားကြသည်။

**ဥပဒေကြမ်း လွှတ်တော်တင်သွင်း**

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက **ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**ကို လွှတ်တော်သို့ တင်သွင်းသည်။

ယင်းနောက် အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းဖိုးမြတ်က ဖတ်ကြားတင်ပြပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးဝင်းမြင့်က ဥပဒေကြမ်းတစ်ရပ်လုံးကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်က သဘောတူ အတည်ပြုကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို လွှတ်တော်ကိုယ်စားလှယ် လေးဦးက ဆွေးနွေးကြသည်။

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစောက အတည်ဖြစ်သည့်အဆိုများ ကတိကဝတ်ဖြစ်ထားပြီးသည့် မေးခွန်းဖြေကြားချက်များနှင့် ပတ်သက်၍ ကော်မတီ၏ အစီရင်ခံစာတွင် အကျယ်တဝင့်ဖော်ပြထားပြီးဖြစ်ပါကြောင်း၊ မှတ်တမ်းအဖြစ်ထားရှိသည့် အဆိုများနှင့် ကတိကဝတ်မဖြစ်ခဲ့သော်လည်း မေးခွန်းများကို ပြန်လည်ဖြေကြားရာတွင် ထည့်သွင်းပြောကြား ဆွေးနွေးခဲ့သည့် အချက်များနှင့်ပတ်သက်၍ ကော်မတီအနေဖြင့် စိစစ်စောင့်ကြည့်ခြင်း၊ ဆွေးနွေးခြင်းများပြုလုပ်၍ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသင့်ကြောင်း အကြံပြုလိုပါကြောင်း။

**အစီရင်ခံစာ အကြံပြုဆွေးနွေး**

မှတ်တမ်းတင် စောင့်ကြည့်သည့် အဆိုများနှင့်ပတ်သက်၍ မည်သည့်ပုံစံ စောင့်ကြည့်မည်၊ မည်သည့်ကာလအထိ စောင့်ကြည့်မည်ဆိုသည့်ကို ဆွေးနွေးခြင်းအပြင် လုပ်ဆောင်နေသည့် တိုးတက်မှုအခြေအနေများကိုလည်း ကော်မတီအနေဖြင့် မျက်ခြည်မပြတ် ဝန်ကြီးဌာနများကို ခေါ်ယူမေးမြန်းပြီး အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြသင့်သည်ဟု အကြံပြုလိုပါကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် မေးခွန်းများဖြေကြားရာတွင် စာရွက်စာတမ်းမှတ်တမ်းမှတ်ရာ လုပ်ထုံးလုပ်နည်းများအပေါ်တွင် အခြေခံပြီး ဖြေကြားခြင်းမျိုးမဟုတ်ဘဲ မြေပြင်အခြေအနေကို ထိထိရောက်ရောက် လေ့လာစုံစမ်းပြီးမှသာဖြေကြားသင့်ပါကြောင်း၊ အစိုးရ၏ အာမခံချက်များ ကတိကဝတ်များနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အကြံပြုဆွေးနွေးသည်။

ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက လွှတ်တော်ကိုယ်စားလှယ်များ၏ ကတိဖြစ်ခဲ့သော ကြယ်ပွင့်ပြမေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနက စီမံကိန်းရေးဆွဲရာတွင် ဘတ်ဂျက်၌ ဦးစားပေးထည့်သွင်းရေးဆွဲပေးရန် ထပ်မံအကြံပြုအပ်ပါကြောင်း၊ ဘတ်ဂျက်ထည့်သွင်းရေးဆွဲခဲ့သည့် အပိုင်းအပြင် မူဝါဒပိုင်းပြုပြင်ပြောင်းလဲရန်အတွက် ပေးအပ်ထားသော ကတိကဝတ်များ အကောင်အထည်ဖော်မှုအပိုင်းကို အလေးထားဆောင်ရွက်ရန်အတွက် တိုက်တွန်းကြီးကြပ်ပေးပါရန် အကြံပြုလိုပါကြောင်း။

ကတိကဝတ်များကို အကောင်အထည်ဖော်မှု အပိုင်းသည် ဘတ်ဂျက်တောင်းသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အစိုးရအဖွဲ့မှ ဘတ်ဂျက်ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော်မှု အပိုင်းထက်ပင် များစွာအားနည်းချက်ရှိနေကြောင်းကို လေ့လာသုံးသပ်ရပါကြောင်း၊ လွှတ်တော်မှ အတည်ဖြစ်ထားသောအဆိုများ၊ မှတ်တမ်းတင်စောင့်ကြည့်ထားသောအဆိုများအတွက် အစိုးရမှ ဆောင်ရွက်ထားရှိမှုအခြေအနေများကို အနည်းဆုံး တစ်နှစ်တစ်ကြိမ် လွှတ်တော်ကတိကဝတ်ကော်မတီသို့ အစီရင်ခံစာပေးပို့စေပြီး အဆိုတင်သွင်းခဲ့သူ ကိုယ်စားလှယ်များထံလည်း အစီရင်ခံစာမိတ္တူ ပေးပို့ရန် အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

အလားတူ ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်က ဆက်လက်ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာကို သဘောတူလက်ခံရန် ဥပဒေကြမ်းကော်မတီဝင် ဦးမျိုးနိုင်က အဆိုတင်သွင်းပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၀ ရက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုများကို ကွင်းဆင်းစုံစမ်းပါက စေ့စပ်ညှိနှိုင်းမှုများ အောင်မြင်စွာဆောင်ရွက်နိုင်




❑ **အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ILO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါက အလုပ်သမားထုအတွက် အကျိုးမပြုသော ဥပဒေများ၊ လက်တွေ့မကျသော ဥပဒေများနှင့် လိုက်နာဆောင်ရွက်ရန် ခက်ခဲသောဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်**

**နေပြည်တော် မတ် ၁၆**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းနှစ်ခုကို မေးမြန်းရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ရှင်းလင်းဖြေကြားသည်။

**ဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ရန်**

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) မှ ဦးမောင်မောင်လတ်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့ ရပ်ကွက်လေးခုစလုံး လွှမ်းခြုံနိုင်မည့် လျှပ်စစ်မီးသွယ်တန်းခြင်းကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးက ခမ်းပါတ်မြို့သည် ၂၃၀ ကေဗွီ ကလေးပင်မဓာတ်အားခွဲရုံမှ ၅၅ မိုင်ခန့် ကွာဝေးပြီး တမူးမြို့တွင် ထပ်မံတည်ဆောက်မည့် ၂၃၀ ကေဗွီ တမူးပင်မဓာတ်အားခွဲရုံမှ ၃၅ မိုင်ခန့် ကွာဝေးပါကြောင်း၊ ထို့ကြောင့် ခမ်းပါတ်မြို့အတွက် ဓာတ်အားစနစ်ကို ပို့အားပြည့်ဝကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် တမူးမြို့မှ ဓာတ်အားဖြန့်ဖြူးလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါကြောင်း၊ တမူးမြို့တွင် ၂၃၀/၆၆ ကေဗွီ ပင်မဓာတ်အားခွဲရုံတစ်ရုံတည်ဆောက်ရန် ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ရှင်းလင်းဖြေကြား**

အဆိုပါ ကလေး-တမူး ဓာတ်အားလိုင်းနှင့် တမူးပင်မဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ဝန်ကြီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဘတ်ဂျက်ငွေလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ခမ်းပါတ်မြို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရန် ကလေး-တမူး ၂၃၀ ကေဗွီ ဓာတ်အားလိုင်းနှင့် တမူးပင်မဓာတ်အားခွဲရုံ တည်ဆောက်ပြီးမှသာ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်**

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၇)မှ ဒေါက်တာမြသောင်း၏ **ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ညောင်ပင်သာ-စိမ့်ကြီး လမ်းပျက်စီးနေသည်ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ၂၀၁၃ ခုနှစ်တွင် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ စိုက်ပျိုးမြေဧရိယာအချို့ကို စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနမှ ပုဂ္ဂလိကကုမ္ပဏီဖြစ်သော မြတ်အိန္ဒြေကုမ္ပဏီကို တာဝန်ပေးခဲ့ပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြပါကြောင်း။

အဆိုပါကုမ္ပဏီမှ ညောင်ပင်သာလမ်းခွဲမှ စိမ့်ကြီးကျေးရွာအထိ လမ်းပိုင်းကို အသုံးပြုပြီး အဆောက်အအုံများဆောက်လုပ်ရန် သံထည်ပစ္စည်းများ၊ ဘိလပ်မြေ၊ အုတ်သဲ၊ ကျောက်စရစ်စသည်တို့ သယ်ယူခြင်း၊ စက်ကြီးများ မောင်းနှင်ခြင်းများကြောင့် အဆိုပါလမ်း ပျက်စီးခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါချဉ်းကပ်လမ်း ပျက်စီးနေသည့်အတွက် ပြန်လည်ပြုပြင်ပေးရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် စာဖြင့်ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ပြန်လည်ပြုပြင်ပြီးဖြစ်ကြောင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက စာဖြင့်ပြန်လည်အကြောင်းကြားခဲ့ပါကြောင်း။

**ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပေးရန်**

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနမှ ပြန်လည်စစ်ဆေးသည့်အခါ ကျင်း၊ ချိုင့်များဖြစ်ပေါ်နေသည်ကို သာမန်မြေညှိစက်ဖြင့် ဆွဲညှိထားသည့် အခြေအနေကို စစ်ဆေးတွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် အဆိုပါလမ်းကို အောက်ခံအမာခံကောင်းမွန်သည့် ကျောက်ခင်းလမ်းအဖြစ် ပြန်လည်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရန် မိမိတို့ဝန်ကြီးဌာနက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသို့ စာဖြင့်ထပ်မံညှိနှိုင်းအကြောင်းကြားထားပြီး လက်ရှိအခြေအနေတွင် အဆိုပါကုမ္ပဏီက လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီ အဖွဲ့ဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို လွှတ်တော်သို့ဖတ်ကြား တင်သွင်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာ ကော်မတီအဖွဲ့ဝင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးခင်မျိုးဝင်းက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ ကော်မတီ၏ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များအနေဖြင့် ၂၀၁၆ ခုနှစ် မတ် ၂ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ကော်မတီမှ လက်ခံရရှိခဲ့သည့် တိုင်ကြားစာစုစုပေါင်းမှာ ၅၂၁၂ စောင်ရှိပါကြောင်း၊ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများသို့ ပေးပို့ခဲ့သည့် အမှုတွဲစုစုပေါင်း ၉၁ စောင်ပေးပို့ခဲ့ပြီး ပြန်လည်တင်ပြခဲ့သည့်အမှုတွဲ ၄၄ စောင်နှင့် ပြန်လည်တင်ပြရန်ကျန်ရှိသည့် အမှုတွဲ ၄၇ စောင်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများသို့ ပေးပို့ခဲ့သည့် အမှုတွဲစုစုပေါင်း ၁၉၅ စောင် ပေးပို့ခဲ့ပြီး ပြန်လည်တင်ပြခဲ့သည့်အမှုတွဲ ၈၄ စောင်နှင့် ပြန်လည်တင်ပြရန် ကျန်ရှိသည့်အမှုတွဲ ၁၁၁ စောင် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ပေးပို့ခဲ့သည့် အမှုတွဲစုစုပေါင်း ၃၅၇ စောင်ပေးပို့ခဲ့ပြီး ပြန်လည်တင်ပြခဲ့သည့်အမှုတွဲ ၈၇ စောင်နှင့် ပြန်လည်တင်ပြရန် ကျန်ရှိသည့်အမှုတွဲ ၂၇၀ စောင်ဖြစ်ပါကြောင်း။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

ကော်မတီသည် လွှတ်တော်သက်တမ်းနှစ်နှစ်အတွင်း အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တိုင်ကြားသူ ကာယကံရှင်များထံသို့ အကြောင်းပြန်ကြားစာ ၂၄၇ စောင် ပြန်ကြားပေးခြင်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုနှင့်ပတ်သက်၍ တိုင်ကြားစာ ၆၅၅ စောင်ကို စိစစ်ပြီး လမ်းညွှန်ချက်နှင့်အညီ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီသို့ လွှဲပြောင်းပေးပို့နိုင်ခဲ့ပါကြောင်း၊ ပြည်သူများမှ ယုံကြည်အားကိုးစွာ တင်ပြလာသည့်အတွက် မှန်ကန်လျင်မြန်စွာ အလေးထားဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးက ကော်မတီနှင့်အတူ ယခုထက်ပိုမိုပူးပေါင်း ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများ၏ လိုလားချက်နှင့် နစ်နာချက်များကို ဥပဒေလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း အကြံပြုတင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဆိုပါအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဥပဒေ၊ နည်းဥပဒေများနှင့် အညီ**

ယင်းနောက် အမျိုးသားလွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီအဖွဲ့ဝင် ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်ရှားမူက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာအကြံပြုချက်အနေဖြင့် နိုင်ငံသားများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် တည်ဆဲတရားဥပဒေများနှင့် အညီ တူညီသောအခွင့်အလမ်းများ ရရှိစေရန် ကူညီဖော်ဆောင်ပေးသင့်ပါကြောင်း၊ ကော်မတီကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၄) ပုဒ်မ ၁၄၇ (ဂ) အရလည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၇ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၀၆၊ ၁၀၇ အရ ဖွဲ့စည်းထားပြီး လွှတ်တော်၏ လုပ်ငန်းစဉ်ဖြစ်သော ဥပဒေပြုခြင်း၊ အစိုးရ၏ လုပ်ငန်းဆောင်တာများအား စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ဘတ်ဂျက်စိစစ်ခြင်းလုပ်ငန်းများအား လွှတ်တော်၏ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**လွှတ်တော်တွင်ဆွေးနွေးရန် အဆိုတင်သွင်း**

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင် ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၈) ဒေါက်တာခင်မကြီးက ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်ချက်များအနေဖြင့် နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့် ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဟူသော ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နှင့်အညီ ကော်မတီမှ ဆောင်ရွက်ခဲ့ပြီးသော အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်တွင် လက်ခံဆွေးနွေးရန် အဆိုတင်သွင်းနိုင်ခဲ့ပါကြောင်း၊ ထိုဥပဒေကြမ်းကို ဆွေးနွေးအတည်ပြုနိုင်ပါက ဖြစ်ပေါ်လာနိုင်သည့် အငြင်းပွားမှုပြဿနာများကို အောင်မြင်စွာ ဖြေရှင်းနိုင်မည် ဖြစ်ပါကြောင်း။

**စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်နိုင်**

ကော်မတီသည် အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများ ILO ကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပိုမိုရင်းရင်းနှီးနှီး ဆက်ဆံနိုင်ပါက အလုပ်သမားထုအတွက် အကျိုးမပြုသော ဥပဒေများ၊ လက်တွေ့မကျသော ဥပဒေများနှင့် လိုက်နာဆောင်ရွက်ရန်ခက်ခဲသော ဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကော်မတီသို့ တိုင်ကြားလာသော အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုပြဿနာများကို ဥပဒေနှင့်အညီ အကြံပြုရာတွင် လိုအပ်လျှင် နှစ်ဖက်အငြင်းပွားသူများနှင့် သက်ဆိုင်ရာ ဆက်စပ်အဖွဲ့အစည်းများထံသို့ ကွင်းဆင်းစုံစမ်းနိုင်ပါက တရားမျှတမှုဖော်ဆောင်နိုင်ရေးနှင့် စေ့စပ်ညှိနှိုင်းမှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ပြီး လွှတ်တော်ကို ပြည်သူတို့ အားကိုးယုံကြည်မှုများ ပိုမိုမြင့်တင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၃၀ ရက်မြောက်နေ့ကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးသူဟိန်း၊ မွေးကြူဇင်(သတင်းစဉ်)**

---

## နေပြည်တော်နှင့် မန္တလေး နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၆**
နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် အောင်လံမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီနှင့် မကွေးမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ပူတာအိုမြို့နှင့် မချမ်းဘောမြို့တို့တွင် ၀ ဒသမ ၃၁ လက်မစီနှင့် ခန္တီးမြို့တွင် ၀ ဒသမ ၁၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ် ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/၉လ**

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ် ၂၀ သင်တန်းဆင်းပွဲကျင်းပ၊ အလုပ်အကိုင် တစ်ပါတည်း ပေးအပ်

ရန်ကုန် မတ် ၁၆

**နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ် ၂၀ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။**

သင်တန်းဆင်းပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက တိုင်းရင်းသူအမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၄၃ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ အဆိုပါ သင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၇၈၁၀၀ အနက် ၂၂၄၅ ဦးကို ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၅ ရုံ၌ ၂၁၉၃ ဦး ဝင်ရောက် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခု သင်တန်းတွင် တိုင်းရင်းသူ ၁၄၂ ဦးကို ၁၉-၂-၂၀၁၈ ရက်နေ့မှ ၁၆-၃-၂၀၁၈ ရက်နေ့ထိ အခမဲ့လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း၊ သင်တန်းဆင်း တိုင်းရင်းသူ ၁၂၃ ဦးကို အထည်ချုပ်စက်ရုံငါးရုံသို့ စနစ်တကျခွဲဝေ၍ အလုပ်တာဝန်များ ပေးအပ်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦး က ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများကို လွှဲပြောင်းအပ်နှံပေးရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက အလုပ်သမားအသိအမှတ်ပြုကတ်ပြားများကို သင်တန်းဆင်းတိုင်းရင်းသူများထံ ပေးအပ်ပြီး အထည်ချုပ်စက်ရုံများမှ သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တက္ကသိုလ်ဝင်စာမေးပွဲ အငြှမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၁၆**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ယနေ့တွင် အငြှမနေ့အဖြစ် ဆက်လက်ကျင်းပပြုလုပ်ရာ သမိုင်းဘာသာရပ် ဖြေဆိုကြသည်။ သမိုင်းဘာသာကို အတွဲ (၂) ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ၊ အတွဲ (၃) ပထဝီဝင်၊ သမိုင်း၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ (၄)သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ (၅) ဓာတုဗေဒ၊ ရူပဗေဒ၊ သမိုင်းဘာသာယူသည့် စာဖြေသူများ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် သမိုင်းဘာသာကို ဖြေဆိုရန် ၉၉၂ ဦး စာရင်းသွင်းထားပြီး ၈၉၈ ဦး ဖြေဆိုကြသည်။

ယနေ့ဖြေဆိုရသော သမိုင်းဘာသာကို အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ၁၂ ဦး၊ မန္တလေး အကျဉ်းထောင်တွင် ၁၉ ဦး၊ မြောင်းမြအကျဉ်းထောင်တွင် တစ်ဦးနှင့် မကွေးတိုင်းဒေသကြီး ထီးလင်းရဲစခန်းအချုပ်တွင် တစ်ဦးတို့ ဖြေဆိုကြသည်။

အင်းစိန်စာစစ်ဌာနနှင့် ကြည့်မြင်တိုင်စာစစ်ဌာနတို့တွင် စာရင်းတင်သွင်းထားသော အမြင်အာရုံချို့ယွင်း စာဖြေသူ စုစုပေါင်း ၁၃ ဦးရှိရာ ၁၃ ဦးစလုံး သမိုင်းဘာသာကို ဖြေဆိုကြကြောင်း သိရှိရသည်။

နယ်စာစစ်ဌာနများ ဖြစ်သော မန္တလေးတိုင်းဒေသကြီးတွင် အမြင်အာရုံ ချို့ယွင်း စာဖြေသူသုံးဦးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အမြင်အာရုံ ချို့ယွင်းသူငါးဦးစလုံး ယမန်နေ့ကအတိုင်း ယနေ့စစ်ဆေးသော သမိုင်းဘာသာကို ဖြေဆိုလျက်ရှိကြောင်း သိရှိရသည်။

အတွဲ (၄) သမိုင်း၊ ဘောဂဗေဒ၊ စိတ်ကြိုက်မြန်မာစာ ဘာသာတွဲယူသူ တစ်ဦး သမိုင်းဘာသာကို ဖြေဆိုခဲ့ပြီး ယနေ့ နောက်ဆုံးရက်စာမေးပွဲကို မြန်မာနိုင်ငံတစ်နိုင်ငံလုံး၌ အေးဆေးချောမောစွာဖြင့် ကျင်းပပြီးစီးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ် ဖြေဆို

**နေပြည်တော် မတ် ၁၆**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ကို ယနေ့ နံနက် ၉ နာရီက ဖြေဆိုကြသည်။

မြန်မာနိုင်ငံ တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနများတွင် သမိုင်းဘာသာဖြေဆိုရန် စာရင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၀၃၂၇၅ ဦးတွင် ဖြေဆိုသူ ၉၃၇၇၈ ဦး ရှိပြီး ဖြေဆိုရန်ပျက်ကွက်သူ ၉၄၉၇ ဦး ဖြစ်၍ ဖြေဆိုမှု ရာခိုင်နှုန်း ၉၀ ဒသမ ၈၀ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

၁။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများအနေဖြင့် နေ့လယ်၊ နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ။
၂။ ပူပြင်းသောနေရောင်အောက်တွင် ပင်ပန်းစွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
၃။ ပူပြင်းသည့် နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ် လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းသွားပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။
၄။ အလင်းပြန်သော အဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ။
၅။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီ အထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ်ပါ။
၆။ အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။
၇။ ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။
၈။ မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

✻ *ကျောဖုံးမှ*

မြန်မာအသင်းပါဝင်သော အာရှဖလားခြေစစ်ပွဲ အုပ်စု (က) တွင် အိန္ဒိယအသင်းက ခြေစစ်ပွဲအောင်မြင်ထားပြီး လက်ကျန်တစ်နေရာအတွက် ခုနစ်မှတ်ရထားသည့် ကာဂျစ္စတန်အသင်းနှင့် ငါးမှတ်ရထားသည့် မြန်မာအသင်းတို့ မျှော်လင့်ချက်ရှိနေသည်။ ထို့ကြောင့် မြန်မာအသင်းသည် ကာဂျစ္စတန်အသင်းနှင့်ပွဲတွင် အနိုင်ရမှသာ ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်နိုင်မည်ဖြစ်သည်။ ယင်းပွဲမှာ စက်တင်ဘာ ၅ ရက်တွင် ယှဉ်ပြိုင်ရမည့်ပွဲဖြစ်သော်လည်း ကာဂျစ္စတန်နိုင်ငံက လုံခြုံရေးအကြောင်းပြချက်ဖြင့် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး အာရှဘောလုံးအဖွဲ့ချုပ်က တောင်ကိုရီးယားနိုင်ငံတွင် ကစားရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ်အဖြစ် ဂတ်ဖရိုင်းဒရစ်၊ လက်ထောက်နည်းပြအဖြစ် ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ သီဟစည်သူ (ရှမ်းယူနိုက်တက်)၊ **နောက်တန်း**-ဒေးဗစ်ဒန်း၊ ဇော်မင်းထွန်း (ရန်ကုန်)၊ ကျော်ဇင်လွင်၊ ကျော်စွာလင်း (မကွေး)၊ ထိုက်ထိုက်အောင်၊ ဝင်းမင်းထွဋ် (ရှမ်းယူနိုက်တက်)၊ သိန်းသန်းဝင်း (ရတနာပုံ)၊ **အလယ်တန်း**-လှိုင်းဘိုဘို၊ စည်သူအောင် (ရတနာပုံ)၊ တင်ဝင်းအောင်၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ ကျော်ဇင်ဦး၊ ရန်အောင်ကျော်၊ ကြည်လင်း၊ မောင်မောင်လွင် (ရန်ကုန်)၊ လွင်မိုးအောင် (အား/ကာသိပ္ပံ)၊ **ရှေ့တန်း**-ကျော်ကိုကို (ချင်းရိုင်ယူနိုက်တက်)၊ အောင်သူ (Police Tero)၊ ဇင်မင်းထွန်း (ရှမ်းယူနိုက်တက်)နှင့် အီစိုး (ရန်ကုန်)တို့ ပါဝင်ကြသည်။

ကာဂျစ္စတန်အသင်းနှင့် မြန်မာအသင်းတို့၏ ပြန်ကန်ပွဲကို မတ် ၂၂ ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

◆ *ကျောဖုံးမှ*

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ် မဲခွဲအပြီးတွင် ယူရိုပါလိဂ် ကွာတားဖိုင်နယ်ပွဲစဉ်များကို ဆက်လက်မဲနှိုက်ရွေးချယ်ခဲ့သည်။ ဂျာမန်ကလပ် လိုက်ပ်ဇစ်နှင့် ပြင်သစ်ကလပ် မာဆေး၊ အင်္ဂလန်ကလပ် အာဆင်နယ်နှင့် ရုရှားကလပ် CSKA မော်စကို၊ စပိန်ကလပ် အက်သလက်တီကိုနှင့် ပေါ်တူဂီကလပ် စပို့တင်း၊ အီတလီကလပ် လာဇီယိုနှင့် ဩစတြီးယားကလပ် ဆာ့လ်ဘတ်တို့ တွေ့ဆုံခဲ့သည်။ ယူရိုပါလိဂ်ကွာတားဖိုင်နယ် ပထမအကျော့နှင့် ဒုတိယအကျော့ပွဲစဉ်များကို ဧပြီ ၅ ရက်နှင့် ၁၂ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယူရိုပါလိဂ် ဖိုင်လုပွဲကြီးကို ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**သီဟ**

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် မတ်လ ၂ ရက်နေ့မှ မတ်လ ၈ ရက်နေ့အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

*ယမန်နေ့မှအဆက်*

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၃၀ | အေးမြသာခေါင် သာမညတောင် | တောမှီရဟန်း | ၂၂၀၀ | စိတ်ကူးချိုချို |
| ၃၁ | ဇာတ်တော်ကြီး (၁၀)တွဲ ပုံဝတ္ထုများ | ဝင်းဇော်(သုံးဆယ်) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၃၂ | ကြာတောမိုးနှင့်ဇာတ်ကြီးဆယ်တွဲ | ပျဉ်းမနားမောင်နီသင်း | ၁၆၀၀ | ဆုစာပေ |
| ၃၃ | Korean Beauty Secrets | Rosy Angel | ၄၅၀၀ | Treasure |
| ၃၄ | ရန်အောင်စာပေ(၂) စိတ်ကြိုက်မြန်မာဝတ္ထုတိုများ | ရန်အောင်နှင့် အခြားကလောင်ရှင်များ | ၂၅၀၀ | ရန်အောင်(၂) |
| ၃၅ | အပျိုကြီးများ အချစ်ရေး ကိုရီးယားလိုတွေးရအောင် | မြမြဆွေ (စိတ်ပညာ) | ၁၅၀၀ | လင်းလွန်းခင် |
| ၃၆ | စစ်သူကြီးကို သတ်ပစ်ခြင်း(ဒုတိယပိုင်း) | ရဲမြလွင် | ၇၅၀၀ | ကွမ်းခြံလမ်း |
| ၃၇ | Poems on Myanmar Contemporary Scence | LOKE THAR | ၁၀၀၀ | ကျော်ဝင်းစာပေ |
| ၃၈ | ကိုယ့်အလှည့်နှင့်ရသစာစုဝတ္ထုတိုများ | ကိုတိုး (မြစ်ခြေ) | ၂၅၀၀ | ရွှေရည်ဦးစာပေ |
| ၃၉ | ထူးခြားထင်ပေါ် ပထမကျော်များ | ဦးစန္ဒိမာ (စလင်း) | ၃၅၀၀ | လင်းလွန်းခင် |
| ၄၀ | အလုပ်၊ ကံနှင့် စိတ်တန်ခိုး | ဦးပဂိုဒ် | ၁၈၀၀ | စိတ်ကူးချိုချို |
| ၄၁ | တရုတ် ရှေးဟောင်းဒဏ္ဍာရီပုံပြင်များ | ဘဘသက် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၄၂ | ရည်မှန်းချက်မှသည် အောင်မြင်မှုပန်းတိုင်ဆီသို့ | ဒေါက်တာအောင်ထွန်းသက် | ၁၀၀၀ | မဇ္ဈိမ |
| ၄၃ | မာတင်လူသာကင်း (အငယ်)နှင့် ကျွန်မဘဝ | တင်မောင်မြင့် | ၃၀၀၀ | ဓူဝံ |
| ၄၄ | သိုးကျောင်းသားရဲ့အနတ္တလွင်ပြင် | မိုးသက်ဟန် | ၂၅၀၀ | လူငယ်တစ်ယောက် |
| ၄၅ | သဘာဝကပေးတဲ့လက်ဆောင် | ဟမ်စိုင်း(ဆေး-မန်း) | ၂၀၀၀ | နှင်းဆီနီ |
| ၄၆ | ပြည်သူထဲက လူ့အခွင့်အရေးတမန် မာတင်လူသာကင်း ဂျူနီယာ | ရဲနောင်ထွဋ် | ၂၀၀၀ | ပန်းဆက်လမ်း |
| ၄၇ | တောင်တစ်လုံးရဲ့ဒဏ္ဍာရီ | ထက်အောင်(ဖန်းမော်) | ၂၅၀၀ | နှင်းဆီနီ |
| ၄၈ | ပြောင်းလဲနေသော ရာသီဥတု | မောင်တင်ဦး(ရုက္ခ) | ၁၈၀၀ | စိတ်ကူးချိုချို |
| ၄၉ | မောင်သိန်းတင် မသိန်းရှင်နှင့် ထူးထွေဆန်းကြယ် ဘဝနယ်ရုပ်ပြဇာတ်လမ်းများ-၁ | ရွှေဥဒေါင်း | ၃၀၀၀ | စိတ်ကူးချိုချို |




# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၆**

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံတပ်ရင်းမှူးအဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်မှ ၁၂ နာရီ ၅၅ မိနစ်အထိ မြန်မာနိုင်ငံဘက်ခြမ်း မြန်မာ- ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရေး (တောင်ပြို-ဝဲ ဝင်/ထွက်) တံတားနယ်စပ်မှတ်တိုင် ၃၁/ ၁ အနီးရှိ ရှင်းလင်းဆောင်၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

**သတင်းညှိနှိုင်းဖလှယ်နိုင်ရေး ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် ARSA အစွန်းရောက်အကြမ်းဖက်အဖွဲ့လှုပ်ရှားမှုနှင့် ပတ်သက်သောကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်မှတ်တိုင် (၅၅/၅၆) အကြား ဘင်္ဂလားဒေ့ရှ် ဘက်ခြမ်း၌ မြန်မာနိုင်ငံဘက်မှ မြိုတိုင်းရင်းသားတစ်ဦး မိုင်းထိဒဏ်ရာရမှုဖြစ်စဉ် အပါအဝင် နှစ်နိုင်ငံနယ်စပ်တစ်လျှောက်တွင် ဖြစ်ပေါ်ခဲ့သည့် ကိစ္စရပ်များ၊ နယ်နိမိတ်မျဉ်းအနီး နေထိုင်သူများနှင့် ပတ်သက်သောကိစ္စရပ်များ၊ မြန်မာနိုင်ငံပိုင်နက်အတွင်းသို့ လှေပျက်၍ မျောပါလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦး ပြန်လည်လွှဲပြောင်းပေးအပ်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံညှိနှိုင်း၍ လုပ်ကိုင်ဆောင်ရွက်မည့် အစီအမံများကို အချိန်နှင့်တစ်ပြေးညီ သတင်းညှိနှိုင်းဖလှယ်နိုင်ရေးတို့အား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ သွားလာမှုအဆင်ပြေစေရေးအတွက် သုံးဘီးဆိုင်ကယ် အစီးရေ ၄၃၀ ခန့်ထိများပြားလာ

**မောင်တော မတ် ၁၆**

အကြမ်းဖက်မှုဖြစ်စဉ်များ ဖြစ်ပွားပြီးနောက်ပိုင်း မောင်တောမြို့သို့ မန္တလေးဘက်မှ ဝင်ရောက်လာသော သုံးဘီးဆိုင်ကယ်အစီးရေသည် ၂၀ ဝန်းကျင်ခန့်သာရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အစီးရေ ၄၃၀ ခန့်အထိ များပြားလာကာ ခရီးသွားလာမှုနှင့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အသုံးပြုမှုများလာခြင်းကြောင့် ပိုမိုအဆင်ပြေလာကြောင်း သိရသည်။

“သုံးဘီးမောင်းတာ ခြောက်လလောက်ရှိပါပြီ၊ အငှားမောင်းတာပါ၊ တစ်နေ့ကို အုံနာကြေး ငွေကျပ် ၁၂၀၀၀ ပေးပြီး ကိုယ့်အတွက် ငွေကျပ် ၁၀၀၀၀ ဝန်းကျင်လောက်တော့ ကျန်ပါတယ်၊ ပုံမှန်မရှိပါဘူး၊ မောင်တောမြို့တွင်း သွားရလာရတာ အဆင်ပြေတော့ ခရီးသည်တွေ အစီးများပါတယ်၊ သွားရလာရတာလည်း အဆင်ပြေတယ်လို့ ပြောကြတယ်၊ တချို့ဆို ဖုန်းနဲ့ဆက်ပြီးတော့ ခေါ်တာတွေ ရှိတယ်၊ ပုံမှန်တစ်စီးကို လေးယောက်ပဲတင်တယ်၊ လူများရင်တော့ ခြောက်ယောက်တင်တယ်၊ မောင်တောမြို့တွင်းဆိုရင် တစ်ဦးကို ငွေကျပ် ၅၀၀၊ မြို့ပြင်သုံးမိုင်၊ လေးမိုင်တို့သွားရင်ငွေကျပ် ၁၀၀၀ တောင်းပါတယ်၊ ကုန်ပစ္စည်းတွေပါရင်တော့ ပစ္စည်းဖိုးမယူပါဘူး၊ သုံးဘီးဆိုင်ကယ် မောင်းတဲ့သူအများစုဟာ အငှားမောင်းတဲ့သူတွေများပါတယ်၊ ကိုယ်ပိုင်ဆိုရင်တော့ ဆွဲရတာပိုအဆင်ပြေမယ်၊ အုံနာကြေးပေးစရာမလိုတော့ ရတဲ့ပိုက်ဆံက ကိုယ့်အတွက်ချည်းပဲပေါ့၊ အရင်က သုံးဘီးနည်းတုန်းကဆို တစ်နေ့ကို ငွေကျပ် ၇၀၀၀၀၊ ၈၀၀၀၀ ဝန်းကျင်လောက်ရတယ်၊ အခုနောက်ပိုင်း စီးရေများလာတော့ ဝင်ငွေတော့နည်းသွားတယ်၊ ဒါပေမယ့် အဆင်ပြေပါတယ်”ဟု သုံးဘီးဆိုင်ကယ်အငှားမောင်းနှင်သူ မောင်ဝိုင်းက ပြောသည်။

မောင်တောဒေသ၌ ညမထွက်ရအမိန့်ကို ညနေ ၆ နာရီမှ နံနက် ၆ နာရီအထိ သတ်မှတ်ထားမှုကြောင့် သုံးဘီးဆိုင်ကယ် မောင်းနှင်သူများသည် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ မောင်းနှင်နေကြပြီး ယခုအချိန်အခါတွင် မောင်တောဒေသ၌ ခရီးသွားလာသူများ၊ ဈေးရောင်းဈေးဝယ်များ၊ အလုပ်သမားများဖြင့် စည်ကားနေကာ သုံးဘီးဆိုင်ကယ်မောင်းနှင်သူများ အဆင်ပြေနေကြသောကြောင့် သုံးဘီးဆိုင်ကယ်အစီးရေသည် များပြားလာကြောင်း သိရသည်။

“အခုနောက်ပိုင်း မောင်တောမှာ သုံးဘီးဆိုင်ကယ် အစီးရေတွေ များပြားလာတော့ ခရီးသွားတဲ့သူတွေ စီးရတာ အဆင်ပြေလာပါတယ်၊ အရင်က ဆိုင်ကယ်၊ ဆိုက်ကားနဲ့ သွားရင် နေကလည်းပူ၊ သုံးဘီးဆိုင်ကယ်အစီးရေကနည်းတော့ စောင့်ရတာ အချိန်ကြာသလို ဈေးနှုန်းကလည်း ပိုပေးရတာတွေရှိတဲ့အတွက် ခရီးသွားသူတွေအတွက် သိပ်အဆင်မပြေဘူး၊ အခုချိန်မှာတော့ အစီးရေကလည်း များလာတယ်၊ ဈေးနှုန်းကလည်း ပုံမှန်ဖြစ်လာသလို အချိန်စောင့်ရမှုတွေလည်း သက်သာသွားပါတယ်၊ ပစ္စည်းအထုပ်အပိုးတွေများရင် သယ်ယူရတာတော့ သိပ်အဆင်မပြေဘူး၊ ဒါကြောင့် ကုန်ပစ္စည်းတွေ အလွှန်များနေရင် လိုင်းကားတွေနဲ့ပဲ သယ်ယူရပါတယ်၊ ပစ္စည်းနည်းနည်းနဲ့ လူပဲလိုက်မယ်ဆိုရင်တော့ အဆင်ပြေပါတယ်”ဟု မောင်တောမြို့နေ ဈေးသည်တစ်ဦးက ပြောသည်။



မောင်တောဒေသ၌ ရောက်ရှိနေသော သုံးဘီးဆိုင်ကယ်များသည် အိန္ဒိယနိုင်ငံထုတ် သုံးဘီးဆိုင်ကယ်များဖြစ်ပြီး မန္တလေးမြို့မှတစ်ဆင့် ရောင်းချပေးနေခြင်းဖြစ်ကာ ဈေးနှုန်းအားဖြင့် ငွေကျပ် ၄၂ သိန်းရှိပြီး ယင်းသုံးဘီးဆိုင်ကယ်များကို မောင်တောဒေသမှ ယာဉ်လိုင်စင်များ ထုတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ကျော်သူဝင်း၊ အေးမင်းသူ**

# ယခုနှစ်နွေရာသီ ရေရှားပါးမှုနှင့် ကြုံတွေ့နိုင်သော ကျေးရွာ ၁၃၆ ရွာအတွက် ရေဂါလန် ခြောက်သန်းနီးပါး ဖြန့်ဝေပေးနိုင်ရန်လျာထား

**စစ်တွေ မတ် ၁၆**

ယခုနှစ်နွေရာသီတွင် သောက်သုံးရေရှားပါးပြတ်လပ်မှုနှင့် ကြုံတွေ့နိုင်သော ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၃၆ ရွာအတွက် ရေဂါလန် ခြောက်သန်းနီးပါး ကျေးရွာအရောက် ရေဖြန့်ဝေပေးနိုင်ရန် ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လျာထားပြီးဖြစ်ကြောင်း သိရသည်။

“ဒီနှစ်နွေရာသီမှာ ရခိုင်ပြည်နယ်က မြို့နယ် ၁၇ မြို့နယ်အတွင်းမှာရှိတဲ့ ကျေးရွာ ၁၃၆ ရွာမှာ ရေရှားပါးပြတ်လပ်မှုတွေ ဖြစ်ပေါ်လာနိုင်ပါတယ်၊ အဲဒီအတွက် ရေဂါလန် ခြောက်သန်းနီးပါး ဖြန့်ဝေပေးနိုင်ဖို့ လျာထားပါတယ်”ဟု ရခိုင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်က ပြောသည်။

မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျေးရွာများသို့ သွားရောက်ပြီး ရေရှားပါးပြတ်လပ်မှုနှင့် တွေ့ကြုံပါက ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်များ ပေးထားပြီးဖြစ်ကြောင်းနှင့် ယခုအချိန်ထိ ဆက်သွယ်မှုမရှိသေးကြောင်း သိရသည်။

“အခုအချိန်အထိတော့ ကျေးရွာတွေက ဆက်သွယ်လာတာ မရှိသေးပါဘူး၊ မနှစ်ကလည်း ရေရှားပါးတာကြုံတွေ့ဖူးတဲ့အတွက် ရွာတွေကလည်း သိပါတယ်၊ တကယ်ပြတ်လပ်နေပြီ၊ အခက်အခဲဖြစ်နေပြီဆိုရင်တော့ သူတို့ဆက်သွယ်လာပါတယ်၊ ဆက်သွယ်လာတာနဲ့ ရေတွေကို ကျေးရွာအရောက် ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်”ဟု ဦးနေထက်ရှိန်က ပြောသည်။



မြေပုံမြို့နယ် ကြာအင်းတောင်ကျေးရွာ အထကကျောင်းဝင်းအတွင်း လက်တူးတွင်းနှင့် အုတ်ရေကန်များ တည်ဆောက်ထားမှုကို တွေ့ရစဉ်။

ထို့ပြင် ၎င်းက “ မြို့နယ်တိုင်းမှာ ရေသန့်စင်တဲ့ စက်တွေရှိပါတယ်၊ နွေရာသီရေရှားပါးလာတဲ့အခါမှာ ကန်ရေတွေနောက်လာပြီ၊ သုံးလို့မရတော့ဘူးဆိုရင် အဲဒီစက်တွေသုံးပြီးတော့ သောက်သုံးရေဖြစ်အောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်၊ အဲဒီအပြင် ရေသန့်စင်ပေးနိုင်တဲ့ ကားလည်းရှိပါတယ်၊ သန့်ရှင်းတဲ့ သောက်သုံးရေရရှိဖို့အတွက် အဲဒီကားနဲ့ လိုအပ်တဲ့နေရာတွေမှာ သွားလုပ်ပေးဖို့ အဆင်သင့်ပြင်ထားပါတယ်။

“ ရေကို ပိုမိုသိုလှောင်နိုင်အောင် လုပ်နေပါတယ်၊ ကျေးလက်ရေရရှိရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ သီးသန့်လုပ်တာ၊ UNICEF နဲ့ ပေါင်းပြီးလုပ်တာတွေ ရှိပါတယ်၊ JICA အကူအညီနဲ့လည်း ဆောင်ရွက်ဖို့စီစဉ်နေတာရှိပါတယ်၊ မြို့ရေပေးရေးမှာလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပူးပေါင်းဆောင်ရွက်ပေးနေတာတွေ ရှိပါတယ်”ဟု ပြောသည်။



ကျေးရွာများတွင် အိမ်တိုင်ရာရောက် ရေရရှိရေး ဆောင်ရွက်ထားမှုကို တွေ့ရစဉ်။

ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက UNICEF နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး အိမ်တိုင်ရာရောက်ရေသွယ်စနစ်ကို အကောင်အထည်ဖော်နေကြောင်း သိရသည်။

“ UNICEF နဲ့ ပေါင်းလုပ်တဲ့အခါမှာ အိမ်တိုင်ရာရောက် ရေသွယ်စနစ်ကို လုပ်နေပါတယ်၊ UNICEF က ရေကန်တွေကို ခြံစည်းရိုးကာပေးတာ၊ ရေသန့်စင်တဲ့ စနစ်တွေနဲ့ ပိုက်လိုင်းတွေ၊ Solar Pump တွေ ထောက်ပံ့ပါတယ်၊ ရွာကပါရတာက အမြင့်တင် ရေစင်ဆောက်ပေးရပါတယ်၊ စုစုပေါင်း ၆၇ ရွာ UNICEF နဲ့ ပေါင်းလုပ်နေပါတယ်၊ အိမ်တိုင်ရာရောက် ပို့ပေးနိုင်တာကတော့ ၄၃ ရွာရှိပါတယ်” ဟု ဦးနေထက်ရှိန်က ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျေးရွာ ၁၂၈ ရွာတွင် ကျေးလက်ရေရရှိရေးလုပ်ငန်းသစ် ၁၂၆ ခုကို ငွေကျပ် သန်း ၁၀၀၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့ပြီး ကျေးရွာများအတွက် လက်တူးတွင်း ၅၂ တွင်း၊ ရေကန် ၇၁ ကန်၊ စိမ့်စမ်းရေသွယ်တစ်ခုနှင့် အခြားရေရရှိရေးလုပ်ငန်း နှစ်ခု ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (မွမ်းမံ)ရန်ပုံငွေကျပ် ၂၀၅ သန်းကျော်ဖြင့် လက်တူးတွင်း တူးခြင်း၊ ရေကန်များအဆင့်မြှင့်တင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း စသည့်လုပ်ငန်း ၅၂ ခု ဆောင်ရွက်ပေးခဲ့ကြောင်း၊ ၂၀၁၇-၂၀၁၈ နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သန်း ၂၄၀ ကျော်ဖြင့် ရေရှိရေးလုပ်ငန်းပေါင်း ၄၄ ခု ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်း-ကျော်သူထက်**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

# ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့သို့ ရောက်ရှိ



**စစ်တွေ မတ် ၁၆**

ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေမှုများကို မီဒီယာများမှတစ်ဆင့် ပြည်တွင်းပြည်ပမှ ကျယ်ပြန့်စွာ သိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဦးဆောင်သော သတင်းမီဒီယာအဖွဲ့သည် ယနေ့ညနေပိုင်းတွင် မြန်မာ အမျိုးသားလေကြောင်းဖြင့် ရန်ကုန်မြို့မှ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

အဆိုပါ သတင်းမီဒီယာအဖွဲ့သည် မောင်တောဒေသရှိ ပြန်လည်စိစစ်လက်ခံရေးစခန်းများနှင့် နေအိမ်များ ပြန်လည်တည်ဆောက်ပေးနေမှုများကို မြေပြင်ကွင်းဆင်း သတင်းရယူကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းမီဒီယာအဖွဲ့တွင် Nikkie, Kyodo, Asahi Shimbum, NHK, Nippon TV, TV Asahi, Zee TV, AFP , CNA, DER SPIEGEL (Germany), Russian TV , MRTV, MITV နှင့် MNA တို့မှ သတင်းထောက် ၁၆ ဦး ပါရှိကြောင်း သိရှိရသည်။

**သူရဇော်**

# မောင်တောဒေသ၌ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်အားလုံးဖြေဆိုပြီးစီး

**မောင်တော မတ် ၁၆**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၇ ရက်မှစတင်ကာ မြန်မာနိုင်ငံတစ်ဝန်းရှိ စာစစ်ဌာန အသီးသီး၌ ဖြေဆိုလျက်ရှိရာ မောင်တောမြို့တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲကို မောင်တော အထက(၁) အရှေ့ခြမ်း၊ မောင်တော အထက (၁) အနောက်ခြမ်းနှင့် မောင်တောအထက (၂) ကျောင်းတို့၌



စာစစ်ဌာနသုံးခု ဖွင့်လှစ်ကာဖြေဆိုခဲ့ပြီး ယနေ့တွင်လည်း သမိုင်းဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုပြီးစီးခဲ့ကြောင်း သိရသည်။

မောင်တောမြို့ စာစစ်ဌာနသုံးခု၌ မြန်မာစာဘာသာရပ် ဖြေဆိုသည့်နေ့တွင် လာရောက် ဖြေဆိုခွင့်ရှိသူ ၆၉၀ ရှိပြီး ပျက်ကွက်သူ ၁၈၉ ဦး၊ အင်္ဂလိပ်စာ ဘာသာရပ်နေ့တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၆၆၆ ဦးရှိပြီး ပျက်ကွက်သူ ၂၁၃ ဦး၊ သင်္ချာဘာသာရပ်နေ့တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၆၄၈ ဦးရှိပြီး ပျက်ကွက်သူ ၂၃၁ ဦး၊ ဓာတုဗေဒဘာသာရပ်နေ့တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၆၀၀ ရှိပြီး ပျက်ကွက်သူ ၂၂၅ ဦး၊ ရူပဗေဒ ဘာသာရပ်နေ့တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၅၉၇ ဦးရှိပြီး ပျက်ကွက်သူ ၂၂၇ ဦး၊ ဇီဝဗေဒဘာသာရပ်နှင့် ဘောဂဗေဒ ဘာသာရပ်တို့တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၆၃၃ ဦးနှင့် ပျက်ကွက်သူ ၂၄၆ ဦး၊ ပထဝီဘာသာရပ်တွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၄၀ ရှိပြီး ပျက်ကွက်သူ ၁၅ ဦးနှင့် ယနေ့တွင် နောက်ဆုံးနေ့ ဘာသာရပ်ဖြင့် သမိုင်းဘာသာရပ်ကို ဖြေဆိုခဲ့ရာတွင် လာရောက်ဖြေဆိုခွင့်ရှိသူ ၄၀ ရှိပြီး ပျက်ကွက်သူ ၁၅ ဦးရှိကြောင်း မောင်တောမြို့နယ် ပညာရေးမှူးထံမှ သိရသည်။

"ကျွန်တော်တို့ မောင်တောမြို့ စာစစ်ဌာနတွေမှာတော့ ကျောင်းသားကျောင်းသူတွေဟာ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုခဲ့ပါတယ်၊ လုံခြုံရေးအခြေအနေကတော့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများနဲ့ ကျောင်းသားမိဘတွေက အပြင်စည်းကနေပြီးတော့ တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်၊ ကျောင်းဝင်းထဲရှိ အတွင်းစည်းကိုတော့ ပညာရေးဌာနက တာဝန်ရှိသူတွေက တာဝန်ယူဆောင်ရွက်ပါတယ်၊ ကျန်းမာရေးစောင့်ရှောက်မှု အနေနဲ့ကတော့ စာစစ်ဌာနအနောက်ခြမ်းနဲ့ အရှေ့ခြမ်းမှာ သူနာပြုဆရာမတွေနဲ့ လက်ထောက်ဆရာဝန်တွေက အချိန်ပြည့် စောင့်ကြပ်ကြည့်ရှုပေးထားပါတယ်၊ အထက(၂)မှာလည်း သူနာပြုဆရာမတွေနဲ့ လက်ထောက်ဆရာဝန်ကို ထားပေးထားပါတယ်၊ တခြားထူးခြားမှုတော့ မရှိပါဘူး၊ အေးအေးချမ်းချမ်း ဖြေဆိုကြပါတယ်" ဟု မောင်တောမြို့နယ်ပညာရေးမှူး ဦးခင်အောင်က ပြောသည်။

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မောင်တောစာစစ်ဌာန သုံးခု၌ မတ် ၁၄ ရက်က ဇီဝဗေဒနှင့် ဘောဂဗေဒ ဘာသာရပ်တို့ အေးချမ်းစွာ ဖြေဆိုပြီးစီးခဲ့ပြီး မတ် ၁၆ ရက်တွင်လည်း မောင်တော အထက(၁) အနောက်ခြမ်း၌ သမိုင်းဘာသာရပ်ကို အေးချမ်းစွာ ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**သတင်း၊ဓာတ်ပုံ - ကျော်သူဝင်း၊ အေးမင်းသူ**

# လျှောင်ဘေးအန္တရာယ်အပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် မတ် ၁၆

**မြန်မာနိုင်ငံတွင် လတ်တလောဖြစ်ပေါ်နေသော လျှောင်လှုပ်ခတ်မှုများကြောင့် ပြည်သူလူထုများ စိုးရိမ်ကြောင့်ကြမှုမရှိစေရန်၊ လျှောင်ဘေးအန္တရာယ်ကျရောက်လာပါကလည်း ကျန်းမာရေးဌာနများ၏ လုပ်ငန်းဆောင်တာများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်၊ ကျန်းမာရေးဌာနများတွင် လျှောင်ဘေးအန္တရာယ်လျော့ကျစေရန်နှင့် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဖြစ်သည့် ကြိုတင်ပြင်ဆင်မှုများ၊ တုံ့ပြန်ဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများတွင် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေရန် အတွက်လျှောင်ဘေးအန္တရာယ်အပေါ် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတစ်ရပ်ကို မတ် ၁၅ ရက်တွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။**



အဆိုပါ အစည်းအဝေးကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဒုတိယ ဥက္ကဋ္ဌ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက မြန်မာနိုင်ငံသည် လျှောင်ဘေးအန္တရာယ်အပါအဝင် ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်းနှင့် ထိုသို့ ဘေးအန္တရာယ်များ ကျရောက်ပါက ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်သွားနိုင်ပါရန်အတွက် ယနေ့ အစည်းအဝေးကို ကျင်းပရခြင်းဖြစ်ပါကြောင်း အဖွင့်မိန့်ခွန်းအဖြစ် ပြောကြားခဲ့ပြီးနောက် ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေးနှင့် ကူးစက်) ဒေါက်တာ သန်းထွန်းအောင်က လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံချက်အား လည်းကောင်း၊ အရေးပေါ်ကုသမှုဆေးပညာဌာန၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ ပါမောက္ခ ဒေါက်တာ မော်မော်ဦးက ပြည်သူ့ဆေးရုံ အရေးပေါ်အခြေအနေစီမံချက်အား လည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

ဆက်လက်၍ မီးသတ်ဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) တို့မှ တာဝန်ရှိသူများက လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို တင်ပြဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ စစ်ကိုင်းလျှောင်ပြတ်ရွေ့ပေါ်တွင် တည်ရှိသည့် လူဦးရေထူထပ်သော နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ပဲခူးမြို့ကြီးများတွင် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ရန်၊ ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးအဖွဲ့များနှင့် လျင်မြန်တုံ့ပြန် ပြည်သူ့ကျန်းမာရေးအဖွဲ့များဖွဲ့စည်း၍ အသင့်အနေအထား ပြင်ဆင်ထားရှိရန်၊ နီးနွယ်ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများ၏ အရင်းအမြစ်များကို မျှဝေသုံးစွဲရန်၊ အရေးပေါ်လူနာများ လွှဲပြောင်းပို့ဆောင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် နီးနွယ်ဌာနများနှင့် အဖွဲ့အစည်းများပူးပေါင်း၍ လူနာတင်ယာဉ် ကွန်ရက်တစ်ခု တည်ထောင်သွားရန်၊ လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအဖွဲ့တစ်ခုအား ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပါဝင်ဖွဲ့စည်းရန်နှင့် နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးတွင် လိုအပ်ချက်များအား ဖြည့်ဆည်း၍ ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်သွားရန် စသည်တို့ကို ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြသည်။

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၏ ဒုတိယဥက္ကဋ္ဌ ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက လျှောင်ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများကို နီးနွယ်ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန်၊ ကျန်းမာရေးဌာန အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို ဆန်းစစ်သည့် လုပ်ငန်းများကိုလည်း ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန်၊ လျှောင်ကဲ့သို့ အရေးပေါ်အခြေအနေများတွင် ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သော ပြည်သူလူထုမှ ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်သော အရေးပေါ် တယ်လီဖုန်းနံပါတ်တစ်ခုထားရှိရန်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်သွားကြရန်၊ လူစည်ကားရာနေရာများဖြစ်သည့် ဈေးနှင့် ကားဂိတ်များတွင် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားစေရေးလုပ်ငန်းများဆောင်ရွက်ရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ဌာနအသီးသီးမှ ဝန်ထမ်းများတွင် လျှောင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာများ တိုးပွားစေရေးလုပ်ငန်းများတို့ကို လည်း ဦးစားပေး ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ ပြန်ခေါ်သက်သေအားလုံး စစ်ဆေးပြီးဖြစ်

**ရန်ကုန် မတ် ၁၆**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့် ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ် အာမခံရရှိသူ အောင်ဝင်းထွန်းတို့ ယနေ့ နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင် တရားရုံးသို့ ရုံးထုတ်ကြောင်းနှင့် ကျန်ရှိနေသော ပြန်ခေါ်သက်သေ ငါးဦးကို စစ်ဆေးခဲ့ကြောင်း သိရသည်။

**စစ်ဆေးမှုပြီးဆုံး**

အဆိုပါ မြောက်ပိုင်းခရိုင်တရားရုံး သတင်းနှင့်ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင် တရားသူကြီး ဦးရဲလွင်က "ဒီကနေ့ ကျွန်တော်တို့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၅/၂၀၁၇ တရားလို ရဲအုပ် မိုးနိုင်၊ တရားခံကြည်လင်း(ခ) ဖိုးထူး ပါ-၄ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၄/၂၀၂ အရ စွဲဆိုမှုကနေ ပြန်ခေါ်သက်သေ ၁၇ ဦးအနက် စစ်ဆေးရန် ကျန်ရှိပြန်ခေါ်သက်သေ လေးဦးစစ်ဆေးပါတယ်၊ အဲဒီလေးဦးက နေပြည်တော် ရွှေကြာပင်ရပ်ကွက်မှာရှိတဲ့ ဇေယျာဖြိုးကုမ္ပဏီ ခြံစောင့်ဝန်ထမ်း ဦးသန်းဝင်းနဲ့ ဇေယျာဖြိုးကုမ္ပဏီ တာဝန်ခံ ဦးကျော်ဝင်းသန်းရယ်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်း နယ်ထိန်းရဲအရာရှိ ရဲအုပ်ဇော်ဇော်ထွန်းနဲ့ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြို့မရဲတပ်ဖွဲ့စခန်း နယ်ထိန်းရဲအရာရှိ ဒုတိယရဲအုပ် ကျော်ကျော်ထွင်တို့ကို စစ်ဆေးပါတယ်၊ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၄၆/၂၀၁၇ တရားလို ရဲမှူးမြတ်ထွန်းကျော်၊ တရားခံ ကြည်လင်း(ခ)ဖိုးထူး ပါ-၂ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အရ စွဲဆိုမှုကနေ ပြန်ခေါ်သက်သေ သုံးဦးအနက် စစ်ဆေးဖို့ ကျန်ရှိနေတဲ့ ဒုတိယရဲမှူး တင်ဝင်းမောင်ကို စစ်ဆေးပါတယ်၊ အမှုမှာ အမှုအမှတ် ၄၅/၂၀၁၇ နဲ့ အမှုအမှတ် ၄၆/၂၀၁၇ ပြန်ခေါ်တဲ့ သက်သေအားလုံး ဒီကနေ့မှာ စစ်ဆေးမှုပြီးဆုံးသွားပါပြီ "ဟု ပြောသည်။

**ထပ်မံရှင်းလင်း**

မီဒီယာများက အမှုနှင့်ပတ်သက်သည်များ မေးမြန်းခဲ့ကြရာ နောက်အပတ်ရုံးချိန်းကို မတ် ၂၂ ရက် ကြာသပတေးနေ့ပင် ချိန်းဆိုထားကြောင်း၊ ဆောင်ရွက်ရမည့်ကိစ္စရှိပါကြောင်း၊ တရားခံများအပေါ် စွဲချက်တင်ထားသည့်ကိစ္စက ၎င်းတို့ ခုခံချေပမည့် ချေပချက် အကျဉ်းချုပ်ကို အထူးတရားခံရုံး တရားသူကြီးများက မေးမြန်းပြီး စွဲချက်ပုံစံမှာ မှတ်တမ်းတင်မှာဖြစ်ကြောင်း၊ တရားခံဘက်က တင်ပြလာမည့် သက်သေစာရင်းကိုလည်း လက်ခံတင်ပြပေးရန်ရှိကြောင်း ထပ်မံရှင်းလင်းပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## နှစ်နိုင်ငံနယ်စပ် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ မြို့တိုင်းရင်းသားတစ်ဦးမိုင်းနင်းမိ၍ ဒဏ်ရာရရှိ

**နေပြည်တော် မတ် ၁၆**

မောင်တောမြို့နယ် လောင်းဒုံကျေးရွာနေ မြို့တိုင်းရင်းသား ပန်းချင်း (၃၃ နှစ်) သည် မတ် ၁၄ ရက် မွန်းတည့်ချိန်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အလီခေါ်တောင်မြို့နယ် အန်ဂလေ့ကျေးရွာရှိ အဒေါ်ဖြစ်သူထံ သွားရောက်စဉ် မြန်မာ- ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံနယ်စပ်မှတ်တိုင် ၅၅ နှင့် ၅၆ အကြား ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်း၌ မိုင်းနင်းမိပေါက်ကွဲခဲ့သဖြင့် ညာခြေချင်းဝတ်ပြတ် ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိသည့် ပန်းချင်းသည် မောင်တောဒေသအတွင်း တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ညနေ ၄ နာရီ မိနစ် ၂၀ တွင် သတင်းပို့ခဲ့၍ တပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး ည ၈ နာရီခွဲတွင် ဘူးသီးတောင်ရှိ တပ်မတော်ဆေးရုံသို့ ရောက်ရှိ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အင်ဂျင်ဝိုင်အတုထုတ်လုပ်သောနေရာအား ချိပ်ပိတ်၍ ပိုင်ရှင်ကိုအရေးယူ

**ရန်ကုန် မတ် ၁၆**

ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်၌ အင်ဂျင်ဝိုင်အတု ထုတ်လုပ်သောစက်ရုံအား တာဝန်ရှိသူများစစ်ဆေးခဲ့ရာ အင်ဂျင်ဝိုင်ကျိုချက်ရာတွင် အသုံးပြုသောပစ္စည်းများ၊ အင်ဂျင်ဝိုင်နှင့် ပီပါအလွတ်များကိုတွေ့ရှိ၍ မတ် ၁၅ ရက်က သောင်ကြီးနယ်မြေရဲစခန်းမှ အဆိုပါစက်ရုံအား ယာယီချိပ်ပိတ်ကာ လုပ်ငန်းပိုင်ရှင်အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ကားဝပ်ရှော့နှင့် ဆိုင်ကယ်ပြင်ဆိုင်များမှ အသုံးပြုပြီးဖြစ်သော အင်ဂျင်ဝိုင်အဟောင်းများအား ဝယ်ယူကာ ပြန်လည်ကျိုချက်ပြီး ပါကင်ထုပ်ပိုးရောင်းချခြင်းဖြစ်ပြီး ပြန်ကျိုသည့် အနံ့ကို မခံနိုင်သည့် အနီးပတ်ဝန်းကျင်နေသူများက လာရောက်တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း စက်မှုဇုန် -၅ ဥက္ကဋ္ဌ ဦးမြမောင်က ပြောသည်။

အင်ဂျင်ဝိုင်အတုထုတ်လုပ်ရောင်းချသော စက်မှုဇုန် - ၅ ရတနာလမ်းရှိ စက်ရုံအား ယာယီချိပ်ပိတ်ထားပြီး လုပ်ငန်းပိုင်ရှင်ဖြစ်သော ကိုစောထွန်း(၂၉ နှစ်)အား သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **၁၆၄**

## အရှိန်မထိန်းနိုင်သည့်ယာဉ်က တစ်ဖက်ယာဉ်ကြောမှ ယာဉ်အားတိုက်မိသဖြင့် သုံးဦးသေဆုံး၊ ၁၂ ဦး ဒဏ်ရာရ

**နေပြည်တော် မတ် ၁၆**

သံဖြူဇရပ်မြို့နယ် ဝယ်ဝက်ရာကျေးရွာအနီး ရေး-သံဖြူဇရပ်ကားလမ်း မိုင်တိုင်အမှတ် ၄၅/၅-၆ ကြား၌ မတ် ၁၅ ရက် နံနက် ၇ နာရီခွဲက ယာဉ်တိုက်မှုဖြစ်၍ သုံးဦးသေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၅ ရက် နံနက်ပိုင်းက လမိုင်းမြို့မှ ကျိုက်မရောမြို့ရှိ ရှင်ပြုအလှူသို့ ထွက်ခွာလာသော လမိုင်းမြို့-၂ ရပ်ကွက်နေ ဦးဟဒိ(၅၀ နှစ်) မောင်းနှင်လာသည့် 1N/---- Nissan Pickup ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိ၍ သံဖြူဇရပ်မြို့ အောင်ဇေယျရပ်ကွက်နေ ဦးသိန်းဝင်း(ခ)အဘိုင်(၅၄နှစ်) မောင်းနှင်လာသည့် 9X/---- ထော်လာဂျီယာဉ်အား ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် Nissan Pickup ယာဉ်မှ ယာဉ်မောင်း ဦးဟဒိ ပါ သုံးဦးတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး လမိုင်းမြို့ ၃ ရပ်ကွက်နေ ဦးမောင်ရှိ(၄၆ နှစ်)ပါ ကိုးဦးနှင့် ထော်လာဂျီ ယာဉ်မောင်း ဦးသိန်းဝင်း (ခ)အဘိုင်ပါ သုံးဦးတို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဦးဟဒိအား သံဖြူဇရပ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။



**ကိုရဲ**

## မြစ်ဖြတ်ကူးစဉ် လေပြင်းတိုက်ခတ်၍ လှိုင်းကြီးပြီး လှေတိမ်းမှောက်မှုကြောင့် လေးဦး သေဆုံး

**နေပြည်တော် မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ရေတွင်းဆိပ် ကျေးရွာနေ ဦးငွေဝင်း(၄၄ နှစ်) ဇနီးဖြစ်သူ မအနှောင်း(၃၆ နှစ်)၊ သားသမီးများဖြစ်သည့် ဖိုးသကြံန်(၁၄နှစ်)၊ မပြည့်ဖြိုးခိုင်(ခြောက်နှစ်)၊ မခက်ခက်ခိုင် (သုံးနှစ်)နှင့် မချစ်ချစ်ထွေး (ခြောက်လ)တို့ ခြောက်ဦးသည် ဝေါက်ချွန်းလှေဖြင့် အိမ်ထောင် ပရိဘောဂပစ္စည်းများအား တင်ဆောင်၍ ရေတွင်းဆိပ်ကျေးရွာ တစ်ဖက်ကမ်း၌ မတ် ၁၅ ရက် နံနက် ၀၀း၃၀ နာရီက အလုပ်သွားရောက်လုပ်ရန် သောင်ဒူမြစ်ကို ဖြတ်ကူးစဉ် လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်းကြီးလာပြီး လှေနစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

အဆိုပါအခင်းဖြစ်ရပ်အနီးရှိ ငါးဖမ်းစက်လှေများမှ ဝိုင်းဝန်းဆယ်ယူခဲ့သဖြင့် ဦးငွေဝင်းနှင့် ဖိုးသကြံန်တို့နှစ်ဦးအား အသက်ရှင်လျက် ဆယ်ယူနိုင်ခဲ့ကာ ယင်းနေ့ နံနက် ၄ နာရီခွဲခန့်တွင် မပြည့်ဖြိုးခိုင် ပါသုံးဦး၏ အလောင်းများကို လည်းကောင်း၊ နံနက် ၈ နာရီခွဲတွင် မအနှောင်း၏ အလောင်းကို လည်းကောင်း ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ပြင်စလူနယ်မြေရဲစခန်းက သေမှုသေခင်းဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

## မန်းရွှေစက်တော်ရာဘုရားဖူးယာဉ်တိမ်းမှောက်မှုဖြစ်၍ လူ ၂၀ ဒဏ်ရာရ



**မင်းဘူး မတ် ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ဘုရားအဝင် လှေတင်တံတားအနီးတွင် ယနေ့နံနက် ၇ နာရီမိနစ် ၂၀ ခန့်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း မင်းဘူးမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ မင်းဘူး(စကု) မြို့နယ် သီးကုန်းကျေးရွာနေ ယာဉ်မောင်း ဦးအေးနိုင်(၄၆ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် MDY-T/---- Canter ယာဉ်သည် လှေတင်တံတားရှေ့သို့ ရောက်ရှိစဉ် ဘရိတ်ပေါက်၍ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် မင်းဘူး(စကု)မြို့နယ် သီးကုန်းကျေးရွာနေ ကိုဇင် (၃၀ နှစ်)ပါ အမျိုးသားရှစ်ဦးနှင့် အမျိုးသမီး ၁၂ ဦးတို့ ထိခိုက်ဒဏ်ရာများ (မစိုးရိမ်ရ) ရရှိခဲ့ရာ မင်းဘူးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**မျိုးမြတ်(မင်းဘူး)**

## ဗန်းမော်မြို့နယ်၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၆**

မူးယစ်တပ်ဖွဲ့စု-၁ ဗန်းမော်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၅ ရက် မွန်းတည့် ၁၂ နာရီက ဗန်းမော်မြို့နယ် ကျောက်စခန်းပူးပေါင်းစစ်ဆေးရေးစခန်းတွင် လဆမ် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ ဘိန်းဖြူဆပ်ပြာခွက် ၄၄ ခွက်(ဘိန်းဖြူ အလေးချိန် ၃၉၆ ဂရမ်) ၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၂၀၀၀ ၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ် နှစ်သိန်းတို့ကိုသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မောင်တောမြို့နယ် ဇင်ပိုင်ညာလမ်းဆုံအနီးတွင် အမျိုးသားတစ်ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် ပိတ်ဆို့ရှာဖွေရာ ဆိုင်ကယ်အား လှဲချထွက်ပြေးသွားပြီး ဆာလာအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး စုံစမ်းချက်အရ မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု အောင်ဗလကျေးရွာနေ မြင့်လှိုင်(ခ) ခေါင်းကြီးဖြစ်ကြောင်းသိရှိရ၍ ရှာဖွေရာ နေအိမ်တွင်မတွေ့ရှိဘဲ တိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ကြောင်း သိရသည်။

ထို့အတူ မူးယစ်တပ်ဖွဲ့စု-၂၆ ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ မွန်းလွဲ ၂ နာရီက ပင်လောင်းမြို့နယ် လုံးပြင်လမ်းခွဲ ကားလမ်းတွင် မောင်ကော် မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ ဆာလာအိတ်နှစ်အိတ်အတွင်းမှ ဘိန်းစိမ်း ၃၆ ထုပ် (ဘိန်းစိမ်း အလေးချိန် ၄၉ ဒသမ ၂ ကီလို) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရအရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

## ခရီးသည်တင်ယာဉ်ပေါ်၌ အံဝှက်ပြုလုပ်သယ်ဆောင်လာသည့် ပိတောက်တုံးများဖမ်းမိ

**နေပြည်တော် မတ် ၁၆**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ မတ် ၁ ရက်က စတင်၍ တရားမဝင်ပစ္စည်းများ တင်သွင်း၊ တင်ပို့မှုမရှိစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

မတ် ၁၅ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့များသို့သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးစဉ် မိုင်တိုင်အမှတ် ၁၉၆ မိုင်၊ ခြောက်ဖာလုံ၊ နားဆော့ကျေးရွာအနီးတွင် ခရီးသည်တင်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိ၍ စစ်ဆေးခဲ့ရာ ယာဉ်၏အောက်ကြမ်းခင်းနှင့် နောက်ခန်းတို့တွင် အံဝှက်ပြုလုပ်၍ တရားမဝင်သယ်ဆောင်လာသောပိတောက် ခဲ့ရွေ ၄၄ တုံး(၂ ဒသမ ၀၄၅၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၆ ဒသမ ၁၃၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဂျာမနီနိုင်ငံသား နှစ်ဦး ဆိုင်ကယ်စီးနင်းလာစဉ် ယာဉ်တိုက်မှုဖြစ်၍ ဒဏ်ရာရ

**ဘားအံ မတ် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်း သံလွင်တံတားအနီး လင်းနို့ဂူသွားသည့် လမ်းကွေ့တွင် မြိုင်ကလေးဘက်မှ ဘားအံဘက်သို့ ဂျာမနီနိုင်ငံသား Axel Helmut (၅၇ နှစ်) မောင်းနှင်ပြီး ဂျာမနီနိုင်ငံသူ Andrea (၆၁နှစ်) လိုက်ပါလာသော ၄ဝယ/---- ကလစ်ဆိုင်ကယ်သည် သံလွင်တံတားအနီး မြို့ဝင်ကြေးကောက်ခံသည့် ဂိတ်အနီးအရောက်တွင် လင်းနို့ဂူသွားသည့် လမ်းခွဲဘက်သို့ ကွေ့စဉ် လားရာတူ မြိုင်ကလေးဘက်မှ ဘားအံဘက်သို့ ကျော်ဇော(၃၁ နှစ်)မြိုင်ကလေးကျေးရွာ ဘားအံမြို့နယ်နေသူ မောင်းနှင်လာသည့် Fino ဆိုင်ကယ်ဖြင့် ဝင်ရောက်တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဂျာမနီနိုင်ငံသူနှင့် ကျော်ဇောတို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့သဖြင့် တံတားလုံခြုံရေးတာဝန်ကျအဖွဲ့များနှင့် နယ်မြေခံရဲစခန်းတို့ပူးပေါင်းကာ ဘားအံဆေးရုံကြီးသို့ လူမှုကူညီရေးအသင်းမှ ယာဉ်ဖြင့်ပို့ဆောင်ပေးခဲ့ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့က ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဂျာမနီနိုင်ငံသားနှစ်ဦးမှာ ကရင်ပြည်နယ်အတွင်းသို့ လည်ပတ်ရန်အတွက် မတ် ၁၄ ရက်က ရောက်ရှိနေခြင်းဖြစ်ပြီး ဘားအံမြို့ Galaxy Motel ၌ တည်းခိုနေသူများဖြစ်ကာ မြန်မာနိုင်ငံအတွင်း ဧပြီ ၁၈ ရက်အထိ နေထိုင်ခွင့်ရရှိထားသူများဖြစ်ကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ၂၀၁၆ ရွေးကောက်ပွဲတွင် ကြားဝင်စွက်ဖက်မှုလုပ်ဆောင်ခဲ့သည့်အတွက် ရုရှားကိုအမေရိကန်ပိတ်ဆို့မှု ပြုလုပ်

**ဝါရှင်တန် မတ် ၁၆**

၂၀၁၆ ခုနှစ် ရွေးကောက်ပွဲအတွင်း ကြားဝင်စွက်ဖက်ခဲ့မှုနှင့် ပြီးခဲ့သည့်နှစ်က ကမ္ဘာတစ်ဝန်း ဆိုက်ဘာတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည့်အတွက် ရုရှားကုမ္ပဏီများနှင့်တစ်ဦးချင်းပုဂ္ဂိုလ်များကို အမေရိကန်ပြည်ထောင်စုက ပိတ်ဆို့မှုများ လုပ်ဆောင်လိုက်ကြောင်း သိရသည်။

ပိတ်ဆို့မှုများသည် ရွေးကောက်ပွဲဆိုင်ရာကြားဝင်စွက်ဖက်မှုများနှင့် ပတ်သက်၍ သမ္မတထရန့်အစိုးရအဖွဲ့က ရုရှားကို ပထမဆုံးလုပ်ဆောင်လိုက်သည့် ပိတ်ဆို့မှုများ ဖြစ်ကြောင်း သိရသည်။ ဘဏ္ဍာရေးဌာနက ယင်းအရေးယူဆောင်ရွက်မှုကို ကြာသပတေးနေ့တွင် ကြေညာခဲ့သည်။

ထောက်လှမ်းရေးအေဂျင်စီများနှင့် ရုရှားကုမ္ပဏီတစ်ခုအပါအဝင် လုပ်ငန်းပေါင်း ငါးခုတို့သည် ဒီမိုကရက်တစ် ကိုယ်စားလှယ် ဟီလာရီကလင်တန်ကို အနှောင့်အယှက်ဖြစ်စေခဲ့သည်ဟု စွပ်စွဲခြင်းခံထားရသည်။ တစ်ဦးချင်းပုဂ္ဂိုလ် ၁၉ ဦးအား ပိတ်ဆို့ခဲ့မှုအတွင်း ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် နီးကပ်စွာရင်းနှီးဆက်ဆံလျက်ရှိသည့် လုပ်ငန်းရှင်တစ်ဦးပါဝင်ခဲ့သည်။ အဆိုပါအမျိုးသားအား အမေရိကန်အထူး အကျိုးဆောင်ရှေ့နေ ရောဘတ်မြူရယ်လာက ရွေးကောက်ပွဲတွင် ဝင်ရောက်စွက်ဖက်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီး စတီဖင်မြူချင်က ပိတ်ဆို့မှုသည် ရုရှားထံမှ တိုက်ခိုက်မှုများကို ရည်ညွှန်းလိုသည့် ကျယ်ပြန့်သော ကြိုးပမ်းမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

နောက်ထပ်ပိတ်ဆို့မှုများကိုလုပ်ဆောင်သွားဦးမည်ဟုလည်း ၎င်းက ခြိမ်းခြောက်ခဲ့သည်။ အမေရိကန်ထောက်လှမ်းရေးအာဏာပိုင်များက ရုရှားသည် လာမည့် နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်ကြားဖြတ်ရွေးကောက်ပွဲကို ပစ်မှတ်ထားသည့် ဆိုက်ဘာတိုက်ခိုက်မှုများ ပိုမိုလုပ်ဆောင်လာနိုင်ဖွယ်ရှိကြောင်း သတိပေးခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**




# ဖလော်ရီဒါ နိုင်ငံတကာတက္ကသိုလ်အနီးရှိ ဆောက်လုပ်နေဆဲ လူကူးတံတားတစ်စင်း ပြိုကျခဲ့ရာ လူ လေးဦးထက်မနည်းသေဆုံး



**ဝါရှင်တန် မတ် ၁၆**

အမေရိကန်နိုင်ငံ မိုင်ယာမီမြို့အနောက်ဘက်ရှိ ဖလော်ရီဒါ နိုင်ငံတကာ တက္ကသိုလ်အနီးရှိ ဆောက်လုပ်နေဆဲ လူကူးတံတားတစ်စင်း မတ် ၁၅ ရက်က ပြိုကျခဲ့ရာ လူလေးဦးထက်မနည်းသေဆုံးခဲ့ပြီး ကားများပိတ်မိနေကာ ဒဏ်ရာရရှိသူများလည်းရှိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဆောက်လုပ်နေဆဲ လူကူးတံတားပြိုကျမှုကြောင့် ဒဏ်ရာရခဲ့သူ ကိုးဦးရှိခဲ့ရာ ၎င်းတို့ကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ထားကြောင်း အမေရိကန် ဖလော်ရီဒါပြည်နယ် မိုင်ယာမီမြို့ ဒါဒဲခရိုင် မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူက ပြောကြားခဲ့သည်။

အဆိုပါ မတော်တဆမှုတွင် ကူညီကယ်ဆယ်မှုများကို အစွမ်းကုန်လုပ်ဆောင်သွားမည်ဖြစ်ပြီး တံတားပြိုကျသည့် ကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည့်အပြင် တာဝန်ရှိသူများကိုလည်း တရားဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ဖလော်ရီဒါပြည်နယ် အုပ်ချုပ်ရေးမှူး ရစ်ခ်စကော့တ်က ပြောခဲ့သည်။

အဆိုပါ လူကူးတံတားကို လွန်ခဲ့သည့် ရက်အနည်းငယ်က တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး နောက်လာမည့်နှစ်စတွင် အသုံးပြုနိုင်ရေး စီစဉ်ထားကြောင်း သိရသည်။

အရှည် ၅၃ မီတာနှင့် အလေးချိန်တန် ၉၅၀ ရှိသော အဆိုပါ လူကူးတံတားမှာ ဖလော်ရီဒါ နိုင်ငံတကာ တက္ကသိုလ်ကျောင်းဝင်းနှင့် ပြင်ပကို ဆက်သွယ်ထားသည့် တံတားဖြစ်သည်။

တံတားကို တာဝန်ခံဆောက်လုပ်နေသည့် ကန်ထရိုက်တာက အဆိုပါ တံတားပြိုကျမှုနှင့် ပတ်သက်သော စစ်ဆေးမှုများကို လိုက်နာဆောင်ရွက်သွားမည်ဟုဆိုကြောင်း ဒေသတွင်း မီဒီယာများ၏ သတင်းများအရ သိရသည်။

**ဆင်ဟွာ**

# ကာတာနိုင်ငံမှ ယူအင်န်အာရ် ဒဗလျူအေသို့ အမေရိကန်ဒေါ်လာသန်း ၅၀ လှူဒါန်း

**ဒိုဟာ မတ် ၁၆**

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂသက်သာချောင်ချိရေးနှင့် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ (ယူအင်န်အာရ် ဒဗလျူအေ) ထံသို့ ကာတာနိုင်ငံမှ အမေရိကန်ဒေါ်လာ သန်း ၅၀ လှူဒါန်းခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်တစ်ဦးက ယမန်နေ့က ပြောခဲ့သည်။

အီတလီနိုင်ငံ ရောမမြို့တွင် ပြုလုပ်သည့် ပုံမှန်မဟုတ်သော ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂသက်သာချောင်ချိရေးနှင့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီ၏ ဝန်ကြီးများ အစည်းအဝေးပွဲကာလအတွင်း ကာတာနိုင်ငံ၏ လှူဒါန်းမှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါအစည်းအဝေးသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တက်ရောက်ခဲ့ကြောင်း သိရသည်။

ကာတာနိုင်ငံအနေဖြင့် ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ သက်သာချောင်ချိရေးနှင့် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီမှ ဆောင်ရွက်သည့်ငွေကြေးဆိုင်ရာစီမံကိန်းများ အထူးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ဆက်လက်ပါဝင်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

လွန်ခဲ့သည့် ဖေဖော်ဝါရီလက ကာတာနိုင်ငံသည် အမေရိကန်ဒေါ်လာ ကိုးသန်းဖိုးရှိသည့် ဆေးဝါးများ၊ ဆေးကုသရေးအထောက်အပံ့များ၊ စားစရာများ၊ ဆေးရုံ၊ မီးစက်များမောင်းနှင်ရန် လောင်စာဆီများ ထောက်ပံ့ခဲ့ကြောင်း သိရသည်။

ကာတာနိုင်ငံသည် အိမ်နီးချင်းပင်လယ်ကွေ့နိုင်ငံများ၏ ကိုးလတာ ပိတ်ဆို့တားဆီးမှုဒဏ်ကို ခံနေရပြီး အရှေ့အလယ်ပိုင်းဒေသတွင် ဟစ်ဇ်ဘိုလာ၊ မူဆလင်ညီနောင်များ၊ ဟားမားစ်အစရှိသည့် အစွန်းရောက်နိုင်ငံရေးလှုပ်ရှားမှုများကို အထောက်အပံ့ပေးနေကြောင်း ပင်လယ်ကွေ့နိုင်ငံများက စွပ်စွဲခဲ့ကြသည်။

**ဆင်ဟွာ**

# အီရတ်နိုင်ငံအနောက်ပိုင်းတွင် အမေရိကန်စစ်ရဟတ်ယာဉ် ပျက်ကျရာ ရဟတ်ယာဉ်ပေါ်ပါသူအားလုံးသေဆုံး

**ဘဂ္ဂဒက် မတ် ၁၆**

အမေရိကန် စစ်ရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံ အနောက်ပိုင်းတွင် ပျက်ကျခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါသူ ခုနစ်ဦးလုံး သေဆုံးခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ယမန်နေ့က ပြောခဲ့သည်။

ရဟတ်ယာဉ်ပျက်ကျရာ နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များသွားရောက်ခဲ့ပြီး လိုအပ်သည်များဆောင်ရွက်ခဲ့ကြောင်း အမေရိကန် ဗဟိုလေတပ်စခန်းဌာနချုပ်က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

ပျက်ကျခဲ့သော ရဟတ်ယာဉ်သည် အိတ်ချ်အိတ်ချ်ပေ့ဟော့ရဟတ်ယာဉ်အမျိုးအစားဖြစ်ပြီး ဆီးရီးယားနယ်စပ်အနီး အန်ဘာပြည်နယ်၌ ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း ကနဦးသတင်းများအရ သိရသည်။

ရဟတ်ယာဉ်ပျက်ကျသည့် အကြောင်းရင်းကို စုံစမ်းမှုများလုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်ဗဟိုလေတပ်စခန်းက သတင်းထုတ်ပြန်ချက်တွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ယီမင်၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများ နောက်မကျဘဲရောက်ရှိစေရန် လုံခြုံရေးကောင်စီ တောင်းဆို

**ဂျီနီဗာ မတ် ၁၆**

ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ယီမင်ရှိပြည်သူများ ထိခိုက်ခံစားရသည့်ရေိယာများသို့ လုံခြုံဘေးကင်းသော၊ မြန်ဆန်သော၊ လူသားချင်းစာနာထောက်ထားမှု အကူအညီဝန်ဆောင်မှုများ နောက်မကျစေဘဲအလျင်အမြန်ရောက်ရှိစေရေး ခွင့်ပြုပေးသွားရန် သက်ဆိုင်ရာအဖွဲ့အစည်းများအားလုံးကို တိုက်တွန်းတောင်းဆိုခဲ့ကြောင်းသိရသည်။

ဖော်ပြချက်တွင် လုံခြုံရေးကောင်စီသည် စီးပွားဖြစ်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တင်ပို့ကုန်များအပေါ်တွင်ကန့်သတ်မှုများကြောင့် ဖြစ်လာမည့် အကျိုးသက်ရောက်မှုများနှင့်ပတ်သက်၍ စိုးရိမ်ကြောင့်ကြမှုများကို အလေးအနက်ဖော်ပြထားသည်။

ယီမင်နိုင်ငံအတွင်းသို့ အရေးကြီးသည့် တင်ပို့ကုန်များချက်ချင်းလက်ခံရရှိစေရန်နှင့် အရပ်သားပြည်သူတစ်ရပ်လုံးထံသို့ ဖြန့်ဖြူးမှုများရောက်ရှိစေရေး အမြန်ဆုံးဆောင်ရွက်ပေးကြရန် အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းခဲ့သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ဆောင်မှုများကို ငြင်းပယ်တားဆီးခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာရောက်ကြောင်း လုံခြုံရေးကောင်စီက အလေးအနက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကင်ညာသို့ ထွက်ပြေးလာသော ဒုက္ခသည်များ တိုးမြင့်လာဖွယ်ရှိ

**နိုင်ရိုဘီ မတ် ၁၆**

ယခုရက်များအတွင်း ကင်ညာသို့ထွက်ပြေးတိမ်းရှောင်လာသော အီသီယိုးပီးယား ဒုက္ခသည် ၅၉၂ ဦးရှိပြီး နောက်ထပ်အဆက်မပြတ်ထပ်တိုးလာနိုင်ဖွယ်ရှိသည်ဟု ကင်ညာကြက်ခြေနီအသင်းက ယမန်နေ့က ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အီသီယိုးပီးယား ဒုက္ခသည်များကို လူသားချင်းစာနာသောအားဖြင့် အစာရေစာနှင့် ဆေးဝါးကုသမှုများပေးနေပြီး ကင်ညာနိုင်ငံမြောက်ပိုင်း နှစ်နိုင်ငံနယ်စပ်ရှိ မာစာဘစ်မိုရာလီနှင့် ဆိုလိုလိုဒေသများတွင် နေရာချထားပေးထားကြောင်း၊ ဒုက္ခသည်အရေအတွက်မှာ အဆက်မပြတ် တိုးလာကြောင်းနှင့် နာမည်စာရင်းကောက်ယူမှုများပြုလုပ်လျက်ရှိပြီး ဒုက္ခသည်ဟုတ်မဟုတ် စိစစ်ဖို့လိုသေးကြောင်း သိရသည်။

အီသီယိုးပီးယားတပ်ဖွဲ့များသည် သတင်းမှားရရှိမှုကြောင့် မတ် ၁၀ ရက်က နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် စစ်ရေးလှုပ်ရှားမှုများပြုလုပ်ခဲ့သည်။ အဆိုပါစစ်ရေးလှုပ်ရှားမှုအတွင်း အီသီယိုးပီးယားတပ်ဖွဲ့များသည် ဒေသခံအီသီယိုးပီးယားအရပ်သားများကို အစိုးရဆန့်ကျင်လက်နက်ကိုင်အဖွဲ့အိုအယ်လ်အက်ဖ်ဟုထင်မှတ်တိုက်ခိုက်ခဲ့သောကြောင့် လူကိုးဦးသေဆုံးကာ၊ ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီသီယိုးပီးယားအရေးပေါ်အခြေအနေ ညွှန်ကြားရေးဌာန၏ ကြေညာချက်ကို ကိုးကားကာ ဒေသတွင်း သတင်းမီဒီယာများတွင် ဖော်ပြခဲ့သည်။

လတ်တလောတွင် အီသီယိုးပီးယား ဒုက္ခသည်များ အစုလိုက် အပြုံလိုက် ကင်ညာသို့ ဝင်ရောက်လာခြင်းဖြစ်ရာ ကင်ညာနယ်စပ်တစ်လျှောက် ဒေသများတွင် လုံခြုံရေးများ တိုးမြှင့်ချထားကြောင်း သိရသည်။ **ဆင်ဟွာ**

### လာအိုနိုင်ငံ၌ ထရပ်ကားတိမ်းမှောက်၍ လူငါးဦးသေဆုံး

**ဗီယန်ကျင်း မတ် ၁၆**

လာအိုနိုင်ငံအလယ်ပိုင်းခမ်မွန်ပြည်နယ်၌ ယမန်နေ့က ထရပ်ကားတစ်စီးတိမ်းမှောက်ခဲ့ရာ လူငါးဦးသေဆုံးခဲ့ပြီး ခရီးသည် ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်တွင်းနေ့စဉ် သတင်းစာ ဗီယန်ကျင်းတိုင်းမ်သတင်းစာတွင် မကြာသေးမီက ဖော်ပြခဲ့သည်။

အဆိုပါထရပ်ကားတွင် ကားမောင်းသူအပါအဝင် လူ ၂၅ ဦးလိုက်ပါလာပြီး ဘရိတ်ချွတ်ယွင်းမှုကြောင့် ဒေသစံတော်ချိန် ၁၇း၀၀နာရီတွင် ယာဉ်တိမ်းမှောက်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာနေရာတွင် ခရီးသည် ငါးဦးသေဆုံးခဲ့ပြီး လူ ခြောက်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး ခုနစ်ဦးမှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း ကနဦးသတင်းများအရ သိရသည်။ လာအိုနိုင်ငံ ခါမ်မွန်ပြည်နယ်၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီတွင် ယာဉ်တိုက်မှု ၁၇ ခုဖြစ်ပွားခဲ့ပြီး လူခြောက်ဦး သေဆုံးခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# သံမဏိစိတ်ဓာတ်နဲ့ အာဂလူသား

***တင်လင်းအောင်***

ရုပ်ပိုင်းဆိုင်ရာ လှုပ်ရှားနိုင်ခြင်းမရှိသော်လည်း စိတ်ပိုင်းဆိုင်ရာ ထူးချွန်ထက်မြက်တဲ့ပါရမီရှင်၊ ကမ္ဘာ့အကျော်ကြားဆုံး ဗြိတိသျှရူပဗေဒပညာရှင် စတီဖင်ဟော့ကင်းဟာ သူလေ့လာခဲ့တဲ့ စကြဝဠာအယူအဆတွေနဲ့ သူချစ်တဲ့ ကမ္ဘာကြီးကို ထားရစ်ခဲ့ပြီး အေးချမ်းစွာ အနားယူသွားပါပြီ။ တိုက်တိုက်ဆိုင်ဆိုင်ပါပဲ သူသေဆုံးသွားကြောင်း ကြေညာတဲ့ရက်ဟာ အဲဘတ်အိုင်းစတိုင်းမွေးဖွားခဲ့တဲ့ (၁၃၉) နှစ်မြောက် နှစ်ပတ်လည်နေ့လည်းဖြစ်ပါတယ်။ စတီဖင်ဟော့ကင်းဟာ လျှမ်းလျှမ်းတောက်ကျော်ကြားတဲ့သိပ္ပံပညာရှင်တစ်ယောက် ဖြစ်ခဲ့သော်လည်း သေဆုံးခြင်းနိယာမတရားကိုတော့ မတွန်းလှန်နိုင်ခဲ့ပါဘူး။ လူတိုင်းသွားရမယ့်လမ်းကို သူသွားခဲ့တာပဲ။ ဒါပေမယ့် လူတိုင်းနဲ့တော့ မတူခဲ့ပါဘူး။

စတီဖင်ဟော့ကင်းကို ၁၉၄၂ခုနှစ် ဇန်နဝါရီ ၈ ရက်မှာ အင်္ဂလန်နိုင်ငံ အောက်စ်ဖို့ဒ်မှာ မွေးဖွားခဲ့ပါတယ်။ သူဟာ ပါရဂူဘွဲ့အတွက် ကိန်းဘရစ်ကို မပြောင်းခင် ၁၉၅၉ခုနှစ်မှာ အောက်စ်ဖို့ဒ် တက္ကသိုလ်မှာ သဘာဝသိပ္ပံပညာကို လေ့လာခဲ့ပါတယ်။ ၁၉၆၃ခုနှစ် သူ့အသက် ၂၁ နှစ်အရွယ်မှာ မော်တာနျူရုန်း (motor neurone) ရောဂါ ဖြစ်ပွားခဲ့ပြီး အသက်နှစ်နှစ်သာ ရှင်မယ်လို့ ပြောကြားခံခဲ့ရသူပါ။

၁၉၇၄ ခုနှစ်မှာ စကြာဝဠာ တွင်းနက်ကြီး (Black Hole) သို့မဟုတ် ဟော့ကင်းရေဒီယေးရှင်းဆိုတဲ့ သီအိုရီကို ထုတ်နိုင်ခဲ့ပါတယ်။ ၁၉၇၉ ခုနှစ်မှာ ကိန်းဘရစ် တက္ကသိုလ် သင်္ချာပညာရပ်၌ လုကာရှန်ပရော်ဖက်ဆာဖြစ်လာခဲ့ပါတယ်။ အဲဒီလိုမျိုး ဘွဲ့ထူး ဂုဏ်ထူးမျိုးကို တစ်ချိန်က အိုင်ဆက်နယူတန်သာ ရခဲ့တာပါ။ ၁၉၈၈ ခုနှစ်မှာ သူ့ရဲ့ A Brief History of Time စာအုပ်ဟာ စံချိန်တင်ရောင်းချခဲ့ရပြီး ကမ္ဘာ့ရောင်းအားအကောင်းဆုံးစာအုပ်ဖြစ်ကာ အုပ်ရေ ၁၀ သန်းကျော်ရောင်းချခဲ့ရပါတယ်။ ၁၉၉၀ ပြည့်လွန်နှစ်များမှာ သူဟာ ဆာဘွဲ့ရ သူကောင်းပြုခြင်းခံခဲ့ရပါတယ်။

နာမည်ကျော်ရူပဗေဒပညာရှင် စတီဖင်ဟော့ကင်း ကွယ်လွန်သွားတဲ့အချိန်မှာ အသက် ၇၆ နှစ်ရှိပြီး နေအိမ်မှာပဲ အေးချမ်းတိတ်ဆိတ်စွာ ကွယ်လွန်ခဲ့တယ်လို့ မိသားစုပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးက မတ် ၁၄ ရက်ကပြောခဲ့ပါတယ်။ စတီဖင်ဟော့ကင်းဟာ ယခုခေတ်ကာလပိုင်းရဲ့အကျော်ကြားဆုံးသော ရူပဗေဒပညာရှင်တစ်ဦးဖြစ်ပြီး နိုင်ငံတကာမှာ ဂုဏ်သတင်းကြီးမားသူတစ်ဦး ဖြစ်ပါတယ်။ စတီဖင်ဟော့ကင်းဟာ ကိန်းဘရစ် တက္ကသိုလ်ရဲ့ ထင်ရှားတဲ့ ရူပဗေဒပညာရှင် တစ်ဦးလည်းဖြစ်ပြီး အိုင်းစတိုင်းနောက်ပိုင်း အထူးချွန်ဆုံးသော ရူပဗေဒပညာရှင်အဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။

စတီဖင်ဟော့ကင်းဟာ စကြဝဠာဗေဒနဲ့ တွင်းနက်ကြီးတွေကို လေ့လာလျက်ရှိပြီး နှိုင်းယှဉ်နိယာမရဲ့ ထူးခြားဆန်းပြားတဲ့ သတ်မှတ်ချက်နဲ့ တွင်းနက်ကြီး ဇရိယာနှင့်ပတ်သက်တဲ့ အယူဆတွေကို သက်သေပြနိုင်ခဲ့ပါတယ်။ ပြီးတော့လည်း တွင်းနက်တွေထဲက ဘယ်လိုလုပ်ပြီး ရောင်ခြည်ဖြာထွက်သလဲဆိုတဲ့အပေါ် ရှင်းလင်းပြနိုင်ခဲ့ပါတယ်။

အရွယ်ကောင်းတုန်း အသက် ၂၁မှာ မော်တာနျူရုန်းရောဂါရရှိခဲ့သော်လည်း သူဟာ ဘဝကို အလျှော့မပေးဘဲ ကြီးမြတ်တဲ့သိပ္ပံပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ သူ့ရဲ့အနိုင်မခံ အလျှော့မပေး၊ လေ့ခွက်ချည်းကျန် အလံမလဲတဲ့ စိတ်ဓာတ်တွေဟာ အတုယူဖွယ်၊ လေးစားအားကျဖွယ်ကောင်းလှပါတယ်။ သူလိုကိုယ်လိုဆိုပါက အခုလို ကြီးမြတ်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ဖြစ်ဖို့ ဝေးစွ။ အသက်တောင်ရှင်ချင်မှာ မဟုတ်ပါဘူး။ သို့သော် သူက သူလိုကိုယ်လိုမဟုတ်။ တစ်ခေတ်မှာ တစ်ယောက်ဆိုသလို သူလေ့လာခဲ့တဲ့ ပညာရပ်အပေါ်ဝါယမ စိုက်ထုတ်ကာ မလျှော့သောဇွဲဖြင့် စိုက်လိုက်မတ်တတ် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့်သူ့ကို ယနေ့ကမ္ဘာကြီးမှာ ကြီးမြတ်တဲ့ သိပ္ပံပညာရှင်ကြီးရယ်လို့ ကင်ပွန်းတပ်ခဲ့တာပဲဖြစ်ပါတယ်။

ဦးနှောက်နဲ့ အာရုံကြောတွေ တဖြည်းဖြည်းသေဆုံးပြီး လူ့ခန္ဓာကိုယ်က လှုပ်လို့မရဖြစ်ကာ နောက်ဆုံးမှာ ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး သူ့ရဲ့ဦးနှောက်က ဂဏန်းတွက်ချက်မှုတွေ၊ သီဝရီတွေ အများအပြား လုပ်ရပါတယ်။ သူဟာ ထူးချွန်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ရုံမက ပါရဂူကျောင်းသားပေါင်း ၃၉ ယောက်လောက်လည်း ပြုစုပျိုးထောင်ပေးခဲ့ပါသေးတယ်။ တကယ်တော့ ဒီလိုတွေဖြစ်အောင်လုပ်ဖို့ဆိုတာ မလွယ်ကူပါဘူး။ သူဟာ သံမဏိစိတ်ဓာတ်နဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ စိတ်သာရှင်စေ ဘုရားဟောဆိုတဲ့အတိုင်း စိတ်ကလောကကို အစိုးရပါတယ်။ ဒီလိုကောင်းတဲ့ စိတ်လေးနဲ့ပဲ သူဟာ လောကကို အလှဆင်ခဲ့တာပါ။

ထို့အပြင် စတီဖင်ဟော့ကင်းဟာ လူတွေနဲ့လည်း အထိအတွေ့အဆက်အဆံတွေလုပ်ခဲ့ပါသေးတယ်ဆိုရင် ယုံမှာတောင် မဟုတ်ပါဘူး။ လူတွေနဲ့ သူဘယ်လိုထိတွေ့ဆက်ဆံမှုတွေလုပ်ခဲ့တာလဲ။ တီဗွီအစီအစဉ်တွေ၊ ရုပ်ရှင်တွေမှာတောင် သူပါဝင်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဥပမာ - Star Trek နဲ့ The Next Generation မှာတောင် သူ့အနေနဲ့ ပါလိုက်ပါသေးတယ်။ အာကာသမှာရှိတဲ့ အမှတ်တစ်ခုကို တိုင်းတာဖို့အတွက် မျက်စိနဲ့စဉ်းစားကြည့်ရုံနဲ့ မရနိုင်တဲ့ အခြေအနေတွေမှာ ဟော့ကင်းရေဒီယေးရှင်းနိယာမတွေသုံးပြီး ရှာနိုင်အောင် သူက တီထွင်ပေးနိုင်ခဲ့ပါတယ်။ သူ့ရဲ့ တွေ့ရှိချက်တွေကြောင့် ယနေ့ကမ္ဘာ့ လူသားတွေဟာ စကြဝဠာကြီး အကြောင်း၊ တွင်းနက်ကြီးအကြောင်းကို ပိုမိုသိခဲ့ရပါတယ်။ ဒ့ါအပြင် ဒီနေ့လူတွေဟာ စကြဝဠာကြီးအကြောင်းကို သူ့ရဲ့ နိယာမတွေအကူအညီနဲ့ ပိုပြီးပြည့်စုံအောင် လုပ်ဆောင်နိုင်တော့မှာပဲ ဖြစ်ပါတယ်။ သူ့ဖခင်သေဆုံးခဲ့ရတဲ့အပေါ် ပရောဖက်ဆာဟော့ကင်းရဲ့ကလေးတွေ ဖြစ်တဲ့ လူစီ၊ ရောဘတ်နဲ့တင်မ် တို့က အဖေကွယ်လွန်သွားတဲ့အတွက် ဖြေမဆည်နိုင်အောင် ဖြစ်ရပါတယ်လို့ ပြောခဲ့ပါတယ်။ ဘီးတပ်ကုလားထိုင်ပေါ်မှာ သူ့ရဲ့ သက်တမ်းအတော်များများကို ကုန်ဆုံးခဲ့တဲ့ ဟော့ကင်းဟာ အသံထွက်စေတဲ့ ကိရိယာ အကူအညီမပါဘဲ စကားလည်းမပြောနိုင်တော့ပါဘူး။ လေဖြတ်ထားသလို ဖြစ်နေပြီး ခန္ဓာကိုယ်လှုပ်လို့မရတဲ့သူ့ရဲ့ ဦးနှောက်ကတော့ အံ့မခန်းပါပဲ။ သူ့ရဲ့သတ္တိနဲ့ ရှင်သန်နိုင်စွမ်း၊ ဟာသဓာတ်ခံနဲ့ ဦးနှောက်ရဲ့လုပ်ဆောင်နိုင်စွမ်းကတော့ တစ်ကမ္ဘာလုံးမှာရှိတဲ့ လူတွေ လေးစားအားကျ အတုယူရလောက်အောင် စံတင် နိုင်လွန်းသူဖြစ်ပါတယ်လို့ သူ့ရဲ့မိသားစုက ပြောခဲ့ပါတယ်။

ချစ်ရတဲ့သူမရှိရင် စကြဝဠာကြီးလို့ မခေါ်ချင်ဘူး၊ သူ့ကို အမြဲလွမ်းနေရမှာပါလို့ တစ်ချိန်က ဟော့ကင်းကပြောခဲ့ပါတယ်။ ခေတ်သစ်သိပ္ပံရဲ့ ဖခင်လို့တင်စားခဲ့တဲ့ ဂယ်လီလီယို သေဆုံးပြီး နှစ်ပေါင်း ၃၀၀ ကြာပြီးနောက်မှာ စတီဖင် ဝီလီယံဟော့ကင်းကို သိပ္ပံပညာရဲ့ကြီး မြတ်တဲ့တိုင်တန်လို့တောင် တင်စားခေါ်ဝေါ်ကြပါတယ်။

သူ့ရဲ့ရည်ရွယ်ချက်ကတော့ ရှင်းရှင်းလေးပါပဲ။ အဲဒါကတော့ စကြဝဠာကြီးကို ပြီးပြည့်စုံအောင် နားလည်ဖို့ပဲဖြစ်ပါတယ်။ စကြဝဠာကြီး ဘယ်လိုစလဲ။ ဘာတွေဖြစ်သလဲ။ ဘာကြောင့်ဒါတွေဖြစ်သလဲ။ ဘာတွေရှိသလဲဆိုတာကိုနားလည်ဖို့ပဲ ဖြစ်ပါတယ်လို့ သူက ပြောခဲ့ဖူးပါတယ်။ သီအိုရီပညာရှင်တစ်ယောက်ဖြစ်တဲ့ ဟော့ကင်းဟာ များသောအားဖြင့် ထိုင်ပြီး ဦးနှောက်နဲ့ ဂဏန်းတွေ တွက်ချက်နေရတာဖြစ်ပြီး တစ်ချိန်လုံး စဉ်းစားနေရကာ လူများတွေလုပ်တဲ့ သီဝရီကမှန်သလား မှားသလားဆိုတာကို ဆန်းစစ်နေရတာပါလို့ Southern Mississippi တက္ကသိုလ်က မြန်မာ ရူပဗေဒပညာရှင် ဒေါက်တာခင်မောင်မောင်က ပြောခဲ့ပါတယ်။ ထို့အပြင် သူ့ရဲ့ အဓိကရှာဖွေ တွေ့ရှိမှုကတော့ ကွမ်တမ်သီအိုရီနဲ့ စကြဝဠာကြီးနဲ့ အချိန်တွေရဲ့ သဘော သဘာဝတွေပဲ ဖြစ်ပါတယ်။ အခုလိုမျိုး ခေတ်သစ် ကမ္ဘာကျော် သိပ္ပံပညာရှင်တစ်ယောက် လူ့လောကအတွင်းက ထွက်ခွာသွားခဲ့တဲ့အပေါ် ရူပနက္ခတ္တဗေဒပညာရှင် နေးလ်ဒီဂရာဆီတိုင်ဆန်က ဝမ်းနည်းကြောင်း လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ဖော်ပြခဲ့ပါတယ်။ ကိန်းဘရစ်တက္ကသိုလ်မှ ဒုတိယအဓိပတိ ဥသျှောင်စတီဖင်တိုပီက သူ့ကိုကိန်းဘရစ်ချ်သာမက ကမ္ဘာတစ်ဝန်းလုံးက သတိရနေမှာပါလို့ ပြောခဲ့ပါတယ်။ သူ့ရဲ့ ကွယ်လွန်မှုအပေါ် သိပ္ပံနယ်ပယ်က သာမက နာမည်ကြီး ရုပ်ရှင်၊ ဂီတ အသိုင်းအဝိုင်းကပါ ဝမ်းနည်းခဲ့ကြတာ ဖြစ်ပါတယ်။ အမေရိကန်နာမည်ကြီး အဆိုတော် ကေတီပယ်ရီက ကျွန်မရဲ့ နှလုံးသားထဲက စကြဝဠာတွင်းနက်ကြီး ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။ အိန္ဒိယဝန်ကြီးချုပ်နာရန်ဒရာ မိုဒီက ဟော့ကင်းဟာ ကမ္ဘာကြီးကို ပိုကောင်းတဲ့နေရာတစ်ခု ဖြစ်အောင် လုပ်ဆောင်နေတာပါလို့ ပြောခဲ့ပါတယ်။ ဗြိတိသျှဝန်ကြီးချုပ် ထရီဆာမေကလည်း ဟော့ကင်းဟာ ဘယ်တော့မှ မေ့မရတဲ့ အမွေအနှစ်ဖြစ်ပါတယ်လို့ ပြောခဲ့ပါတယ်။

သူ့ရဲ့ ကွယ်လွန်မှုဟာ လူသားထုကြီးတစ်ခုလုံးအတွက်သာမက ကမ္ဘာလောကကြီးတစ်ခုလုံးအတွက် ဆုံးရှုံးနစ်နာမှုကြီးတစ်ခု ဖြစ်ခဲ့ပါတယ်။ သို့သော်လည်း သူ့ရဲ့ရှာဖွေတွေ့ရှိမှုတွေကတော့ သူသေဆုံးခဲ့ပေမယ့် ကမ္ဘာလောကကြီး တစ်ခုလုံးအတွက် အကျိုးပြုခဲ့တယ်ဆိုတာ ဘယ်လိုမှ မငြင်းနိုင်ပါဘူး။ ။

**“အရွယ်ကောင်းတုန်း အသက် ၂၁ မှာ မော်တာနျူရုန်းရောဂါရရှိခဲ့သော်လည်း သူဟာ ဘဝကို အလျှော့မပေးဘဲ ကြီးမြတ်တဲ့ သိပ္ပံပညာရှင်တစ်ယောက်ဖြစ်အောင် ကြိုးစားခဲ့ပါတယ်။ သူ့ရဲ့အနိုင်မခံအလျှော့မပေး၊ လေ့ခွက်ချည်းကျန် အလံမလဲတဲ့ စိတ်ဓာတ်တွေဟာ အတုယူဖွယ်၊ လေးစားအားကျဖွယ်ကောင်းလှပါတယ်”**



# MPT က အခမဲ့ဝိုင်ဖိုင်နှင့် နည်းပညာဆိုင်ရာ အချက်အလက်စင်တာများ ဖွင့်လှစ်




**ရန်ကုန် မတ် ၁၆**
နိုင်ငံအဝန်းတွင် ဒစ်ဂျစ်တယ်နည်းပညာ တတ်သိနားလည်မှု ခြားနားချက်များကို ကူညီဖြည့်ဆည်းပေးနိုင်ရန်အတွက် အော်ပရေတာတစ်ခုဖြစ်သည့် MPT က မြန်မာတစ်နိုင်ငံလုံးတွင် အခမဲ့ ဝိုင်ဖိုင်နှင့် နည်းပညာဆိုင်ရာ အချက်အလက်စင်တာ(MPT telecenter) ပေါင်း ၄၀ ကို စတင်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မြန်မာနိုင်ငံအတွင်းရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖွင့်လှစ်လိုက်သော အဆိုပါ MPT telecenter များမှတစ်ဆင့် သက်ဆိုင်ရာ လူမှုဝန်းကျင်တွင် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များနှင့် ဆက်သွယ်ရေးဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီ အသုံးပြုနိုင်စေမည်ဖြစ်ကြောင်း၊ MPT သည် telecenter များ စီမံဆောင်ရွက်ရန်အတွက် လက်ရှိအချိန်အထိ ဒေသခံ ဝန်ထမ်းပေါင်း ၇၀ ကို လေ့ကျင့်သင်တန်းပေးထားပြီးဖြစ်ကြောင်း၊ ထိုစင်တာများတွင် ဘေးကင်းပြီး တာဝန်ယူမှုရှိသည့် အင်တာနက် အသုံးပြုပုံနည်းလမ်းများ အပါအဝင် ကွန်ပျူတာနှင့် တက်ဘလက် အသုံးပြုခြင်းအတွက် နည်းလမ်းများ စသည်တို့ကိုလည်း အများပြည်သူအား လမ်းညွှန်ပေးခြင်းဖြင့် အထောက်အကူပေး သွားမည်ဖြစ်ကြောင်း၊ စင်တာများသို့ လာရောက်အသုံးပြုမည့်သူများကို အကူအညီပေးနိုင်ရန်အတွက် နေရာတစ်ခုတွင် ဝန်ထမ်းနှစ်ဦးစီ ထားရှိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

MPT မှ တာဝန်ရှိသူ Mr. Reizo Umeda က “MPT telecenter အစီအစဉ်ကတစ်ဆင့် နိုင်ငံအနှံ့က ပြည်သူတွေကို ကမ္ဘာကြီးပေါ်က ဗဟုသုတတွေကို အွန်လိုင်းကနေ ရယူသိရှိနိုင်ဖို့အတွက် ကူညီပေးနိုင်မှာပဲ ဖြစ်ပါတယ်၊ နိုင်ငံအနှံ့မှာ စမတ်ဖုန်းပိုင်ဆိုင်မှုဟာ အလျင်အမြန်တိုးတက်လာနေတာနဲ့အတူ တစ်နိုင်ငံလုံးမှာရှိတဲ့ MPT အမှတ်တံဆိပ် စတိုးဆိုင်တွေမှာ အခမဲ့ဝိုင်ဖိုင်ကို ထုတ်လွှင့်ပေးမှုဟာ အင်တာနက်ကို လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ဖို့နဲ့ မိမိတို့အလိုရှိတဲ့ အရာတွေကို အသုံးပြုနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ လမ်းညွှန်လေ့ကျင့်ပေးမှုတွေက အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်”ဟု ပြောကြားသည်။

“ဒီ MPT telecenter တွေဟာ မြန်မာနိုင်ငံကို ရှေ့သို့ အမှန်တကယ်လှမ်းချီနိုင်ဖို့အတွက် ကျွန်တော်တို့ရဲ့ကြိုးပမ်းမှုတွေထဲက အလွန်အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ အင်တာနက်ချိတ်ဆက်ပေးနိုင်ဖို့အတွက် အထူးအလေးပေးဆောင်ရွက်နေပါတယ်၊ အင်တာနက်ကို အသက်ကြီးငယ်မရွေး ဘယ်သူမဆို အသုံးပြုနိုင်၊ အသုံးပြုသင့်ပါတယ်၊ အင်တာနက်ကို အသုံးပြုခြင်းကြောင့် တကယ့်လက်ရှိအခြေအနေတွေကို အမြဲသိရှိနိုင်ရုံသာမက စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေး စတဲ့ ကဏ္ဍပေါင်းစုံအတွက် ကမ္ဘာပေါ်က ကျွမ်းကျင်သူတွေကိုယ်တိုင် ထုတ်ဖော်ထားတဲ့ ပညာရပ်ဆိုင်ရာ ကမ္ဘာ့အဆင့်မီ အချက်အလက်တွေကိုလည်း သိရှိနိုင်မယ့် အခွင့်အလမ်းတွေကိုရရှိနိုင်ပါတယ်” ဟု Mr. Reizo Umeda က ဆက်လက်ပြောကြားသည်။

MPT အနေဖြင့် နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်မည့် အဆိုပါ MPT telecenter များတွင် မိုဘိုင်းဆက်သွယ်ရေးကိရိယာများဖြင့် ဝိုင်ဖိုင်စနစ်ကို အကန့်အသတ်မရှိ အခမဲ့ အသုံးပြုခွင့်ပေးသွားမည့်အပြင် လက်တော့များနှင့် တက်ဘလက်များကိုလည်း အခမဲ့အသုံးပြုနိုင်ရန် ပံ့ပိုးပေးထားမည်ဖြစ်ကြောင်း၊ အဆိုပါ ကိရိယာများတွင် အလွယ်တကူ အဆင်သင့် အသုံးပြုနိုင်မည့် ကျန်းမာရေး၊ ပညာရေး၊ စာပေနှင့် ဖျော်ဖြေရေးဆိုင်ရာ အက်ပလီကေးရှင်းများ၊ ဆော့ဖ်ဝဲများကို ထည့်သွင်းပေးထားမည်ဖြစ်ကြောင်း သိရသည်။

MPT telecenter များသို့ လာရောက်သူများအတွက် လိုအပ်ချက်များကိုလည်း စင်တာများမှ ဝန်ထမ်းများက ကူညီပေးသွားမည်ဖြစ်၍ ၎င်းတို့ထံတွင် သတင်းအချက်အလက်များ ထပ်မံမေးမြန်းနိုင်ပြီး လမ်းညွှန်မှုများ ရယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် MPT telecenter 40 ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကယားပြည်နယ် လွိုင်ကော်မြို့၊ ချင်းပြည်နယ် ဟားခါးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နှင့် သံတွဲမြို့၊ ရှမ်းပြည်နယ်တွင် ကျိုင်းတုံ၊ တောင်ကြီး၊ လားရှိုး၊ ညောင်ရွှေ၊ အေးသာယာနှင့် နမ့်ဆမ်မြို့များတွင် ဖွင့်လှစ်ထားသည်။

တိုင်းဒေသကြီးများတွင် စင်တာဖွင့်လှစ်ထားမှုမှာ ရန်ကုန်တိုင်းဒေသကြီး ဆူးလေနှင့် လမ်း ၄၀၊ မန္တလေးတိုင်းဒေသကြီးတွင် မန္တလေး၊ ညောင်ဦး၊ မိတ္ထီလာနှင့် မြင်းခြံမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် မုံရွာနှင့် ကလေးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် ပဲခူး၊ ပြည်၊ မင်းလှ၊ လက်ပံတန်း၊ ပေါက်ခေါင်းနှင့် တောင်ငူမြို့၊ မကွေးတိုင်းဒေသကြီးတွင် မကွေး၊ တောင်တွင်းကြီး၊ မင်းဘူး၊ ဂန့်ဂေါနှင့် အောင်လံမြို့၊ ဧရာဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ဟင်္သာတ၊ ဘိုကလေး၊ မြောင်းမြ၊ မြန်အောင်နှင့်မအူပင်မြို့၊ တနင်္သာရီတိုင်းဒေသကြီးတွင် ထားဝယ်၊ ပုလောနှင့် မြိတ်မြို့တို့ ဖြစ်သည်။

စင်တာများကိုအသုံးပြုသူများအနေဖြင့် နီးစပ်ရာ MPT အမှတ်တံဆိပ်စတိုးများတွင် ဖော်ပြပါ MPT telecenter အမှတ်တံဆိပ်ကို ရှာဖွေပြီး အသုံးပြုနိုင်မည်ဖြစ်ကာ MPT အနေဖြင့် telecenter များကို အများပြည်သူအသုံးပြုရန် ပိတ်ရက်မရှိ ဖွင့်လှစ်ပေးထားမည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း MPT telecenter စီမံကိန်းကို နိုင်ငံတစ်ဝန်းရှိနေရာအများအပြားတွင် ထပ်မံတိုးချဲ့ရန် စီစဉ်ထားပြီးဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သူရဖြိုး**

New Product

## ဈေးကွက်ထဲမရောက်ခင် ကြိုတင်စိတ်ဝင်စားမှု ရရှိနေတဲ့ Huawei Y9(2018)

Huawei Y9(2018)ဟာ ပြီးခဲ့တဲ့ သုံးရက်ခန့်ကမှ ထိုင်းနိုင်ငံမှာ စတင်မိတ်ဆက်ပြသခဲ့တာဖြစ်ပြီး ဈေးကွက်မှာ ရောင်းချခြင်း မရှိသေးဘဲ ဧပြီလထဲကျမှ စတင်ရောင်းချမယ်လို့ သိရပါတယ်။ မိတ်ဆက်ပြသခဲ့ရာမှာ ကင်မရာလေးလုံး ပါဝင်နေခြင်းနဲ့ စွမ်းဆောင်ရည်ပိုင်း မြင့်မားခြင်းတို့ကြောင့် Huawei Y9(2018)ကို ဈေးကွက်မရောက်ခင် ကြိုတင်စိတ်ဝင်စားမှုတွေ ရှိနေပါတယ်။

Y9(2018)ဟာ အလူမီနီယံကိုယ်ထည်ဖြစ်ပြီး မျက်နှာပြင်က ၅ ဒသမ ၉၃ လက်မ ရှိပါတယ်။ ခြောက်လက်မနီးပါးဖြစ်လို့ screen အရွယ်အစားကြီးတဲ့အထဲမှာ ပါဝင်ပြီး resolution က 1080x2160 ရှိတဲ့အတွက် ရုပ်ထွက်အရည်အသွေး ကောင်းမွန်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့လည်း နောက်ဆုံးထွက်ဖြစ်တဲ့ 8.0(Oreo)ကို ဟွာဝေးရဲ့နောက်ဆုံးထုတ် UI ဖြစ်တဲ့ EMUI 8.0 နဲ့ပေါင်းပြီး ထည့်သွင်းပေးထားပါတယ်။ CPU အနေနဲ့ Octa-core CPU ကို အသုံးပြုထားပြီး RAM 3GB နဲ့ အင်တာနယ်မင်မိုရီ 32GB ပါဝင်ပါတယ်။ မင်မိုရီကတ်ကိုလည်း 256GB အထိ ထပ်စိုက်သုံးနိုင်မှာဖြစ်ပြီး မင်မိုရီကတ်ကို ဒုတိယဆင်းကတ်နေရာမှာ ထည့်သုံးရမှာဖြစ်ပါတယ်။ ဒါကြောင့် မင်မိုရီကတ်သုံးရင် ဆင်းကတ်တစ်ကတ်ပဲ အသုံးပြုနိုင်မှာကတော့ အားနည်းချက်တစ်ခု ဖြစ်နေပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ်သုံးနိုင်မှာဖြစ်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၁၆ မဂ္ဂါပစ်ဇယ်နဲ့ ၂ မဂ္ဂါပစ်ဇယ် ကင်မရာတွေကို ပေါင်းထားပြီး ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို အရည်အသွေးမြင့် ရိုက်ကူးနိုင်ဖို့ ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေလည်း ထပ်ထည့်ပေးထားပါတယ်။ ရှေ့ဘက်ဆယ်လ်ဖီကင်မရာကလည်း ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ၂မဂ္ဂါပစ်ဇယ် ကင်မရာကို ပေါင်းထားလို့ စုစုပေါင်း ကင်မရာလေးလုံး ပါဝင်မှာဖြစ်ပါတယ်။

အခြားလုပ်ဆောင်ချက်တွေအနေနဲ့ ဖုန်းပြောနေချိန် ဆူညံသံတွေကို လျှော့ချပေးနိုင်မယ့် Dedicated mic, Fingerprint စနစ် စတာတွေလည်း ပါဝင်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 4000mAh ရှိတဲ့ Li-ion ဘက်ထရီကို အသုံးပြုထားလို့ စွမ်းရည်အထူးကောင်းမွန်ပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ ရွှေရောင်နဲ့ အပြာရောင်လို့ သုံးမျိုးရနိုင်မှာဖြစ်ပါတယ်။

ဧပြီလထဲမှာမှ စတင်ရောင်းချမယ့် Huawei Y9(2018) အတွက် ဈေးနှုန်း အတိအကျကို မသိရသေးပေမယ့် Huawei ဖုန်းတွေထဲမှာ YSeries တွေဟာ ဈေးနှုန်းသိပ်မြင့်လေ့မရှိတာကြောင့် Y9 ဟာလည်း အရမ်းဈေးမမြင့်ဖို့ မျှော်လင့်ထားကြပြီး မြင့်မားတဲ့ စွမ်းဆောင်ရည်ပိုင်းကြောင့် ဈေးကွက်ထဲမှာ ကြိုတင်စိတ်ဝင်စားနေကြတာဖြစ်ပါတယ်။

**သူရဖြိုး**

## တယ်လီနောက ဖွင့်လှစ်မည့် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများအတွက် စာရင်းပေးသွင်းနိုင်

**ရန်ကုန် မတ် ၁၆**
နိုင်ငံတစ်ဝန်းရှိ အလယ်တန်းနှင့် အထက်တန်း ကျောင်းသားကျောင်းသူများအား ကွန်ပျူတာအခြေခံနှင့် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုဆိုင်ရာများ သင်ကြားပေးသည့် နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများကို တယ်လီနောမြန်မာနှင့် KMD တို့ ပူးပေါင်း၍ အခမဲ့ ဖွင့်လှစ်ပေးလျက်ရှိရာ ပထမသုတ်သင်တန်းမှာ မတ် ၁၄ ရက်က ပြီးစီးခဲ့ပြီး ဒုတိယသုတ် သင်တန်းကို မတ် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ အဆိုပါသင်တန်းများတွင် တက်ရောက်လိုသူများအနေဖြင့် ထပ်မံဖွင့်လှစ်မည့် တတိယနှင့် စတုတ္ထသုတ် သင်တန်းများအတွက် နီးစပ်ရာ KMD စင်တာများတွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။



သင်တန်းတစ်သုတ်လျှင် ရှစ်ရက်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းကာလ နွေရာသီကျောင်းပိတ်ရက် သုံးလတာကာလအတွင်း လေးသုတ်ဖွင့်လှစ်ရန် ရည်မှန်းထားပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၅၀၀၀ ကျော်ကို ဒစ်ဂျစ်တယ်သင်တန်း ပို့ချပေးနိုင်ရန် ရည်ရွယ်ထားကြောင်း၊ အဆိုပါ နွေရာသီ ဒစ်ဂျစ်တယ်နည်းပညာသင်တန်းများကို ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် တယ်လီနောမြန်မာနှင့် KMD အပါအဝင် မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ဖွင့်လှစ်ပြီးစီးခဲ့သည့် ပထမသုတ်တွင် နိုင်ငံတစ်ဝန်းရှိ KMD စင်တာ ၁၃၃ ခု၌ ကျောင်းသားကျောင်းသူဦးရေ ၆၅၀၀ ကျော်ကို သင်ကြားပေးနိုင်ခဲ့ကြောင်း၊ ဧပြီလဆန်းမှစ၍ ထပ်မံဖွင့်လှစ်သွားမည့် တတိယနှင့် စတုတ္ထသုတ်များတွင် တက်ရောက်လိုသူများ အနေနှင့်လည်း KMD စင်တာများတွင် ကြိုတင် မေးမြန်း စုံစမ်းထားနိုင်ကြောင်း သိရသည်။

တယ်လီနောမြန်မာက ဖော်ဆောင်လျက်ရှိသည့် လူထုအကျိုးပြု စီမံကိန်းများအနက် တစ်ခုဖြစ်သည့် အဆိုပါ နွေရာသီဒစ်ဂျစ်တယ်နည်းပညာ သင်တန်းများကို မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု ပိုမိုကောင်းမွန်လာစေရန်နှင့် ကျေးလက်နှင့်မြို့ပြအကြား ဒစ်ဂျစ်တယ်နည်းပညာ တတ်မြောက်မှု ကွာဟချက်ကို လျော့ကျသွားစေရန် ရည်ရွယ်ကာ အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ပြီး ဤစီမံချက်တွင် KMD နှင့်အတူ Ericsson, Irrawaddy Green Towers နှင့် Myanmar ICT for Development Organization(MIDO) တို့ကလည်း တယ်လီနောမြန်မာနှင့် ပူးပေါင်းပါဝင်ထားကြောင်း သိရသည်။ **သူရဖြိုး**

## ကိုရီးယားရုပ်သံစီးရီးများကို အကန့်အသတ်မရှိ ကြည့်ရှုနိုင်မည့် အက်ပလီကေးရှင်းအသစ်ကို MPT စတင်မိတ်ဆက်

**ရန်ကုန် မတ် ၁၆**
ကိုရီးယား ရုပ်သံဇာတ်လမ်းများ၊ ကိုရီးယား Variety Show များကို အွန်လိုင်းမှတစ်ဆင့် အကန့်အသတ်မရှိ တိုက်ရိုက်ကြည့်ရှုနိုင်မည့် ထုတ်ကုန်သစ်တစ်ခုဖြစ်သော Shwe Stream အက်ပလီကေးရှင်းကို MPT က မတ် ၁၃ ရက်တွင် စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါ အက်ပလီကေးရှင်းကို MPT သုံးစွဲသူများ ရယူနိုင်မည်ဖြစ်သည်။

Shwe Stream အက်ပလီကေးရှင်းတွင် ပြည်တွင်း၌ လူကြိုက်များသည့် ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲများနှင့် Variety Show များစွာအပါအဝင် ရာပေါင်းများစွာသော ရုပ်ရှင်များနှင့် တီဗွီအစီအစဉ်များကို ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း၊ ကိုရီးယားရုပ်သံအစီအစဉ်များအပြင် ဂျပန်နှင့် ထိုင်း ရုပ်သံစီးရီးအချို့နှင့် အခြား ရုပ်သံအစီအစဉ်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် တစ်ရက်လျှင် ၉၉ ကျပ် ကျသင့်မည်ဖြစ်ပြီး ပထမတစ်ပတ် အသုံးပြုမှုကို အခမဲ့ အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ Shwe Stream ကို အသုံးပြုသူများအနေဖြင့် မည်သည့်နေရာတွင် ရောက်ရှိနေသည်ဖြစ်စေ မိုဘိုင်းလ်ဖုန်းများ၊ တက်ဘလက်များဖြင့် MPT ကွန်ရက်မှတစ်ဆင့် ရုပ်သံအစီအစဉ်များကို ကြည့်ရှုနိုင်မည်ဖြစ်သည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr.Reizo Umeda က “ဒီဝန်ဆောင်မှုဟာ ကြည့်ရှုမယ့်သူတွေ မျှော်လင့်နေကြတဲ့ လိုအပ်ချက်အတိုင်း သူတို့လိုချင်တဲ့အချိန်မှာ သူတို့နှစ်သက်တဲ့ ဖျော်ဖြေရေးအစီအစဉ်တွေကို ပေးစွမ်းသွားမှာဖြစ်ပါတယ်၊ အရည်အသွေးကောင်းမွန်တဲ့ ဗီဒီယိုတွေကြောင့် ကြည့်ရှုသူတွေအနေနဲ့ စိတ်ကျေနပ်မှု အပြည့်အဝရှိမယ်လို့လည်း ယုံကြည်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ ပိုပြီးတော့ကောင်းမွန်တဲ့ ဆက်သွယ်ရေး ကွန်ရက်တွေကို ပံ့ပိုးကူညီပေးနိုင်ရုံသာမက ကိုယ်လိုချင်တဲ့ ဝန်ဆောင်မှုကိုရယူနိုင်မယ့် အခပေး ရုပ်သံဝန်ဆောင်မှုစနစ်တစ်ခုကိုပါထောက်ပံ့သွားမှာဖြစ်ပါတယ်”ဟုပြောသည်။

Shwe Stream အက်ပလီကေးရှင်း ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် အက်ပလီကေးရှင်းကို ဖုန်းတွင် ထည့်သွင်းပြီး ဆက်လက်အသုံးပြုရမည်ဖြစ်ရာ အက်ပလီကေးရှင်း http://bit.ly/ShweStream Apk တွင် ဒေါင်းလုတ်ဆွဲ၍ ရယူနိုင်မည်ဖြစ်ပြီး အက်ပလီကေးရှင်းကို Android ဖုန်းများတွင်သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

## နိုင်ငံ ၁၀ နိုင်ငံသို့ ပိုသက်သာသောနှုန်းထားဖြင့် ဖုန်းခေါ်နိုင်မည့်အစီအစဉ် အူရီဒူးမိတ်ဆက်

**ရန်ကုန် မတ် ၁၆**
နိုင်ငံ ၁၀ နိုင်ငံသို့ ပို၍သက်သာသောနှုန်းထားဖြင့် ဖုန်းခေါ်ဆိုနိုင်သည့် အစီအစဉ်သစ်တစ်ခုကို အူရီဒူးမြန်မာက မတ် ၁၃ ရက်မှစ၍ ဝန်ဆောင်မှုပေးထားပြီဖြစ်ကြောင်း သိရသည်။

ထိုအစီအစဉ်သစ်တွင် အာရှ Pack နှင့် ဂျပန် MoZD Pack ဟု အစီအစဉ် နှစ်မျိုး ပါရှိမည်ဖြစ်ပြီး အာရှ Pack တွင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများ ပါဝင်ကာ ဂျပန် MoZD Pack တွင် ဂျပန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့ ပါဝင်သည်။ အူရီဒူးဆင်းကတ်သုံးသူများအနေဖြင့် ရက် ၃၀ သက်တမ်းရှိသော အာရှ Pack ကို ကျပ်ငွေ ၁၀၀၀ ဖြင့် စာရင်းသွင်းရယူပါက အာရှ Pack တွင် ပါဝင်သော နိုင်ငံများသို့ တစ်လအတွင်း တစ်မိနစ်လျှင် ၅၀ ကျပ်နှုန်းဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်သည်။ ရက် ၃၀ သက်တမ်းရှိသော ဂျပန် MoZD Pack ကိုမူ စာရင်းသွင်းခပေးစရာမလိုဘဲ ရယူနိုင်မည်ဖြစ်ပြီး တစ်မိနစ်လျှင် ကျပ် ၁၀၀ နှုန်းဖြင့် ဖုန်းခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။ အစီအစဉ်များကိုရယူရန်အတွက် *180# သို့ ဖုန်းခေါ်ဆိုပြီး ရယူနိုင်မည်ဖြစ်သည်။

အူရီဒူးဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် အဆိုပါ အာရှ Pack နှင့် ဂျပန် MoZD Pack အထူးအစီအစဉ်ကို ဧပြီ ၃၀ ရက်မတိုင်မီအတွင်း ရယူနိုင်ပြီး အစီအစဉ်တွင်ပါဝင်သော နိုင်ငံများသို့ သတ်မှတ်နှုန်းထားများဖြင့် အချိန်အကန့်အသတ်မရှိ ဖုန်းခေါ်နိုင်ပြီဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

# မုဒြာခေါ်သံရဲ့ဖန်တီးရှင်နှင့် တွေ့ဆုံခြင်း

**ကိုလင်း**

အနုပညာလောကအတွင်း သူ့ကြောင့်ပင် ဝေဖန်မှုများ၊ အပြန်အလှန်ဆွေးနွေးမှုများ၊ ငြင်းခုန်မှုများနှင့် ရေပန်းစားနေသူတစ်ဦး၊ အနုပညာလောကအတွင်း အသစ်သော ဆန်းသစ်မှုများကြောင့် ဥပါယ်တံမျဉ်တစ်ကားနှင့်ပင် ပရိသတ်ကြီးကို ဖမ်းစားနိုင်ခဲ့သူ အမျိုးသမီး ဒါရိုက်တာ ခရစ္စတီးနားခီအား ပရိသတ်ကြီး စိတ်ဝင်စားနေသည့် ဒုတိယမြောက်ခြေလှမ်း မုဒြာရဲ့ခေါ်သံ ရုပ်ရှင်ဇာတ်ကားကြီး ပုံဖော်ခဲ့ပုံများကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ယင်းဇာတ်ကားသည် ခေါင်းဆောင်မင်းသား ဇော်ခီးနှင့် မျက်နှာသစ်မင်းသမီးများဖြစ်သည့် လှယဉ်ကျေး၊ နန်းဝေဝေထွန်းတို့ဖြင့် ရိုက်ကူးထားပြီး ဓာတ်ပုံဒါရိုက်တာအဖြစ် မောင်မောင်သာမြင့်က အားဖြည့်ထားသည်။

**မေး ။ မုဒြာရဲ့ခေါ်သံ မွေးဖွားလာမှုကို ပြောပြပါဦး။**

ဖြေ ။ အမှန်ကတော့လေ ကျွန်မအသက် ၁၅ နှစ်လောက်ကတည်းက ဖလင်စကူးလ်မှာ ကျောင်းတက်ခဲ့ဖူးတယ်။ အဲဒီကစတာပါ။ ဒီလိုစတိုရီမျိုး အချစ်ဇာတ်လမ်းလေးတစ်ခု ခေါင်းထဲမှာရှိထားခဲ့တယ်။ မြန်မာနိုင်ငံကို ပြန်လာတဲ့အချိန်မှာ သူဌေးဦးရဲမင်းနဲ့ တွေ့တယ်။ သူတို့ဘက်ကလည်း မြန်မာနိုင်ငံရဲ့သဘာဝအလှအပ၊ ယဉ်ကျေးမှု၊ အနုပညာတွေနဲ့ ပတ်သက်ပြီး ဇာတ်လမ်းလေးရိုက်ချင်တယ်။ ရိုက်တဲ့အခါမှာလည်း မြန်မာ့အလှအပတွေ၊ Location တွေ၊ Culture တွေကို Documentary ဇာတ်လမ်းဆန်ဆန် ရိုက်ကူးမယ်ပေ့ါ။ ကိုယ်ကလည်း နဂိုရိုက်ထားတဲ့ ဇာတ်လမ်းလေးကို ပြလိုက်တာ။ ပြောပြလိုက်တဲ့အချိန်မှာ တကယ်ကို ရိုက်ဖြစ်သွားခဲ့တယ်။



**မေး ။ ဒီဇာတ်ကားကို ဘာဖြစ်လို့ မုဒြာရဲ့ခေါ်သံလို့ ပေးထားတာလဲ။**

ဖြေ ။ မုဒြာဆိုတာက ကျွန်မတို့ မြတ်စွာဘုရားရဲ့သဏ္ဍာန်ကို ထုလုပ်ကြတဲ့နေရာမှာ လက်အနေအထား ပုံစံတွေအများကြီး ရှိတယ်လေ။ အဲဒီလိုပဲ မြန်မာ့အကမှာလည်း လက်ဟန်လေးတွေအများကြီးရှိတယ်။ ဟိန္ဒူဘာသာမှာလည်းရှိတယ်။ ကျွန်မတို့နိုင်ငံနဲ့ အနီးစပ်ဆုံး လက်ဟန်လေးက ပြောရမယ်ဆိုရင် တိုင်းပြည်ကို တင်စားလိုက်တာပါ။ မုဒြာခေါ်သံဆိုတာကတော့ တိုင်းပြည်က ပြန်ခေါ်နေတဲ့အသံလို့ ပြောရမှာပဲ။

**မေး ။ မုဒြာရဲ့ခေါ်သံက ရိုက်ထားတာ လေးနှစ်လောက်ရှိပြီဆိုတော့ အခုချိန်မှာ ပြသခွင့်ရတာ ဒါရိုက်တာအနေနဲ့ ဘယ်လိုသဘောရလဲ။**

ဖြေ ။ ရုပ်ရှင်ကားတိုင်းကိုတော့ ကျေနပ်မှု ၁၀၀ ရာခိုင်နှုန်း မရရှိသေးပါဘူး။ ဒါပေမယ့်လည်း ရိုက်ကူးတဲ့ အချိန်မှာတော့ အကောင်းဆုံး အစွမ်းကုန်ကြိုးစားခဲ့ပါတယ်။ ပင်ပန်းခဲ့ရတာတွေကတော့ ပြောရင်တောင် မကုန်နိုင်ဘူးလေ။ အခုပြန်ကြည့်တဲ့အချိန်မှာ ပရိသတ်ကို ကြိုက်စေချင်တယ်။ ကြိုက်မယ်လို့ လည်း ထင်ပါတယ်။ သို့သော်လည်း နှစ်လည်း နည်းနည်းကွာတော့ လိုအပ်ချက်လေးတွေ၊ ခေတ်မမီတော့တာလေးတွေ ရှိနေမှာပါ။

**မေး ။ အမှတ်ရဆုံး မုဒြာခေါ်သံက အခက်အခဲတွေကို ပြောပြပါလား။**

ဖြေ ။ လွန်ခဲ့တဲ့လေးနှစ်က Drone လည်း ခေတ်မစားသေးဘူးလေ။ လက်လုပ်ပစ္စည်းတွေပေ့ါ။ တော်တော်လေးလက်ဝင်တယ်။ နောက်တစ်ခုက ဘတ်ဂျက်ကလည်း လုံးဝမလုံလောက်ဘူး။ လိုအပ်တဲ့ စက်ပစ္စည်းတော်တော်များများက အခက်အခဲဖြစ်ပါတယ်။ မီးတွေဘာတွေလည်း လိုအပ်သလောက် မရဘူး။ ရုပ်ရှင်ကင်မရာဆိုလည်း ဈေးအပေါ်စားသုံးခဲ့ရတာ။ ဘတ်ဂျက်အားနည်းတဲ့အတွက် ဖြစ်ချင်သလောက် ဖြစ်ခွင့်မရခဲ့တာတွေရှိတယ်။ နောက်တစ်ခုက ရိုက်နေရင်းနဲ့ ရိုက်ကူးရေးက သုံးလလောက်ကို လုံးဝပြတ်တောက်သွားခဲ့ရတယ်။ သုံးလလောက်နားပြီးမှ သရုပ်ဆောင်တွေကို ပြန်ပြီးစုစည်းရတယ်။ သရုပ်ဆောင်တွေ ပြန်ပြီးစုပြီးတဲ့အချိန်ကျတော့ မိုးတွင်းရောက်သွားပြန်တယ်။ အခက်အခဲတွေ၊ စိန်ခေါ်မှုတွေအပြည့်နဲ့ ဒီဇာတ်ကားလေးကို ရိုက်ကူးခဲ့တာပါ။ ထုတ်လုပ်တဲ့အခါ၊ ပြန်လည်တည်းဖြတ်တဲ့အခါတွေမှာလည်း ငွေကြေးအဆင် မပြေတော့ ကိုယ့်အိမ်လေးထဲမှာပဲ အဆင်ပြေအောင် လုပ်ခဲ့ရတာတွေက မမေ့နိုင်စရာတွေပေ့ါ။

**မေး ။ နိုင်ငံခြားမှာ ပြသခွင့်ရတယ်ဆိုတော့ မြန်မာ့ခရီးသွားကဏ္ဍအတွက် အများကြီးအထောက်အပံ့ဖြစ်လာမယ်လို့ ထင်သလား။**

ဖြေ ။ နိုင်ငံတကာ film festival တွေကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ဒီလိုမျိုး Culture တွေ ပါရုံနဲ့တော့ မရွေးပါဘူး။ သူတို့အတွက် ထူးခြားတဲ့ ဇာတ်လမ်းတော့ ရှိရမှာပါ။ ဒီဇာတ်က ငြိမ်ငြိမ်လေး သွားတယ်ဆိုပေမယ့်လည်း သူတို့အမြင်မှာတော့ ကျွန်မတို့ရဲ့ Culture သူတို့နဲ့ ကွဲပြားတယ်ပေ့ါနော်။ အဲလိုဖြစ်မယ်ထင်ပါတယ်။ Culture နဲ့ ပတ်သက်တာပဲဖြစ်ဖြစ် Tourism ပိုင်းကတော့ လာလည်ချင်စရာ ကောင်းပါတယ်။ ဒါပေမယ့်အမှန်အတိုင်း ပြောရရင် ကျွန်မတို့ မြန်မာပြည်ကတော့ ကျွန်မရောက်ဖူးတဲ့ နိုင်ငံတွေထက်စာရင် ဈေးကြီးတယ်။ ဝန်ဆောင်မှုကလည်း အများကြီးကြိုးစားရဦးမယ်။ နောက်တစ်ခုက ကျွန်မတို့နိုင်ငံမှာ Tourism မြို့တော်ဖြစ်လာဖို့ဆိုရင် အားလုံးလာလည်တဲ့အခါ ပျော်ပျော်လေးနဲ့ Service လေးလည်း ကောင်းပြီး Comfortable လည်းဖြစ်ဖို့ လိုတယ်ရှင့်။ ဒါမှသာ Tourism နဲ့ ပိုက်ဆံရှာလို့ရမှာပါ။

**မေး ။ မုဒြာရဲ့ခေါ်သံက ရုံတင်တော့မယ်ပေ့ါနော်။ တစ်ဖက်မှာလည်း ပရိသတ်အားပေးတဲ့ကားတွေနဲ့ အပြိုင် ရုံတင်မယ်ဆိုတော့ စိတ်လှုပ်ရှားမှုရော ဖြစ်လား။**

ဖြေ ။ အဲဒါကတော့ ဘယ်လိုမှ မဖြစ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အမေရိကားမှာနေတုန်းက ရုပ်ရှင်ရုံတွေက မျက်နှာချင်းဆိုင်တောင်ရှိတာ။ အဲဒီမှာ ရုပ်ရှင်ကားတွေက မျက်နှာချင်းဆိုင်ပြီး တစ်ရုံမှာ တစ်ကားပြနေကြတာပဲ။ ပြီးတော့ နိုင်ငံခြားမှာဆိုရင် ဒါရိုက်တာကြီးတွေ ရှိပါတယ်။ သူတို့ကားတွေ ထွက်တိုင်းလည်း တစ်ယောက်နဲ့တစ်ယောက် ပြိုင်ကြတာမှ မဟုတ်တာ။ ရုပ်ရှင်သည် ပြိုင်ဆိုင်စရာ မဟုတ်ဘူးလို့ ကျွန်မသတ်မှတ်ပါတယ်။ အနုပညာဆိုတာ ကိုယ်ခံစားတဲ့ အရာလေးတစ်ခုကို ချပြလိုက်တယ်။ ကိုယ့်ပရိသတ်နဲ့ ကိုယ်ဖြစ်လာကြတယ်။ ကိုဝိုင်းနဲ့ ဖွေးဖွေးကလည်း ပရိသတ်လက်ခံပြီးသား လူတွေဖြစ်လို့ သူတို့ပရိသတ်က ခိုင်မာမှာပဲ။ ကျွန်မတို့ရဲ့ ဥပါယ်တံမျဉ် ပရိသတ်ကလည်း ပံ့ပိုးပေးလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ။

## ပန်းချီဆရာကြီးဦးမင်းကြည်၏ ပန်းချီကားများအား ပြင်သစ်တွင်ပြသမည်



ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် မွေးဖွားခဲ့သည့် ပန်းချီဆရာကြီး ဦးမင်းကြည်သည် ပန်းချီဆရာကြီး ဦးကြီးစိန်၏ တပည့်များအနက် အထင်ရှားဆုံး တပည့်တစ်ဦးဖြစ်သည်။ မြန်မာ့ပန်းချီလောက၏ အထင်ကရ ပန်းချီပညာရှင်တစ်ဦးလည်းဖြစ်ပြီး မြန်မာ့ယဉ်ကျေးမှု အနုပညာ အမွေအနှစ်များ၊ လူနေမှုဘဝ ပုံစံများကို သဘာ ဝကျကျ ရေးဆွဲတတ်သူဟူ၍ လူသိများသည်။

ယခုအခါ ပန်းချီဆရာကြီး ဦးမင်းကြည်၏ ပန်းချီကားများကို ထိန်းသိမ်းစောင့်ရှောက်ထားသူတစ်ဦးက ပြင်သစ်နိုင်ငံသို့ လာမည့် ၂၀၁၉ ခုနှစ်အတွင်း သွားရောက်ပြသရန် ရည်ရွယ်ထားကြောင်း မြန်မာ့အလင်းသို့ ပြောပြသည်။

“ဆရာကြီးကို လေးစားတဲ့အတွက် ဆရာ့ရဲ့ပန်းချီကားတွေကို ဝါသနာရှင်တစ်ဦးက ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပါတယ်၊ ဆရာ သက်ရှိထင်ရှားရှိစဉ်ကတည်းက ဝယ်ယူစုစောင်းထားခဲ့တာပါ၊ ဆရာ့ပန်းချီကားတွေဟာ မြန်မာနိုင်ငံမှာ သာမက နိုင်ငံအနှံ့မှာလည်း ရှိနေပါတယ်၊ ဆရာကြီးကတော့ ၁၉၄၀ ကနေ ၂၀၀၈ ခုနှစ်အထိ ခေတ်စနစ်အသီးသီးကို ဖြတ်သန်းခဲ့ရပြီး ပန်းချီကားတွေကိုလည်း နှစ်ပေါင်းများစွာ ဆက်တိုက်ရေးဆွဲနိုင်ခဲ့တဲ့ အာရှရဲ့ထူးခြားဆုံး ပန်းချီအနုပညာရှင်တစ်ဦးလည်း ဖြစ်ပါတယ်၊ ၂၀၀၈ ခုနှစ် ဇူလိုင် ၂၇ရက်မှာ ကင်ဆာရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ၊ သူ့ရဲ့ ပန်းချီကားအချို့ဟာ ဒေါ်လာ သန်းချီတဲ့အထိ ပန်းချီလောကထဲမှာဈေးရရှိခဲ့ပါတယ်”ဟုပန်းချီပညာရှင် ဦးဝင်းကြည်က ပြောသည်။

ဦးမင်းကြည်၏ ကိုယ်တိုင်ရေး ပန်းချီကား ၇၀ ကျော်အား မတ် ၁၇ရက်မှ ၃၀ ရက်အထိ ကွယ်လွန်ခြင်း ၁၀ နှစ် ပြည့်အဖြစ် အမျိုးသားပြတိုက်တွင် ပြသသွားမည်ဖြစ်ပြီး ၂၀၁၉ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်လည်း သွားရောက်ပြသနိုင်ရန်အတွက် ပန်းချီချစ်မြတ်နိုးသူ စင်ကာပူနိုင်ငံသား တစ်ဦးက ဦးဆောင်၍ ကြိုးပမ်းနေပြီဖြစ်ကြောင်း သိရှိရသည်။

**ကိုလင်း**

## တေးသံရှင် ၁၆ ဦး ပါဝင်သီဆိုထားသော "17 Feeling" တေးစီးရီးထွက်ရှိမည်

အဲရစ်သုတ ဦးစီးစီစဉ်သော "17 Feeling" ဒီဗွီဒီကာရာအိုကေ သီချင်းခွေတွင် တေးသံရှင် ၁၆ ဦးပါဝင်သီဆိုထားပြီး မတ် ၂၅ ရက်တွင် မန်းသီရိ တေးသံသွင်းမှ ဖြန့်ချိမည်ဖြစ်ကြောင်းသိရသည် ။



"Master Rock Music Band နဲ့အတူ ဇော်ကိုက အောင်ထက်နဲ့ R ဇာနည်ကို အကူအညီတောင်းပြီးတော့ ထည့်တယ်၊ သူတို့တွေ ကိုယ့်ညီအစ်ကိုအရင်းတွေလို ကူညီပေးကြပါတယ်၊ ဒါကြောင့် ဒီအခွေလေးဖြစ်လာတယ်၊ ကျွန်တော့်ရဲ့ ဒီသီချင်းခွေကို အချိန်ခြောက်လယူပြီး လုပ်ကိုင်ခဲ့ပါတယ်၊ ကျွန်တော်က ဒီသီချင်းခွေမှာ သီချင်းနှစ်ပုဒ်ဆိုထားပါတယ်”ဟု ယင်းခွေစီစဉ်သူ တေးသံရှင် အဲရစ်သုတက ပြောသည်။

ယင်းသီချင်းခွေတွင် တေးသံရှင်များ အဖြစ် R ဇာနည်၊ အဲရစ်သုတ၊ အောင်ထက်၊ နန်းမြတ်သန္တာကို၊ နေခြည်၊ ဇော်ကို၊ ဂျွန်ဟိန်း၊ မင်းဇေယျ၊ ခင်သစ္စာ၊ မေနှင်းဆီ၊ လင်းထက်၊ ဂျန်ဂျန်၊ မြူရှင်၊ ရာမ၊ ယွန်းနဒီအောင်နှင့် ဆူးအိမ်ဇင်တို့၏ သီချင်း ၁၇ ပုဒ်ပါဝင်ပြီး တေးရေးဆရာ ဖိုးတု၊ သာဒီးလူ၊ အေးမင်း၊ ဇွဲနောင်၊ ဇွဲလှိုင်ထူး၊ အောင်ဆုပြည့်၊ မြတ်ချာန်အောင်၊ မေကြည်၊ ဒိုဒိုးနှင့် ဂျဲလေးတို့က ရေးသားထားကြသည်။

**ကိုလင်း**

## စင်ကာပူနိုင်ငံသို့ သွားရောက်ဖျော်ဖြေမည့် မြန်မာသံ အဆိုတော် မေသက်ထားဆွေ

တတိယတန်းကျောင်းသူ အရွယ်ကစပြီး ၂၀၁၁ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးတွင် ပြုလုပ်ခဲ့သည့် ဆို၊ က၊ ရေး၊ တီး သီချင်းဆိုပြိုင်ပွဲတွင် “စန္ဒကိန္နရီ မောင်နှံ” သီချင်းဖြင့် ရွှေတံဆိပ် ဆွတ်ခူးခဲ့သူ မေသက်ထားဆွေသည် ၂၀၁၃ ခုနှစ်အစတွင် စန္ဒကိန္နရီ မောင်နှံ တေးစီးရီးကိုလည်းကောင်း၊ အပျိုစင်၊ မင်းကို၊ တောပန်းကလေး၊ ကောင်းခြင်းမင်္ဂလာ၊ တရားနာကြွတော်မူပါ စသည့်တေးစီးရီးများကိုလည်းကောင်း ထွက်ရှိထားသူလည်း ဖြစ်သည်။

‘ဂီတတံခါးလေးဖွင့်ပါဦး’နှင့် ‘ကြယ်ကလေးတွေရဲ့ကမ္ဘာ’ စသည့် ကလေးသီချင်းဆိုပြိုင်ပွဲများတွင်လည်း ဆုတံဆိပ်များဆွတ်ခူးနိုင်ခဲ့ပြီး မြန်မာသံပရိသတ်များ၏ အားပေးမှုများ ရရှိပိုင်ဆိုင်နိုင်ခဲ့သူ မေသက်ထားဆွေက စင်ကာပူရောက် မြန်မာပရိသတ်များ၏ ဖိတ်ကြားချက်အရ မေ ၁၈ ရက် မွန်းလွဲ ၁ နာရီမှ ၅ နာရီအထိ တစ်ကိုယ်တော်ဖျော်ဖြေမှုအစီအစဉ် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။



“ဒီနေ့ပွဲက ကျွန်မငယ်ငယ်က စန္ဒကိန္နရီ တေးသီချင်းနဲ့ယှဉ်ပြိုင်ခဲ့တဲ့ ငါးနှစ်ပြည့် အထိမ်းအမှတ်နဲ့ စင်ကာပူမှာ ဖျော်ဖြေပွဲလုပ်ဖို့ မိတ်ဆက်ဖြစ်တာ ဖြစ်ပါတယ်၊ စင်ကာပူ သင်္ကြန်၌ ဖျော်ဖြေရေးလုပ်တဲ့အချိန်မှာ အမာခံပရိသတ်တွေရှိတယ်လို့လည်း သိရတယ်၊ ဒါကြောင့် ပထမဆုံး တစ်ကိုယ်တော် ဖျော်ဖြေရေးပွဲ လုပ်ဖြစ်တာပါ၊ မြန်မာသံစဉ်လေးတွေနဲ့ အကောင်းဆုံး သီဆိုဖျော်ဖြေမှာ ဖြစ်ပါတယ်”ဟု တေးသံရှင် မေသက်ထားဆွေက ပြောသည်။

အဆိုပါ ဖျော်ဖြေပွဲတွင် မေသက်ထားဆွေနှင့်အတူ ဧည့်သည့်တော် တေးသံရှင်များဖြစ်သော မင်းအောင်နိုင်၊ ငြိမ်းတိုး၊ သီရိသိန်းတန်နှင့် ဖြူစင်ဝင်းသန့်တို့က တေးသီချင်း အပုဒ် ၂၀ ကျော် သီဆိုဖျော်ဖြေမည်ဖြစ်ပြီး လက်မှတ်တစ်စောင်လျှင် စင်ကာပူဒေါ်လာ ၂၀ ဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

# ဘီယွန်စေးလ်နဲ့အတူတွဲပြီး အံ့သြဖွယ်ရာဖျော်ဖြေမှုတွေလုပ်မယ့် ဂျေဇီး

ဘီယွန်စေးလ်ဟာ ဧပြီလအတွင်းမှာ ကျင်းပမယ့် ဂီတပွဲတော်မှာအကောင်းဆုံးဖျော်ဖြေမှုတွေပြုလုပ်သွားဖို့ ပြင်ဆင်နေပါတယ်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းမှာဖျော်ဖြေပွဲ ပြုလုပ်ပြီးတဲ့နောက် ဒါဟာ ဘီယွန်စေးလ်အတွက် ပထမဦးဆုံးအကြိမ် စင်ပေါ်ပြန်တက်တာပဲဖြစ်တယ်။ On The Run Tour 2 ဆိုတဲ့ ဖျော်ဖြေပွဲမှာ ဘီယွန်စေးလ်ဟာ သူ့ရဲ့ခင်ပွန်းဖြစ်သူ ဂျေဇီးနဲ့အတူ လက်တွဲပြီး လုပ်ဆောင်သွားမှာပါ။ ဂျေဇီးဟာ သူ့ရဲ့ဖျော်ဖြေမှုအတွက် အစမ်းလေ့ကျင့်မှုတွေကို လျှို့ဝှက်ထားပြီး ပရိသတ်ကို အံ့အားသင့်အောင်လုပ်ချင်တယ်လို့ဆိုပါတယ်။

အဲဒီပွဲမှာ ဂျေဇီးဟာ သူ့ရဲ့ဇနီးဖြစ်သူကို အကောင်းဆုံးထောက်ပံ့ပေးသူဖြစ်လိုတယ်။ လာမယ့်ပွဲတွေအတွက်လည်း အထောက်အကူဖြစ်အောင် ပရိုမိုးရှင်းလည်း လုပ်ချင်တယ်လို့ ဆိုပါတယ်။ ဂျေဇီးကော ဘီယွန်စေးလ်ပါ Coachella မှာ ပြုလုပ်မယ့်ပွဲအတွက် အလွန်ကို စိတ်လှုပ်ရှားနေပါတယ်လို့ သူတို့ နှစ်ယောက်လုံးနဲ့ရင်းနှီးသူက ပြောပါတယ်။ ဘီယွန်စေးလ်ဟာလည်း အစမ်းလေ့ကျင့်မှုတွေပြန်လုပ်နေပါပြီ။ အဲဒီပွဲမှာ ဘီယွန်စေးလ်ဟာ ကြယ်ပွင့်တစ်ပွင့်ဖြစ်လာမှာ မလွဲပါဘူး။ ဇနီးမောင်နှံနှစ်ဦးစလုံးက အတူဖျော်ဖြေမှုလုပ်မယ်ဆိုတော့ ထပ်ပြောစရာကိုမလိုတော့ပါဘူး။ **ဟောလိဝုဒ်လိုက်ဖ်**



# ဆယ်မန်ခန်ပါဝင်သရုပ်ဆောင်ထားသည့် Race 3 ဇာတ်ကား ဇွန်လအတွင်း ရုံတင်တော့မည်

ဘောလိဝုဒ်စူပါစတား ဆယ်မန်ခန်ဟာ သည်းထိတ်ရင်ဖို အက်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ Race 3 ဇာတ်ကားမှာပါဝင်သရုပ်ဆောင်ထားပါတယ်။ ဆယ်မန်ခန်ရဲ့ ဇာတ်ကားသစ်ကို စောင့်မျှော်နေကြတဲ့ ပရိသတ်တွေအတွက်တော့ သတင်းကောင်းတစ်ခုပါပဲ။ အခုအခါမှာတော့ မကြာခင်မှာ ပြသတော့မယ့် Race 3 ဇာတ်ကားရဲ့ရုပ်ရှင်ပိုစတာထွက်ပေါ်လာပြီပဲဖြစ်တယ်။ ဆယ်မန်ခန်က သူ့ရဲ့တွစ်တာအကောင့်မှာလည်း Race3 ဇာတ်ကားရုံတင်ပြသဖို့ အချိန်သုံးလကျော်သာ စောင့်ဆိုင်းရတော့မယ်လို့ရေးသားထားပါတယ်။ Race 3 ဇာတ်ကားမှာပါဝင်တဲ့သရုပ်ဆောင်တွေကတော့ ဆယ်မန်ခန်၊ အန်နီရယ်ကပူး၊ ဂျာကူ လင်းဖာနန်ဒတ်၊ ဘော်ဘီ ဒီအို အစရှိတဲ့သရုပ်ဆောင်တွေပါဝင်ကြပါတယ်။

Race ဇာတ်ကားတွေဟာအောင်မြင်တဲ့ဇာတ်ကားတွေဖြစ်ခဲ့ပြီး Race1 နဲ့ Race2 မှာတော့ အဓိကသရုပ်ဆောင်တွေအဖြစ် ဆာအစ်ဖ်အလီခန်နဲ့ အန်နီရယ်ကပူးတို့က အဓိကသရုပ်ဆောင်တွေအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့ကြပါတယ်။ Race ဇာတ်ကားရဲ့ပထမဦးဆုံးကားကတော့ ၁၉၉၈ခုနှစ်က ဟောလိဝုဒ်ရုပ်ရှင်ကားဖြစ်တဲ့ Goodby Lover ဆိုတဲ့ဇာတ်ကားကို အနည်းငယ် မှီငြမ်းထားပါတယ်။ Race နဲ့ Race2 ဇာတ်ကားတို့ကို ၂၀၀၈ခုနှစ်နဲ့ ၂၀၁၃ခုနှစ်တို့မှာရုံတင်ပြသခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၁ သန်းကျော်ဝင်ငွေရရှိခဲ့ပါတယ်။ အခု Race 3 ဇာတ်ကားကိုလည်း ၂၀၁၈ ခုနှစ် ဇွန်လ ၁၅ရက်နေ့မှာ ရုံတင်တော့မှာပါ။ ဘောလိဝုဒ်ရုပ်ရှင်ကြိုက်နှစ်သက်တဲ့ ပရိသတ်တွေ စောင့်မျှော်ကြရမယ့် ဇာတ်ကားတစ်ကားဖြစ်လာတော့မှာပါ။ Etimes



မြိုး

# ပြည်သူလူထု ကျန်းမာရေးလုံခြုံမှု တည်ဆောက်နိုင်ရေးစီမံချက် အသိပေးရှင်းလင်း

**တာချီလိတ် မတ် ၁၆**

မဲခေါင်မြစ်ဝှမ်းဒေသနေ ပြည်သူလူထု၏ ကျန်းမာရေးလုံခြုံမှု တည်ဆောက်နိုင်ရေး စီမံချက် (GMS Health Security Project-Greater Mekhong Sub-Region)နှင့် ပတ်သက်၍ အသိပေးရှင်းလင်းပွဲကို မတ် ၁၃ ရက်က ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှင်းလင်းပွဲတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက အမှာစကားပြောကြားပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဉာဏ်ဝင်းမြင့်က မဲခေါင်မြစ်ဝှမ်း ခြောက်နိုင်ငံမှ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့တွင် အာရှဖွံ့ဖြိုးရေးဘဏ် (ADB)ချေးငွေ အစီအစဉ်ဖြင့် တရုတ်နှင့် ထိုင်းနိုင်ငံတို့ပါဝင်သည့် GMS Health Security Project ကို အကောင်အထည်ဖော်မည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ခြောက်ခုရှိ မြို့နယ် ၁၂ ခု၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်ပြည်သူ့ကျန်းမာရေးနှင့် ဓာတ်ခွဲမှုဆိုင်ရာဌာန(NHL)မှ ဒေါက်တာ အေးနှင်းဖြူက GMS Health Security Project ၏ Annual Operation Plan တွင် ရောဂါရှာဖွေရေး အဆင့်မြင့်ဓာတ်ခွဲခြင်းမှာ အဓိကကဏ္ဍမှ ပါဝင်ရာ လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ကူညီဆောင်ရွက်ပေးနိုင်သည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အဖွဲ့အစည်းများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

အဆိုပါ GMS Health Security Project စီမံချက်လုပ်ငန်းများတွင် ကူးစက်ရောဂါနှင့် အသစ်ဖြစ်ပေါ်လာသော ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး၊ မဲခေါင်မြစ်ဝှမ်းဒေသ နိုင်ငံအချင်းချင်း ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးနှင့် စောင့်ကြပ်ကြည့်ရှုရေး၊ သတင်းအချက်အလက်များ ပူးပေါင်းဖလှယ်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း၊ နယ်စပ်ဝင်ပေါက်များတွင် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြှင့်တင်ခြင်း၊ နယ်စပ်ဒေသရှိ ဆေးရုံ ဓာတ်ခွဲခန်းများကို အဆင့်မြှင့်တင်ခြင်းနှင့် အရည်အသွေးဆန်းစစ်ခြင်း၊ ဆေးရုံများတွင် ကူးစက်ရောဂါများ ဖြစ်ပွားလာပါက သီးသန့်လူနာခန်းများ ထားရှိနိုင်ရန် လိုအပ်ချက်များဖြည့်ဆည်းပေးရေးနှင့် ဆေးရုံအတွင်း ကူးစက်ရောဂါများ ပြန့်ပွားမှုမရှိရေး စသည့် လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပွဲတွင် တာဝန်ရှိသူများ၏ ဆွေးနွေးချက်များအရ သိရသည်။




**ဝေယံလင်း(ပြန်/ဆက်)**

# ဥရောပတက္ကသိုလ်သုံးခု ပါဝင်၍ ပညာရေးလုပ်ငန်းတိုးတက်ရေး အကြိုညှိနှိုင်းဆွေးနွေး

**မြိတ် မတ် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်တက္ကသိုလ် ပုလဲသစ္စာခန်းမ၌ မြန်မာနိုင်ငံမှ တက္ကသိုလ် လေးခုနှင့် ဥရောပတက္ကသိုလ် သုံးခုတို့ ပါဝင်၍ ပညာရေးလုပ်ငန်း တိုးတက်ရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲကို မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်တွင်းတက္ကသိုလ်များဖြစ်သည့် မန္တလေးတက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ သစ်တောတက္ကသိုလ်(ရေဆင်း)နှင့် ဥရောပနိုင်ငံ တက္ကသိုလ်များဖြစ်သည့် စပိန်၊ ဂျာမနီနှင့် ဩစတြေးလျနိုင်ငံတို့မှ တက္ကသိုလ် သုံးခုတို့ ပါဝင်ကာ မြန်မာ့ငှက်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းတို့ ပူးပေါင်း၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဆွေးနွေးပွဲကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးပြီး မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီနီဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် Natural Resources and life sciences မှ Dr.Swen Renner နှင့် Harrison Institute,UK မှ Dr. Paul Bates တို့က ပညာရေးလုပ်ငန်းတိုးတက်ရေး စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြသည်။




ဆွေးနွေးပွဲတွင် တက္ကသိုလ်များစုပေါင်းပြီး ပညာရေးမြှင့်တင်မှုလုပ်ငန်းများ၊ လုပ်ဆောင်ချက်များ ဘယ်လိုပူးပေါင်းဆောင်ရွက်ကြမည်လဲ ဆိုသည်ကို အဓိကထားဆွေးနွေးခဲ့ကြကြောင်း၊ ယခုလို ဆွေးနွေးပွဲပြုလုပ်သည့်အတွက် မြိတ်တက္ကသိုလ်အနေဖြင့် နိုင်ငံတကာတက္ကသိုလ်များနှင့်ချိတ်ဆက်နိုင်ပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်ကာ ပြည်ပ တက္ကသိုလ်များသို့ သွားရောက်လေ့လာရန် အခွင့်အရေးများလည်း ရှိလာမည်ဖြစ်ကြောင်း၊ ဆရာ ဆရာမများအတွက် သင်ကြားရေးမြှင့်တင်မှုသင်တန်းများ ရရှိရန်လည်း မျှော်လင့်မိကြောင်း မြိတ်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာနီနီဦးက ပြောသည်။

သုံးရက်ကြာ ကျင်းပခဲ့သည့် အဆိုပါဆွေးနွေးပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ကထိကများ၊ တနင်္သာရီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီချို၊ မြန်မာ့ငှက်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအသင်းမှ တာဝန်ရှိသူများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# လေပြင်းဒဏ်ခံနိုင်မှုအားနည်းသည့် လူနေအိမ်များကို ပြင်ဆင်ရန် ထောက်ပံ့ငွေများပေးအပ်

**ဟိုင်းကြီးကျွန်း မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့ ဒီးဒူးကုန်းကျေးရွာ၌ တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ မတ် ၁၄ ရက်က တွေ့ဆုံ၍ လေပြင်းဘေးကြိုတင်ပြင်ဆင်ရေး ကော်မတီကို ဖွဲ့စည်းကာ ကျေးရွာအတွင်းမှ လေပြင်းဒဏ်ခံနိုင်မှုအားနည်းသည့် လူနေအိမ်များကို ပြင်ဆင်ရေးအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီးဒူးကုန်းကျေးရွာ အုပ်စုအတွင်းရှိ လေပြင်းဒဏ်ခံနိုင်မှုအားနည်းသည့် လူနေအိမ်များသို့ အမိုး၊ အကာ၊ ဝါးများ ဝယ်ယူရန် တစ်အိမ်လျှင် ထောက်ပံ့ငွေ ကျပ် ၁၅၀၀၀ နှင့် ပြင်ဆင်ရန်လုပ်အားခ ကျပ် ၂၀၀၀ နှုန်းဖြင့် စုစုပေါင်း အိမ်ခြေ ၂၅၀ အတွက် ထောက်ပံ့ငွေ ကျပ် ၃၇ သိန်းခွဲကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးမှူး ဦးသိန်းဝင်းထွဋ်က ကျေးရွာအုပ်စုကော်မတီနှင့် ကျေးရွာခွဲကော်မတီများဖွဲ့စည်း၍ တာဝန်ရှိသူများထံသို့ ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ယင်းကော်မတီဝင်များက မိမိတို့ကျေးရွာများရှိ နေအိမ်ပြင်ဆင်မည့်အိမ်ထောင်စုများနှင့်တွေ့ဆုံကာ ပြင်ဆင်မည့်အစိတ်အပိုင်းများနှင့်ပတ်သက်၍ စာရင်းများပြုစုခြင်း၊ ပစ္စည်းများဝယ်ယူခြင်းအပြင် အိမ်တိုင်ရာရောက် သယ်ယူစရိတ်များကိုပါ ထောက်ပံ့ငွေထဲမှ ကျခံပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဆင်မည့်နေအိမ်များကိုလည်း သုံးရက်မှ ငါးရက်အတွင်း ပြီးစီးအောင် ဌာနမှ ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**



# ရန်ကုန်မြေပုံရေးဆွဲရေးလုပ်ငန်း ပထမအကြိမ်ဆွေးနွေးပွဲကျင်းပ




**ရန်ကုန် မတ် ၁၆**
ရန်ကုန်မြေပုံရေးဆွဲရေး လုပ်ငန်း၏ ပထမအကြိမ်ဆွေးနွေးပွဲကို ရန်ကုန်မြို့ မြို့တော်ခန်းမ အစည်းအဝေးခန်းမကြီးတွင် မတ် ၁၄ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်စိုး၊ JICA Myanmar Office မှ ဂျပန်ဌာနေကိုယ်စား လှယ်အရာရှိချုပ် Mr.Masayaki Karasawa ၊ JICA Study Team မှ အကြံပေးအရာရှိချုပ် Mr Junichi Koseki နှင့် ဂျပန်သံရုံးမှ ကောင်စစ်ဝန် Mr.Kazayuki Takini တို့က အမှာစကားပြောကြားခဲ့ကြသည်။

ရန်ကုန်မြို့တော်ဝန်က ပြောကြားရာတွင် "ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး တစ်ခုလုံးမှာ အချိုးညီဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံကနေ ကြိုးပမ်းဆောင်ရွက်လျက်ရှိတဲ့နေရာမှာ မြို့ပြသယ်ယူပို့ဆောင်ရေးစနစ်ကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့ပြီးတော့ တခြားသော ကဏ္ဍအသီးသီးကိုလည်း ပြုပြင်ပြောင်းလဲ ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်၊ အခုဆောင်ရွက်နေတဲ့ ရန်ကုန်တိုင်းဒေသကြီး မြေပုံရေးဆွဲရေးစီမံကိန်းဟာလည်း တိုင်းဒေသကြီးအစိုးရရဲ့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ချက်ထဲက တစ်ခုဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မြေပုံရေးဆွဲရေးစီမံကိန်းဟာ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဂျပန်နိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့စဉ်မှာ အကူအညီ တောင်းခဲ့တဲ့ နိုင်ငံတော်စီမံကိန်း တစ်ခုလည်း ဖြစ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် JICA Study Team ဌာနေကိုယ်စားလှယ် အရာရှိချုပ်က ရန်ကုန်မြို့တော်ဝန်ထံသို့ ရန်ကုန်တိုင်းဒေသကြီး၏ ဒီဂျစ်တယ်ဓာတ်ပုံများကို လွှဲပြောင်းပေးအပ်ခဲ့ကာ JICA Study Team မှ တာဝန်ရှိသူများက Digital Topographic မြေပုံနှင့်အချက်အလက်များ၏ အသုံးပြုပုံများကို ရှင်းလင်းပြီး အရည်အသွေး စစ်ဆေးရေးအဖွဲ့နှင့် မြေပုံရေးဆွဲရေးအဖွဲ့ဝင် ဌာနများက မြေပုံဆိုင်ရာအချက်အလက်များ အသုံးပြုပုံကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ရန်ကုန်မြေပုံရေးဆွဲရေး စီမံကိန်း ဆောင်ရွက်မည့် ဧရိယာမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ နယ်နိမိတ်အတွင်းရှိ မြို့နယ်ပေါင်း ၃၃ မြို့နယ်နှင့် စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပ မြို့နယ်ရှစ်မြို့နယ် ပါဝင်ကြောင်း သိရသည်။ စီမံကိန်းမှ ထွက်ရှိလာသော မြေပုံကို အသုံးပြု၍ မြို့ပြဖွံ့ဖြိုးရေး၊ သယ်ယူပို့ဆောင်ရေး၊ လမ်းကွန်ရက်စနစ်၊ မြို့ပြနှင့် ဒေသ စီမံကိန်းများ၊ အခြေခံအဆောက်အအုံကဏ္ဍ၊ အိမ်ရာဖွံ့ဖြိုးရေး၊ လျှပ်စစ်ကဏ္ဍစသော ကဏ္ဍအသီးသီးတွင် အကျိုးရှိရှိ အသုံးချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ထင်ပေါ်ဝင်း(ကမာရွတ်)၊**
**ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)**

# နွေရာသီ အားကစားသင်တန်းများဆင်း

**ငဖဲ မတ် ၁၆**
မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ ကျောင်းသား ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် နွေရာသီ အခြေခံအားကစားသင်တန်းများကို ဖေဖော်ဝါရီ ၂၇ ရက်မှစ၍ ပို့ချခဲ့ရာ မတ် ၁၄ ရက်တွင် သင်တန်းများဆင်းခဲ့ကြောင်း သိရသည်။

နွေရာသီ အခြေခံအားကစားသင်တန်းများကို ဆင်ချည်တိုင်ကျေးရွာ အလကခွဲကျောင်းတွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အခြေခံအားကစားနည်းများဖြစ်သည့် ဘောလုံး၊ ပိုက်ကျော်ခြင်း၊ စက်ဘီး၊ ပြေးခုန်ပစ်နှင့် အေရိုးဗစ်စသည့် အားကစားနည်း ငါးမျိုးကို လေ့ကျင့်သင်ကြားပို့ချခဲ့ရာ ကျောင်းသား ၉၂ ဦးနှင့် ကျောင်းသူ ၁၀၅ ဦး စုစုပေါင်း ၁၉၇ ဦး တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

မတ် ၁၄ ရက်က ကျင်းပသည့် သင်တန်းဆင်းပွဲတွင် အားကစားနည်းများအလိုက် ထူးချွန်သူများအား ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး အလားတူ နွေရာသီ အခြေခံအားကစားသင်တန်းကို မတ်လ နောက်ဆုံးပတ်ထဲတွင်လည်း နောက်တစ်သုတ် ဆက်လက်ဖွင့်လှစ်၍ သင်ကြားပို့ချပေးသွားဦးမည်ဖြစ်ကြောင်း ငဖဲမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းဖွင့်

**ဘိုကလေး မတ် ၁၆**
မြန်မာနိုင်ငံမှ သဘာဝဘေးဒဏ် အလွယ်တကူ ကျရောက်နိုင်သည့် ဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား)သင်တန်းကို မတ် ၁၄ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။



"ဒီသင်တန်းဆင်းတွေအနေနဲ့ သင်တန်းပြီးသွားရင် မိမိတို့ဒေသမှာ သဘာဝဘေးလျော့ပါးရေး အသိပညာတွေကို ထပ်ဆင့်ဖြန့်ဝေပေးနိုင်ဖို့နဲ့ အကယ်၍ သဘာဝဘေးအန္တရာယ်နဲ့ ကြုံလာခဲ့ရင် စနစ်တကျနဲ့ တုံ့ပြန်ရင်ဆိုင်နိုင်ဖို့ ကြိုတင်လေ့ကျင့်သင်ကြားပေးထားခြင်း ဖြစ်ပါတယ်"ဟု ဖျာပုံခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်သီသီချိုက ပြောသည်။

သုံးရက်ကြာဖွင့်လှစ်သည့် အဆိုပါသင်တန်းသို့ ဘိုကလေးမြို့နယ်အတွင်း ကျေးရွာများမှ စေတနာ့ဝန်ထမ်းလူငယ်များ တက်ရောက်ခဲ့ပြီး သင်တန်းတွင် အခြေခံ သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ၊ ရပ်ရွာအခြေပြု လုပ်ဆောင်နိုင်မည့် သဘာဝဘေးလျော့ပါးရေးဆိုင်ရာ နည်းလမ်းများကို သင်ကြားပို့ချခဲ့ကြောင်း သိရသည်။ **သူဇာနွယ် (ဖျာပုံ)**

# အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာနှင့် မူလတန်းကြိုကျောင်းသို့ အလှူငွေပေးအပ်

**ကလေး မတ် ၁၆**
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့်အဖွဲ့သည် ကလေးခရိုင် အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်ခင်မြလွင်နှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်အတူ မတ် ၁၄ ရက်က ကလေးမြို့ရှိ အေးရိပ်မွန် အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာ၊ နည်းပညာတက္ကသိုလ် (ကလေး)နှင့် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့သည် အေးရိပ်မွန်အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဂေဟာသို့ သွားရောက်ပြီး အဆိုပါဂေဟာရှိ ကျောင်းသူ ၄၅ ဦးတို့အတွက် ငွေကျပ် သုံးသိန်း လှူဒါန်းကာ နည်းပညာတက္ကသိုလ်(ကလေး)သို့ ဆက်လက်သွားရောက်၍ ဒုတိယနှစ် EC ကျောင်းသူ မဂရေစီဆုန်ချင်းပါရ်အား စာသင်နှစ် နှစ်နှစ်စာအတွက် ငွေကျပ်ရှစ်သိန်းကို ချီးမြှင့်ထောက်ပံ့ခဲ့သည်။ ဆက်လက်၍ ကလေးမြို့လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းသို့ သွားရောက်ကြည့်ရှုပြီး မူကြိုကျောင်းသားကျောင်းသူများအတွက် အာဟာရဖြည့်စွက်စာ နှစ်ရက်စာအတွက် အလှူငွေ ကျပ် ၇၀၀၀၀ ကို ထောက်ပံ့လှူဒါန်းခဲ့သည်။ **ချင်းတွင်းသား**


**စက်မှုလယ်ယာဦးစီးဌာန အမှတ် ၉၄ စက်မှုလယ်ယာစခန်း သဲကုန်းမြို့တွင် ၁၀ ရာခိုင်နှုန်း အရစ်ကျစနစ်ဖြင့် တောင်သူများသို့ ရောင်းချထားသော SONALIKA ထွန်စက်ကြီးများအား Farmers Choice Tractors ကုမ္ပဏီနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ဝန်ဆောင်မှုလုပ်ငန်းများအား မတ် ၁၅ ရက်က ဆောင်ရွက်နေစဉ်။** ကိုကျော်ကြီး

# နွေရာသီသောက်သုံးရေလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**မလှိုင် မတ် ၁၆**
မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့တွင် နွေရာသီကာလအတွင်း သောက်သုံးရေလိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်ရန် မလှိုင်မြို့နယ် စည်ပင်သာယာရေးကော်မတီက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နွေရာသီသောက်သုံးရေ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ၁၇ ဒသမ ၅ သန်းဖြင့် စက်ရေတွင်းတူးဖော်ခြင်း ရေမြုပ်ပန့်တပ်ဆင်ခြင်း၊ ၄၄၀ ဗို့ မီးလိုင်းပြေးဆွဲခြင်းနှင့် ၃ လက်မ ရေတင်ပိုက်လိုင်းဆက်သွယ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မလှိုင်မြို့တွင် ရပ်ကွက်ကြီး လေးခုရှိသည့်အနက် ရပ်ကွက်ကြီး (၁)၊ (၃)၊ (၄)သို့ ဖြန့်ဝေလျက်ရှိသော ကန်ဖျားရေပေးဝေရေးတွင် လုပ်ငန်းအဆင့်မြှင့်တင်မှုများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အမှတ်(၂)ရပ်ကွက်တွင် လက်ရှိရေပေးဝေမှုမှာ လုံလောက်လျက်ရှိကြောင်း သိရသည်။

"မလှိုင်မြို့ပေါ်မှာရှိတဲ့ ရပ်ကွက်ကြီး(၁)၊ (၃)၊ (၄)သို့ ရေဖြန့်ဝေပေးနေတဲ့ ကန်ဖျားရေပေးဝေရေးလုပ်ငန်းမှ ယခင်ရေတွင်းများမှာ ၁၀ ကောင်အား လျှပ်စစ်မော်တာလေမှုတ်စက်တွေ အသုံးပြုခဲ့တာပါ၊ အဲဒီ လေမှုတ်စက်တွေရဲ့ ရေထွက်အားက တစ်တွင်းကို တစ်နာရီ ဂါလန်တစ်ထောင်လောက်ထွက်ပါတယ်၊ အခု ကျွန်တော်တို့ ပြုပြင်လဲလှယ် တပ်ဆင်အသုံးပြုတာက ၈ လက်မပိုက်နဲ့ ပေ ၂၀၀ နှစ်တွင်းပါ၊ ဒီနှစ်တွင်းမှာ ယခင်တပ်ဆင်ထားတဲ့ လေမှုတ်စက်ကွန်ပရက်ဆာ ရေတွင်းများအစား ရေမြုပ်ပန့်တွေ အသုံးပြုပြီး သုံးနေတာပါ၊ အခု ၈ လက်မ ပေ ၂၀၀ နှစ်တွင်းမှာ ငါးကောင်ခွဲအား ရေမြုပ်ပန့် တပ်ဆင်အသုံးပြုထားပါတယ်၊ ဒီလို ပြောင်းလဲတပ်ဆင်ခြင်းအားဖြင့် ရေတွင်းနှစ်တွင်းပေါင်းမှ ၁၁ ကောင်အားသာ ရှိတဲ့အတွက် လျှပ်စစ်ဓာတ်အားသက်သာပြီး ရေထွက်နှုန်းမြင့်မားတဲ့ ရေမြုတ်ပန့်တွေ အသုံးပြုတဲ့အတွက် ရေထွက်အား ကောင်းမွန်လာတယ်၊ အခု ရေတွင်းတစ်တွင်းက တစ်နာရီ ရေဂါလန် ၃၀၀၀ ကျော် ထွက်တဲ့အတွက် နှစ်တွင်းပေါင်း တစ်နာရီ ရေဂါလန် ၆၀၀၀ ရရှိပါတယ်၊ ကုန်ကျ စရိတ်နည်းပါးပြီး ရေထွက်အားပိုလာတာမို့ နွေရာသီမှာ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာရရှိဖို့ ဖြည့်ဆည်းပေးနိုင်တော့မှာပါ"ဟု မလှိုင်မြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာ ဦးသန့်ဇင်ထွန်းက ပြောသည်။

ကန်ဖျားရေပေးဝေရေးလုပ်ငန်း အဆင့်မြှင့်တင်မှုမှာ ပြီးစီးတော့မည်ဖြစ်၍ မတ်လကုန်မှစတင်ကာ နွေရာသီကာလအတွင်း သောက်သုံးရေ လုံလောက်စွာရရှိအောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# လှိုင်သာယာမြို့နယ်တွင် မီးလောင်မှုဖြစ်ပွား၍ အိမ်ထောင်စု ၁၂ စု မီးဘေးသင့်

**ရန်ကုန် မတ် ၁၆**
မီးလောင်မှု မကြာခဏဖြစ်ပွားလာသော လှိုင်သာယာမြို့နယ်တွင် မတ် ၁၄ ရက် ညနေပိုင်းကလည်း အမှတ်(၈)ရပ်ကွက် ဦးပုညလမ်းနှင့် ပဒေသာ(၄)လမ်းထောင့်ရှိ စတိုးဆိုင်၊ အဆောင်နှင့် အပ်ချုပ်ဆိုင်တို့တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ စတိုးဆိုင်နှင့်တွဲလျက်ရှိသော အဆောင်တွင် မီးပလပ်ခုံမှ ဆင့်ပွားသွယ်တန်းထားသော ကြိုးနှစ်စထိုး ပလပ်ခုံကို ထရံတွင်ချိတ်ဆွဲထားစဉ် အပူလွန်ကဲရာမှ ထရံကို မီးကူးစက် လောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီလောင်မှုကို မီးသတ်ယာဉ် ၁၀ စီးဖြင့် လာရောက်ငြိမ်းသတ်ခဲ့ရပြီး အိမ်ထောင်စု ၁၂ စု မီးဘေးသင့်ခဲ့၍ အမှတ်(၉) အထကခွဲကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ပေးထားပြီး မီးလောင်မှုနှင့်ပတ်သက်၍ အခန်းပိုင်ရှင် ဦးကျော်ကျော်ထွန်းနှင့် အဆောင်တွင်နေထိုင်သူ ကိုကျော်ဝင်းထွန်းတို့အား တာဝန်ရှိသူများက စစ်ဆေးမေးမြန်းလျက်ရှိကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

## ဆင်သတ်မုဆိုးနှစ်ဦးကို ဖမ်းမိအောင် ကူညီခဲ့သူများအား ဂုဏ်ပြု

**ငပုတော မတ် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မြစ်တစ်ရာသစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၁၅)၌ တောဆင်ရိုင်းများကို သတ်ဖြတ်ဖမ်းဆီးသူ ဆင်သတ်မုဆိုးနှစ်ဦးအား ဆင်သတ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိအောင် ဝိုင်းဝန်းပူးပေါင်း ကူညီခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ပွဲကို မတ် ၁၄ ရက်က ငပုတောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းက အမှာစကားပြောကြားပြီး မြန်မာ့သစ်လုပ်ငန်း ဒုတိယ တိုင်းဒေသကြီးအထွေထွေမန်နေဂျာ ဦးမိုးလွင်က ယခုလိုဂုဏ်ပြုချီးမြှင့်ခြင်းသည် တောဆင်ရိုင်းများ အသတ်မခံရရေးအတွက် ပြည်သူများ ထဲထဲဝင်ဝင် သိရှိနားလည်လာစေပြီး လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်လည်း ရည်ရွယ်ကြောင်း၊ ဆင်သတ်မုဆိုးများကို ဖမ်းဆီးရမိအောင် သတင်းပေးနိုင်မှုသည် ပြည်သူလူထုအပေါ် များစွာမူတည်ကြောင်း၊ ပြည်သူများအနေဖြင့် ဆင်သတ်မည့်မုဆိုးများကို တွေ့ရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ခြင်းဖြင့် ထိုက်ထိုက်တန်တန် ဆုများပေးအပ်ချီးမြှင့်မည့်အကြောင်းကို ပြည်သူများ သိရှိလာအောင် ကျေးရွာအုပ်ချုပ်ရေးမှူးများကလည်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တောဆင်ရိုင်းသတ်ဖြတ်ဖမ်းဆီးသည့် ပြစ်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့သူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ခဲ့ကြပြီးဂုဏ်ပြုပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဧရာဝတီ ဆင်ချစ်သူများအဖွဲ့မှ အဖွဲ့ဝင်များလည်းတက်ရောက်ခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အတွင်း မူခင်းကျဆင်းရေးနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေးအတွက် အသိပညာပေးဟောပြောပွဲကို အမှတ် ၄ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၁၃ ရက်က ကျင်းပရာ ရပ်ကွက်နေပြည်သူများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင် ဟောပြောစဉ်။ မီးမီး(လှိုင်)

## ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ အင်တာနက်လိုင်း တစ်နှစ်စာလှူဒါန်း

**မန္တလေး မတ် ၁၆**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)သို့ အင်တာနက်လိုင်း 22Mbps တစ်လိုင်း တစ်နှစ်စာလှူဒါန်းခြင်း ရေစက်ချအခမ်းအနားကို မတ် ၁၄ ရက် ညနေ ၃ နာရီက အဆိုပါတက္ကသိုလ် မြောက်ဘက်ရေစက်ချဆောင်၌ ကျင်းပခဲ့သည်။




အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ်ဆရာတော်၊ မော်ကွန်းထိန်းဆရာတော် အမှူးပြုဆရာတော် သံဃာတော် ငါးပါး ကြွရောက်တော်မူကြပြီး သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်း၊ 5BB Broadband (Global Technology Company)မန်နေဂျာ ဦးသော်သော်မင်းနှင့် ဝန်ထမ်းမိသားစုနှင့်ဖိတ်ကြားထားသူများတက်ရောက်ကြသည်။ ရှေးဦးစွာအခမ်းအနားတက်ရောက်လာသူများ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်၍ မော်ကွန်းထိန်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရအရှင်သူမြတ်ထံမှ ညှော်ပရိသတ်ပေါင်းတို့က ငါးပါးသီလခံယူတည်ဆောက်ကာ ဆရာတော်ကြီးများရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြပြီး ဆရာတော်ကြီးများကို သင့်န်းအစရှိသောလှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။ ဆက်လက်၍ မန်နေဂျာ ဦးသော်သော်မင်းက လှူဒါန်းရခြင်းအကြောင်း လျှောက်ထားတင်ပြပြီး အလှူရှင်မိသားစုက ငွေကျပ် ၅၃၂၆၅၀၀ တန်ဖိုးရှိ အင်တာနက်လိုင်း 22Mbps တစ်လိုင်း တစ်နှစ်စာလှူဒါန်းရာ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သိန်းဦးက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

ထို့နောက်မော်ကွန်းထိန်းဆရာတော်ကြီးထံမှ အနုမောဒနာရေစက်ချတရားတော်ကိုနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်းနှင့် ဗုဒ္ဓသာသနံစိရံကိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

## ဘားအံ ကွန်ပျူတာတက္ကသိုလ်၌ ရိုးရာအတာသင်္ကြန်ပွဲတော်အကြို ရေသဘင်ပွဲကျင်းပ

**ဘားအံ မတ် ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူ ၃၃၂ ဦးရှိရာ ကျောင်းသား ကျောင်းသူများအချင်းချင်း စည်းလုံးညီညွတ်ပြီး ချစ်ခင်ရင်းနှီးစေရန် ရည်ရွယ်၍ မဟာသင်္ကြန်အကြို အထိမ်းအမှတ်အဖြစ် တက္ကသိုလ် သင်္ကြန်ပွဲတော်ကို မတ် ၁၄ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ကွန်ပျူတာတက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ မဟာသင်္ကြန်အကြို အထိမ်းအမှတ်ဖြစ်သည့် တက္ကသိုလ်သင်္ကြန်ပွဲတော်ကို ဖွင့်ပွဲအခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့ပြီးနောက် ဖျော်ဖြေရေးအစီအစဉ်များ၊ အတာရေပက်ဖျန်းသည့် အစီအစဉ်များ၊ ညှော့ခံကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## ကျေးရွာ ကုသိုလ်ဖြစ်ဆေးခန်းဖွင့်လှစ်

**နေပြည်တော် မတ် ၁၆**

နေပြည်တော် ဥတ္တရသီရိမြို့နယ် မင်းကုန်းအုပ်စု သဲကျွန်းကျေးရွာရှိ ရတနာစံပြကျောင်းတိုက် အမှတ် ၅ ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကုသိုလ်ဖြစ်ဆေးခန်းကို မတ် ၁၃ ရက်က ဖွင့်ပွဲကျင်းပကာ ဖွင့်လှစ်ခဲ့သည်။

ဆေးခန်းဖွင့်ပွဲတွင် နေပြည်တော် ခုတင် ၁၀၀၀ ပြည်သူ့ဆေးရုံကြီးမှ ဆီးနှင့်ကျောက်ကပ် ခွဲစိတ်ဆရာဝန်ကြီး ဒေါက်တာသက်ကိုအောင်က အမှာစကားပြောကြားပြီး ရတနာစံပြကျောင်းတိုက် ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တနန္ဒိယက ဩဝါဒချီးမြှင့်ကာ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း (MWCDF) ဒုဥက္ကဋ္ဌ ဒေါ်စုညွှန့်ဦးက ကုသိုလ်ဖြစ်ဆေးခန်း ဖြစ်မြောက်အောင်မြင်ရေးအတွက် အသင်းမှ ကူညီလှူဒါန်းမှုများနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကုသိုလ်ဖြစ်ဆေးခန်းကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကုသိုလ်ဖြစ်ဆေးခန်းမှာ အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၁၂ ပေရှိပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ နံနက် ၁၂ နာရီအထိ ဖွင့်လှစ်၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများက ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါစစ်ဆေးခြင်း၊ ကုသပေးခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**




မန္တလေးမြို့တွင်း ခရီးစဉ်တွေကို
ကျပ် ၈၀၀
နဲ့ အစပြုလိုက်ပါ
ကျပ် ၈၀၀ က စတဲ့ ပိုမိုလုံခြုံစိတ်ချရပြီး လျင်မြန်တဲ့ မန္တလေးမြို့တွင်း ခရီးစဉ်တွေကို စီးနင်းလိုက်ပါ
ယာဉ်ကြောပိတ်နေတာကို မေ့ထားလိုက်ပါတော့။ တစ်နေရာရာသွားဖို့ ယာဉ်ငှားဖို့ စောင့်ဆိုင်းနေရတာတွေလည်း တော်ပြီလေ။ အလျင်မြန်ဆုံး၊ စိတ်ချလုံခြုံရဆုံးနဲ့ ယုံကြည်အားအထားရဆုံး နည်းလမ်းနဲ့ မြို့တွင်း လှည့်ပတ်သွားလာဖို့ဆိုရင် GrabBike ကို ငှားလိုက်ရုံပဲပေါ့။ ၂ ကီလိုမီတာ မကျော်တဲ့ ခရီးစဉ်အတွက်လောက်ဆို ကျပ် ၈၀၀ ထက် မပိုဘူးဆိုတော့ ဒီထက် ကောင်းတာ ရှိသေးလား။
ပထမဆုံး ခရီးစဉ် ၃ ကြောင်းအတွက် ကျပ် ၁၅၀၀ စီ လျှော့ဈေးပေးမှာမို့ GRABMANDALAY ပရိုမိုကုဒ်ကို သုံးဖို့တော့ မမေ့နဲ့နော်။
GRABMANDALAY
ဒီမှာ ဒေါင်းလိုက်ပါ
Download on the App Store
GET IT ON Google Play
Grab

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ၂၀၁၈-၂၀၁၉ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော လုံခြုံမှုစနစ်ပါရှိသည့် ကွန်ပျူတာဆော့ဝဲဖြင့် ထည့်သွင်းအသုံးပြုနိုင်သည့် ရုံးသုံးပုံစံစာရွက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အောက်ဖော်ပြပါသတ်မှတ်ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၃-၂၀၁၈ရက်

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၃-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**ရုံးအမှတ် ၄၆၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၃၀၄၀၇**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
### ပြည်တွင်းအခွန်များဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
**ကြော်ငြာစာအမှတ် ၁/၂၀၁၈**
**၁၃၇၉ခုနှစ် တန်ခူးလဆန်း ၁ရက်**
**(၂၀၁၈ခုနှစ် မတ်လ ၁၇ရက်)**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူး (၁၄၁)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| ပညာအရည်အချင်း | အရေအတွက် |
|---|---|
| (က) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)/ စာရင်းကိုင်ပညာဘွဲ့ (B.Act)/စီးပွားရေးပညာဘွဲ့ (စာရင်းအင်းပညာ) B.Econ (Statistics)/တက္ကသိုလ်တစ်ခုခုမှ (ဝိဇ္ဇာဘွဲ့/သိပ္ပံဘွဲ့) ရရှိပြီး စာရင်းကိုင်ပညာ ဒီပလိုမာ (DA) ရရှိပြီးသူ | ၉၁ဦး |
| (ခ) ဥပဒေဘွဲ့ (LL.B) | ၁၀ဦး |
| (ဂ) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English) | ၁၉ဦး |
| (ဃ) ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech)/ ကွန်ပျူတာသိပ္ပံဘွဲ့(B.C.Sc)/ သိပ္ပံဘွဲ့ (ကွန်ပျူတာသိပ္ပံ) [B.Sc (Computer Science)]/ အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) [B.E(IT)]/ အင်ဂျင်နီယာဘွဲ့(သတင်းအချက်အလက်သိပ္ပံနှင့်နည်းပညာ) [B.E(IST)]/ အင်ဂျင်နီယာဘွဲ့ (ကွန်ပျူတာအင်ဂျင်နီယာ) [B.E (CE)] | ၂၁ ဦး |
| စုစုပေါင်း | ၁၄၁ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၃၀-၄-၂၀၁၈ရက်တွင် အသက် (၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်ဖြစ်ပြီး၊ B.E ဘွဲ့ရရှိပြီးသူ၊ မဟာဘွဲ့ရရှိပြီးသူနှင့် အစိုးရဝန်ထမ်းဖြစ်ပါက အသက် (၃၀)ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်နှင့် အခွန်ထမ်းကိုယ်တိုင်အခွန်စည်းကြပ်သည့်စနစ် ကျင့်သုံးသည့်ရုံးများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်နိုင်ရမည်။
၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြရမည်-
(က) လျှောက်ထားသူ၏ အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
(ခ) မွေးသက္ကရာဇ်
(ဂ) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့် ကျောင်း/တက္ကသိုလ်
(ဃ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်
(င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်
(စ) အမြဲတမ်းနေရပ်လိပ်စာအပြည့်အစုံ
(ဆ) (ဝန်ထမ်းဖြစ်လျှင်) လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည် စသည်တို့ကို အပြည့်အစုံဖော်ပြရမည်။
၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(က) ရက်သတ္တပတ် နှစ်ပတ်အတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၂)ပုံ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ
(ဂ) အလုပ်သမားမှတ်ပုံတင်မိတ္တူ
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
(င) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်(မူရင်း)
(ဆ) သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)
(ဇ) ဒေသန္တရကျန်းမာရေးအဖွဲ့၏ ကျန်းမာကြောင်း ထောက်ခံချက်(မူရင်း)
၅။ လျှောက်လွှာကို ပြည်တွင်းအခွန်များ ဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်သို့ ၄-၅-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက ဌာနကူးပြောင်းတာဝန်ထမ်းဆောင်ရန် ခွင့်ပြုနိုင်သည့် ဌာနအကြီးအကဲမှတစ်ဆင့် ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်သို့ ၄-၅-၂၀၁၈ရက် အရောက်ပေးပို့ရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ပေးပို့လာသော၊ စည်းကမ်းနှင့်မကိုက်ညီသော လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။
၆။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများအား ၁၈-၅-၂၀၁၈ရက် (သောကြာနေ့)၌ ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။
၇။ မြန်မာစာနှင့် အထွေထွေဗဟုသုတဘာသာရပ်များအား ၁၉-၅-၂၀၁၈ရက် (စနေနေ့) တွင်လည်းကောင်း၊ အင်္ဂလိပ်စာဘာသာရပ်အား ၂၀-၅-၂၀၁၈ရက် (တနင်္ဂနွေနေ့)တွင်လည်းကောင်း ဖြေဆိုရမည်။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်းဆောင်ရွက်မည်ဖြစ်ပါသည်။
၈။အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၄၆)၊ နေပြည်တော်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၀၀၂၁သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးမျိုးမင်းလှိုင် ၈/တတက(နိုင်)၁၃၉၆၁၇ ၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၀၃၀၈၀၅**

---

### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)၊ ရန်ကုန်
## Open Tender ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၄)မှ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအတွင်း ပြည်ထောင်စုရန်ပုံငွေနှင့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ထားဝယ်-မြိတ်လမ်းပေါ်ရှိ သမုတ်-လွတ်လွတ်တံတား၊ မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်းလမ်းပေါ်ရှိ တနင်္သာရီတံတား၊ တနင်္သာရီ-မော်တောင်လမ်းပေါ်ရှိ ဗောဓိကမ်းတံတားနှင့် ကော့သောင်း-ပုလုံးတုံးတုံးကျွန်းလမ်းပေါ်ရှိ ပုလုံးတုံးတုံးတံတား တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန် အောက်ဖော်ပြပါ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ရေယာဉ်များ၊ Bored Pile တူးစက်တို့အား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ သယ်ယူပို့ဆောင်ခြင်းတို့ကို Open Tender ဖြင့် ဆောင်ရွက်လိုပါသည်-

**Open Tender ဖြင့် ဝယ်ယူမည့်ပစ္စည်းများ-** M.S Rod, Cement, Sand, Chipping, Thin Sheet (2.3mm), Bentonite, Admixture, Binding Wire, Wire Nail, Welding Rod, 5 Ply Wood, Carbide Tipped Drill Bit, J/Wood, Ready Mixed Concrete (25 Mpa/30 Mpa/40Mpa), Anticorrosive Paint For Reinforcing Steel bar (20kg), 3"x3" 3/8 Angle Iron, ကျောက်ဆူးကြိုး (40mm diameter Stud link)

**Open Tender ဖြင့် ငှားရမ်းမည့်ရေယာဉ်များ-** 1200 Ton Barge, Z-Craft, Vibro Hammer Double Jaw (90 KW), ကမ်းရိုးတန်းသွား Landing Craft၊ တွန်းသင်္ဘော၊ Kobelco Crane (BM 500) နှင့် တွဲသုံးနိုင်သည့် Drilling Rig(၁)စုံ၊ Bored Pile တူးစက်နှင့် Service Crane

**Open Tender ဖြင့် သယ်ယူပို့ဆောင်မည့်ရေယာဉ်များ-** 400 Ton Working Barge, ဌာနပိုင် ဇက်ရေယာဉ် ဆလက-၀၁၀၊ P.C Wire (90) Ton

တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ၁၉-၃-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း တည်ဆောက်ရေးအဖွဲ့(၄)ရုံး၊ ဘုရင့်နောင်တံတားအမှတ် (၂) ရန်ကုန်မြို့ ဖုန်း-၀၉-၄၂၂၄၆၁၈၀၁၅နှင့် တနင်္သာရီတံတားစီမံကိန်း၊ တနင်္သာရီမြို့ ဖုန်း-၀၉-၄၂၈၄၁၂၀၃၂ တွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၁-၄-၂၀၁၈ရက် ၀၉း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၄-၂၀၁၈ရက် ၁၀း၀၀နာရီ
**တင်ဒါစိစစ်ရွေးချယ်မည့်နေရာ** - တနင်္သာရီတံတားတည်ဆောက်ရေးစီမံကိန်းရုံးရှင်းလင်းဆောင်၊ တနင်္သာရီမြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့ (၄)**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### တိုင်းရင်းဆေးပညာဦးစီးဌာန
### ရုံးအမှတ်(၄၇)၊ နေပြည်တော်
### လက်ထောက်တိုင်းရင်းဆေးမှူး ရာထူးနေရာများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်တိုင်းရင်းဆေးမှူး(လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)၊ ရာထူးနေရာအတွက် အောက်ပါအရည်အချင်းသတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မြန်မာ့တိုင်းရင်းဆေးပညာဘွဲ့ (B.M.T.M) ရရှိပြီးသူများ လျှောက်ထားနိုင်သည်။
(ဂ) ၄-၄-၂၀၁၈ရက်တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဃ) ပြည်တွင်း၌ ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
၂။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်-
(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်ကိုယ်ရေးမှတ်တမ်းအကျဉ်း။
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ။
(ဂ) ပညာအရည်အချင်းအထောက်အထားအတွက် ဘွဲ့လက်မှတ်မိတ္တူ။
(ဃ) တိုင်းရင်းဆေးဆရာ မှတ်ပုံတင်လက်မှတ်(တဆ)မိတ္တူ။
(င) (၆)လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ။
(စ) အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး/ ရဲစခန်းတို့၏ ထောက်ခံချက်မူရင်း။
(ဆ) အမြဲတမ်းနေရပ်လိပ်စာနှင့်ဖုန်းနံပါတ်။
၃။ လျှောက်ထားသူသည် တာဝန်ချထားရာဌာနအသီးသီး၌ အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန်ပျက်ကွက်ပါက သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူခြင်းခံရမည်။
၄။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ ၄-၄-၂၀၁၈ရက် ၁၆း၃၀နာရီ နောက်ဆုံးထားပေးပို့ရပါမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာအကြီးအကဲမှတစ်ဆင့် ပေးပို့လျှောက်ထား၍ မိတ္တူတစ်စောင်ကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ သတ်မှတ်ရက်အရောက်ပေးပို့ လျှောက်ထားရမည်။
(သတ်မှတ်ရက်ထက်နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။)
၅။ သတ်မှတ်ချက်ကိုက်ညီသူများအား ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်မည်။ ဖြေဆိုခွင့်ရရှိသူများ အမည်စာရင်းကို တိုင်းရင်းဆေးပညာဦးစီးဌာန(ရုံးချုပ်)နှင့် တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတို့တွင် ၂၃-၄-၂၀၁၈ရက်၌ ကြေညာသွားမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာဦးစီးဌာန website www.dtm. gov. mm တွင်လည်း ကြည့်ရှုနိုင်ပါသည်။
၆။ ရေးဖြေစာမေးပွဲအား တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် ၂၈-၄-၂၀၁၈ရက်၌ ကျင်းပမည်ဖြစ်ပြီး တိုင်းရင်းဆေးပညာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ်များပါဝင်သော မေးခွန်းလွှာကို ဖြေဆိုရမည်။
၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၂၇-၄-၂၀၁၈ရက်မှစ၍ တိုင်းရင်းဆေးတက္ကသိုလ်၊ မန္တလေးတွင် တိုင်းရင်းဆေးဆရာမှတ်ပုံတင်မူရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းပြသ၍ လာရောက်ထုတ်ယူရမည်။
၈။ လူတွေ့ဖြေခွင့်ရသည့်စာရင်းအား ထပ်မံကြေညာပေးမည်ဖြစ်ပြီး လူတွေ့လာရောက်ဖြေဆိုရာတွင် ဘွဲ့လက်မှတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ် ယူဆောင်လာရပါမည်။
၉။ အသေးစိတ်သိရှိလိုပါက တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဖုန်းနံပါတ်- ၀၆၇-၄၃၁၀၉၃/၀၆၇-၄၃၁၀၉၅ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။(သတ်မှတ်ချက်များနှင့် ပြည့်စုံစွာ တင်ပြနိုင်ခြင်းမရှိသည့် လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။)

**တိုင်းရင်းဆေးပညာဦးစီးဌာန**

---

### မြန်မာ့သစ်လုပ်ငန်း
### ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့်ခွဲသားများကို အမေရိကန်ဒေါ်လာဖြင့် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၃-၂၀၁၈ရက် နံနက် ၉း၀၀နာရီ
၂၆-၃-၂၀၁၈ရက် မွန်းတည့် ၁၂း၀၀နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့် တန်ပမာဏ** - ကျွန်းသစ်လုံး(၁၅၃၇)တန်
- ကျွန်းခွဲသား(၃၆၁)တန်
- သစ်မာသစ်လုံး(၂၀၁၇-၂၀၁၈ ထုတ်သစ်များပါဝင်ပါသည်။) ပျဉ်းကတိုး၊ ကညင်၊ သင်းဝင်၊ သစ်ယာ၊အင်ကြင်း(၈၇၀၀)တန်

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် Web-Site ဖြစ်သော www.myanmatimber.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**၃။ ဆက်သွယ်ရန် ဖုန်း-၀၁-၅၂၈၇၆၄** E-mail;marketing 1ppy@gmail.com

**အိတ်ဖွင့်တင်ဒါကျင်းပရေးကော်မတီ၊ မြန်မာ့သစ်လုပ်ငန်း**

---

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

ကျသင့်ဝင်ငွေခွန်/ကုန်သွယ်လုပ်ငန်းခွန်/အထူးကုန်စည်ခွန်များအား ပေးဆောင်ကြပါရန် အသိပေးနှိုးဆော်ခြင်း

* တည်ဆဲဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆-က ပုဒ်မခွဲ(ဂ)အရ ပေးသွင်းရမည့် အခွန်ကိုမပေးသွင်းလျှင် သို့မဟုတ် ပေးသွင်းရမည့် အခွန်သည် သက်ဆိုင်ရာ စည်းကြပ်မှုတွင် ကျသင့်အခွန်ထက် လျော့လျှင်လျော့ငွေ၏ တစ်ဆယ်ရာခိုင်နှုန်း နှင့်ညီမျှသောငွေကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* တည်ဆဲ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၂၂ပုဒ်မခွဲ(ခ)အရ လစဉ်ကျသင့်အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်းအတွက် စည်းကြပ်မှုအရ ကျသင့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းကို ဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* တည်ဆဲအထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ပုဒ်မခွဲ(ဃ)အရ ပေးဆောင်ရမည့် အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်ခြင်းအတွက် ပေးဆောင်ရမည့်အခွန်၏ တစ်ဆယ်ရာခိုင်နှုန်းကိုဒဏ်ငွေအဖြစ် ပေးဆောင်ရမည်ဖြစ်ပါသည်။
* ယခုအခါ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကုန်ဆုံးရန် ရက်ပိုင်းမျှသာလိုတော့ပါသဖြင့် ဒဏ်ငွေများမကျသင့်စေရေးအတွက် သတ်မှတ်ကာလအတွင်း ပေးသွင်းရမည့် ကျသင့်ဝင်ငွေခွန်/ ကုန်သွယ်လုပ်ငန်းခွန်/ အထူးကုန်စည်ခွန်များကို ၃၁-၃-၂၀၁၈ ရက်မတိုင်မီ မပျက်မကွက် ပေးသွင်းကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

---

### မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးလက်လမ်းလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အောက်ဖော်ပြပါစက်၊ ယာဉ်၊ ယန္တရားများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| Sr. No | Nomenclature | Quantity | Country of Origin | Remark |
|---|---|---|---|---|
| 1. | Bulldozer | 2Nos | Japan,U.S.A | (27~29Ton) |
| 2. | Mini Dozer | 3Nos | Japan,U.S.A | (4~9.5Ton) |
| 3. | Tractor Dozer | 3Nos | India,China | Wheel Tractor with Blade |
| 4. | Excavator | 3Nos | Japan,U.S.A | Crawler (19~26 Ton) |
| 5. | Mini Excavator | 2Nos | Japan,U.S.A | Crawler (5~8 Ton) |
| 6. | Motor Grader | 2Nos | Japan,U.S.A | (14~16 Ton) |
| 7. | Three Drums Static Roller | 8Nos | China | (10~15 Ton) |
| 8. | Dump Truck | 15Nos | China | (Approx; $10m^3$) |
| 9. | Vibratory Single Drum Roller | 2Nos | Europe,Japan | (9.5~14 Ton) |
| 10. | Water Bowzer | 2Nos | China | (1000 Gal) |

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၄-၂၀၁၈ရက်မှ ၁၀-၄-၂၀၁၈ရက်ထိ(ရုံးချိန်အတွင်း)
(ခ) **အိတ်ဖွင့်တင်ဒါဝယ်ယူ/တင်သွင်းရမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး (စက်မှု)ရုံး၊လမ်းဦးစီးဌာန၊ ယန္တရားတပ်ခွဲ(မြောက်)ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
(ဂ) **နောက်ဆုံးတင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၂၇-၄-၂၀၁၈ရက် ညနေ ၄း၀၀နာရီ
(ဃ) **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၄-၅-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
(င) **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ [၇၁လမ်း၊ လမ်း(၃၀)ထောင့်]

၂။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၃။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(စက်မှု)ရုံး၊ လမ်းဦးစီးဌာန၊ ယန္တရားတပ်ခွဲ(မြောက်)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့ ဖုန်း-၀၉-၈၉၆၅၀၁၉၁၃၊ ၀၂-၅၁၅၄၆၃၈ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ တောင်စလဲမြောင်၊ အထက၊ န၀မတန်း (A)မှ မနော်ခူရှီး ဖော၏ ဖခင်အမည်မှန်မှာ ဦးစော ကျော်ဝင်း ၇/ကတခ(နိုင်)၀၅၈၀၉၀ ဖြစ်ပါကြောင်း။ **ဦးစောကျော်ဝင်း**

### ဖခင်အမည်မှန်

ဒိုက်ဦးမြို့၊ တောင်စလဲမြောင် အထက၊ အဋ္ဌမတန်း (A)မှ နော်ဂေး မေဖော၏ ဖခင်အမည်မှန်မှာ စောပွေဂေး ၇/ညလပ(နိုင်)၁၁၀၉၄၅ ဖြစ်ပါကြောင်း။ **စောပွေဂေး**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ် ဟဲဇင်းကျေးရွာအုပ်စု ရေနန်းကျေးရွာနေ မလှိုင်းနေးဟတ်၏ ဖခင်အမည်မှန်မှာ ဦးငှလ်ခိုထန် ၅/တမန(နိုင်)၀၅၁၉၁၅ ဖြစ်ပါကြောင်း။ **ဦးငှလ်ခိုထန်**

### မှတ်ပုံတင်အမှန်

တမူးမြို့ မူလွန် (၂) ပထမတန်း (ဖြေဆိုဆဲ)မှ မမြတ်ပန်းသစ္စာနှင့် မြို့မ (၄)ရပ်ကွက်နေ မမြတ်ယွန်းသစ္စာတို့၏ မိခင် ဒေါ်ခင်မိုမိုထက်၏ နိုင်ငံသားစိစစ်ရေးအမှတ်မှာ ၅/တမန(နိုင်)၀၅၁၁၂၆ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မိုမိုထက်**

### မိခင်အမည်မှန်နှင့်မှတ်ပုံတင်အမှန်

တမူးမြို့ ဈေးတန်းရပ်ကွက်နေ မောင်ပေါင်ရှင့်မွှောင်၏ မိခင်အမည်မှန်မှာ ဒေါ်ဟွဲရှန်နဲမ်းဖြစ်ပြီး နိုင်ငံသားစိစစ်ရေးအမှတ်မှာ ၅/ကလထ(နိုင်)၁၇၆၅၃၃ ဖြစ်ပါကြောင်း။ **ဒေါ်ဟွဲရှန်နဲမ်း**

---

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5C/3836 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

Myanmar's Largest Food & Hospitality Trade Exhibition



FHMM FOOD & HOTEL MYANMAR

Including ပါဝင်သည် MCAC 2018 · Coffee & Tea Myanmar 2018 · MNBC 2018 Myanmar National Barista Championship

6-8 June 2018 MEP at Mindama, Yangon

Register at www.foodandhotelmyanmar.com

Info Hotline : +951 378 975 Ext. 103

Officially Supported by: ထောက်ပံ့ပေးသည်

Organised by: စီစဉ်သည် UBM

Admission • Open to trade visitors only • Minor aged below 18 will not be allowed admission • All visitors must be in proper attire

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7437 Honda Insight, H/B ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းအေးကျော် ၁၂/သဃက(နိုင်)၁၅၇၈၆၄က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3J/5885 KIA OPTIMA SLOON (4x2) (RL) ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြငွေး ၁၂/လသန(နိုင်)၀၀၉၇၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## Investors' Day

Yangon Stock Exchange 2nd Anniversary

Free Registration : 01-371274, 371276
Hotline => 09-442739797

**Keynote Speech**
- **U Maung Maung Win** *(Deputy Minister of MOPF and Chairman of SECM)*
- **U Yin Zaw Myo** *(YSX, MD)*

**Presentation ( U Kyaw Myo Htoon, Author and Financial Consultant)**
- ***"Capital Market Development in Frontier Economies and Equity Investment"***

**Panel Discussion**
*"Future Outlines of Listed Companies"*
*U Tun Tun, CFO, FMI
*U Aung Soe Thar, MD, MTSH
*Dr. Thaung Han, CEO, MCB
*U Myint Zaw, Board of Director, FPB
*U Thiha Lwin, MD, TMH Telecom
*U Thet Htun Oo, Executive Senior Manager, YSX (Moderator)

Sunday, 25th March 2018
@9:00am~3:00pm
YSX Grand Ballroom

စတော့ရှယ်ယာစာရင်းဖွင့်ချင်သူများအနေဖြင့် NRC နှင့် ဘဏ်စာအုပ် ယူဆောင်လာပေးပါရန်

ပါဝင်ဆင်နွှဲ တက်ရောက်ပေးပါရန် ခင်မင်ရင်းနှီးစွာ ဖိတ်ကြားအပ်ပါသည်။

FMI · MTSH · MCB · TMH · MSEC · KBZSC · CB Securities · AYA Trust · KTZRH · AIS




မစန်းစန်းငွေး ၊ ၁၄/ဟသတ (နိုင်) ၃၁၁၃၈၉ (ဟင်္သာတမြို့)

ဦးကျော်ဇော ၊ ၈/ရစက (နိုင်) ၁၆၅၈၃၀ (ပခုက္ကူမြို့)

ဒေါ်ခိုင်ယဉ်သန့် ၊ ၅/ဝလန (နိုင်) ၁၄၈၇၀၇ (လှိုင်သာယာ၊ ရန်ကုန်မြို့)

ကိုဆန်းဝင်းနိုင် ၊ ၇/ရတရ (နိုင်) ၀၂၇၈၇၄ (နေပြည်တော်)

ဦးအောင်မျိုး ၊ ၁၃/လရန (နိုင်) ၁၄၃၉၁၄ (လားရှိုးမြို့)

ဒေါ်နွယ်နွယ်လွင် ၊ ၁၂/မရက (နိုင်) ၁၃၆၅၀၅ (မရမ်းကုန်း၊ ရန်ကုန်မြို့)

## အမည်ပြောင်း

ရန်ကုန်မြို့ ဦးနေထွန်းလင်း ၉/မရမ(နိုင်)၀၈၅၉၇၄၏ သား မောင်လင်းမြတ်ဦး (ILBC,EPC Beginner II D) အား မောင်လင်းထက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/6850၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကလေးမြို့၊ မြို့သာရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၇/ကံပုလဲ)၊ ဦးပိုင်အမှတ်(၁)၊ ဧရိယာ ၀ဒသမ ၄၈ဧကရှိ မြေကွက်ကို ဒေါ်သက်နှင်းအေး ပါ(၃)ဦးမှ စက်မှု/စီးပွား မြေငှားစာချုပ်အသစ် ခွင့်ပြုပေးနိုင်ပါရန် တင်ပြလာမှုအပေါ် လျှောက်ထားမြေကွက်သည် မြို့မြေအတွင်းကျရောက်ပြီး နိုင်ငံတော်မှ စီမံချထားပိုင်ခွင့်ရှိသောမြေ ဖြစ်ပါသည်။ ၁၅-၁၂-၂၀၁၇ရက်တွင် မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာန၌ စာချုပ်အမှတ်(၂၂၅/၂၀၁၇)ဖြင့် တရားဝင်စာချုပ်ချုပ်ဆိုထားသော စာချုပ်(မိတ္တူ/မူရင်း)များတင်ပြကာ ဒေါ်သက်နှင်းအေး ပါ(၃)ဦးမှ စက်မှု/စီးပွားဂရန်အသစ် လျှောက်ထားလာခြင်းအပေါ် မည်သည့်အတွက် ဆောင်ရွက်မပေးသင့်ကြောင်း အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်တင်ပြနိုင်သူ မည်သူကိုမဆို သိစေအပ်သည်မှာ ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက လျှောက်ထားသူများအား အထက်မြန်မာပြည်နှင့် အခွန်စည်းမျဉ်းဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စက်မှု/စီးပွား မြေငှားစာချုပ်ခွင့်ပြုမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၈ဃ/၄၇၀၉၃ Honda Dream C100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၁၂/လကန(နိုင်)၀၁၄၆၉၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန (မိတ္ထီလာခရိုင်)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာကောက် ဦးပိုင်အမှတ်(၃၁)၊ ဦးအုန်းလွင်(ခ)ဦးအုံးလွင် အမည်ပေါက် ဘိုးဘပိုင်မြေကွက် မြေဧရိယာ ၀ဒသမ ၆၈၆ဧကအနက်မှ မြေဧရိယာ ၀ဒသမ ၂၉၀ဧကအား ဦးလှမြင့် (ဘ) ဦးလှ ၉/ပမန(နိုင်)၀၁၉၄၈၁၊ ဒေါ်လှလှသန်း (ဘ)ဦးကျော်သန်း ၉/ပမန(နိုင်)၀၁၈၈၃မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၀၀၇/၂၀၁၈)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေကွက်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရတီလမ်း၊ အမှတ် ၃၁၅၇၂ တွင် နေထိုင်သူ ဦးအောင်နိုင်ဦး ၁၃/မဆတ(နိုင်)၀၅၈၂၅၇၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၃)ရပ်ကွက်၊ အမှတ်(ဈ-၂/၂၇)၊ ဧရိယာ ၀ဒသမ ၀၅၁ဧကရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ပိုင်ရှင်ဖြစ်ခဲ့သူ ဒေါ်ရွှေလင် ၁၃/လရန(နိုင်)၀၀၅၈၅၉ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ၁၉-၇-၂၀၀၄ရက်တွင် နှစ်ဦးသဘောတူ မြေအရောင်းအဝယ် (ဈ-၂/၂၇)အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ (ဈ-၂/၂၇)မြေကွက်နှင့်ပတ်သက်သည့် သက်ဆိုင်ရာမြေယာဌာနမှ ချထားပေးသည့် ပါမစ်မြေပေးမိန့်မူရင်းသည် ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် ယင်းပါမစ်မြေပေးမိန့်မူရင်းအား တွေ့ရှိထားသူရှိပါက ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်တို့ထံ ဆက်သွယ်အကြောင်းကြားပါရန်နှင့် ဆက်သွယ်အကြောင်းကြားခဲ့ခြင်းမရှိပါက မန္တလေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းနှင့်အညီ ကျွန်ုပ်တို့မိတ်ဆွေ၏အမည်ဖြင့် မြေငှားဂရန် လျှောက်ထားရယူတော့မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မေသူမြင့် LL.B,LL.M** | **ဒေါ်သီတာအောင် LL.B** | **ဒေါ်ဇာဇာထွန်း LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၀၆၆၉)** | **(စဉ်-၄၄၅၁၀)** | **(စဉ်-၄၉၀၂၀)** |

**အမှတ် ၁၄/၆၂၈၊ ပေါင်းလောင်း ၄လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊**
**ဖုန်း-၀၉-၄၃၁၀၉၀၆၁**

# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

စရံငွေ(၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်းစာရင်းပေးသွင်းပါက (၁)ဦးအခမဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည → စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)
၁၂ ရက် ခရီး - ဟိုတယ်(၃)ည → စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)
၁၅ ရက်ခရီး - ဟိုတယ်(၅)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)
၁၅ ရက် ခရီး - ဟိုတယ်(၄)ည → စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ

ဂယာ သီးသန့် ၂ ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ဂယာသီးသန့် ခရီးစဉ်များလည်းပို့ဆောင်ပေးပါသည်။

ဗုဒ္ဓဂယာတွင်မဟာဗောဓိစေတီနှင့်အနီးဆုံးနေရာ၊ဈေးဝယ်ရလွယ်ကူပြီး(၅)မိနစ်ခန့်လမ်းလျှောက်ရုံဖြင့်ဘုရားကြီးကို ဖူးမြော်နိုင်ရန် 2 (Star) Hotel တွင်တည်းခိုရပါမည်။ အာဂရာနှင့်နယူးဒေလီတွင် 3 (Star) Hotel ၌ တည်းခိုရပါမည်။ နယ်မှဘုရားဖူးခရီးသည်များအားရန်ကုန်မြို့တွင်ကြိုပို့တည်းခိုရန် အခမဲ့စီစဉ်ထားရှိပါသည်။

**ဗုဒ္ဓဂယာ(၈)ရက်ခရီး(လေးဌာန+နီပေါ)- 3 (Star) ဟိုတယ် (၇)ည ဒေါ်လာ -၁၁၀၀**

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ်-၀၁-၃၇၆၆၁၀၊ ၈၃၇၂၁၃၅၊ ၈၃၈၄၃၆၆၊ ၈၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉
မန္တလေးရုံးခွဲ-အမှတ်-၈၈၊၆၈လမ်း၊၃၃x၃၄ကြား၊ချမ်းအေးသာစံမြို့နယ်။ဖုန်း-၀၂-၂၈၄၈၈၈၁၊၀၂-၂၈၄၈၀၈၂၊၀၉-၅၀၇၇၆၂၁



အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆေး

# ဒေါ်ကြွယ်

အမှတ်တံဆိပ်

## အပူငြိမ်း ဆေးဆေး

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)

ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ဖုန်း - ၀၁-၃၇၆၈၀၈၊၅၄၉၀၄၂၊၅၉၀၀၃၄၊၀၉-၈၅၉၈၄၅၃



MLCA Myanmar Licensed Contractors Association EST 2017

## ဆောက်လုပ်ရေး နှင့် အခြေခံအဆောက်အအုံကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုပေါင်းဆွေးနွေးပွဲ (Open Talk) ဖိတ်ကြားလွှာ

အသင်းဝင်ကန်ထရိုက်တာလုပ်ငန်းရှင်များ၊ ကန်ထရိုက်တာများ
ဆောက်လုပ်ရေးနှင့် ပတ်သက်သည့်
အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များ နှင့် ပညာရှင်များ
တက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်

ဆောက်လုပ်ရေးအခန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်
တွေ့ကြုံနေရသော အခက်အခဲများကို
လွတ်လပ်စွာ ဆွေးနွေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

(ဆွေးနွေးမည့်ပုဂ္ဂိုလ်များအားလုံး အခမ်းအနားမစမီ မိနစ်(၃၀) ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။)

နေ့ရက် - ၂၁-၃-၂၀၁၈(ဗုဒ္ဓဟူး)
အချိန် - နေ့လယ် ၂း၀၀ မှ ၅း၀၀ နာရီ
(၁၅မိနစ်ကြိုတင်နေရာယူပေးကြပါရန်)
နေရာ - အမျိုးသားကဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်။
ဆက်သွယ်ရန်ဖုန်း - ၀၉ - ၇၇၇၇၅၀၅၆၉၊ ၀၉ - ၇၇၇၇၅၀၅၆၈
contractorassociation.ygn@gmail.com

မြန်မာနိုင်ငံ လိုင်စင်ရ ကန်ထရိုက်တာများအသင်း


### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/5751 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ်၊ ကင်းတဲကျေးရွာနေ ဦးဘလေး၏သား မောင်ရန်လင်းထွန်း ၁၁/မအန(နိုင်)၀၅၅၈၁၈ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၂-၁၉၉၆ ဖြစ်ပါကြောင်း။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8L/8953 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

### ကန့်ကွက်နိုင်ပါကြောင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့၊ အမှတ်(၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/မင်းဝိုင်းရပ်၊ ဦးပိုင်အမှတ် ၆၃၊ မြေဧရိယာ ၀ဒ၁၁မ ၂၈၇၉ကေရှိ ဦးအောင်ဒင်အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ဖြင့်ပိုင်ဆိုင်ထားသူ ဒေါ်ခင်ဝင်းမေ (ဘ)ဦးကိုလေး ၉/လဝန(နိုင်)၀၃၂၃၆၀မှ ဒေါ်သန်းသန်းစိုး (ဘ)ဦးမိုးလွင် ၉/လဝန(နိုင်)၁၃၃၇၅၈ကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးရန် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်(မူရင်း) တင်ပြ၍ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/ပေါင်းလောင်း-၁)၊ မြေကွက်အမှတ်(၄၁၇၊ ၄၁၈၊ ၄၁၉)၊ ဧရိယာ ၀ဒ၁၁မ ၁၆၅ကေရှိ ဦးဘိုအေးအမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ်မြေကွက်အား ဦးစိုးနိုင် (ဘ) ဦးမြအောင် ၉/ပမန(နိုင်)၁၅၀၁၉၀ (ဦးဘိုအေး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာရသူ)မှ ဦးကျော်စွာရှင်း (ဘ) ဦးတင်စော ၉/ပမန(နိုင်)၁၃၈၃၂၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် ဦးဘိုအေးအမည်ပေါက် မြေငှားစာချုပ်မူရင်း၊ ပျဉ်းမနားမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အထူးကိုယ်စားလှယ်လွှဲစာ အမှတ် ၃၅/၂၀၁၈ မူရင်းတင်ပြ၍ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန နေပြည်တော်စည်ပင်သာယာရေးကော်မတီ**







### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/8879 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဲဟောင်ချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး





**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မဲဟောင်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** သတင်းစဉ်

**နေပြည်တော် မတ် ၁၆**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် အပြည်ပြည်ဆိုင်ရာ ပြည်တွင်း ဆိပ်ကမ်း(ဝမ်ပုံ)၊ တာချီလိတ် ကုန်သွယ်ရေးစခန်းနှင့် မဲဟောင်ချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ရှေးဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ အမြဲတမ်းအတွင်းဝန်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တာချီလိတ်မြို့ ရွှေဘူးသီးဟိုတယ်၌ ကျင်းပသည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲသို့ ရောက်ရှိရာ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူး ဦးထင်အောင်နိုင်က ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံးများ ဖွင့်လှစ်ထားရှိမှု၊ ဟိုတယ်နှင့် တည်းခိုရိပ်သာများ အခြေအနေ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လိုင်စင်ဆောင်ရွက်ပေးခဲ့မှု၊ ဧည့်သည်ဝင်ရောက်မှုအတွက် ခွင့်ပြုမှု၊ တာချီလိတ်မြို့အတွင်း ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ဝင်ရောက်မှုနှင့် လည်ပတ်နိုင်သော ခရီးစဉ်ဒေသများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှုကော်မတီတို့မှ တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးရည်မွန်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ကြိုင်တို့က ဖြည့်စွက်ဆွေးနွေး ဖြေကြားကြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❖

# ကာဂျစ္စတန်နှင့် အာရှဖလားခြေစစ်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်း တောင်ကိုရီးယား၌လေ့ကျင့်

ရန်ကုန် မတ် ၁၆

**မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်အသင်းနှင့် ယှဉ်ပြိုင်ရမည့် ၂၀၁၉ အာရှဖလားခြေစစ်ပွဲ ပြန်ကန်ပွဲအတွက် မတ် ၁၆ ရက်မှစ၍ တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့၌ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။**

မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် မတ် ၁၅ ရက်ညပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာလာပြီး ယနေ့ နံနက်ပိုင်းတွင် အင်ချွန်းမြို့သို့ ရောက်ရှိလာကာ ညနေပိုင်းတွင် လေ့ကျင့်မှု စတင်ပြုလုပ်နေခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၃ ဦးဖြင့် ဖွဲ့စည်းထားပြီး ထိုင်းလိဂ်တွင် သွားရောက်ကစားနေသည့် တိုက်စစ်မှူးများဖြစ်သော အောင်သူနှင့် ကျော်ကိုကိုတို့မှာ မတ် ၁၉ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သောကြောင့် လက်ရှိတွင် ၂၁ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်အသင်းနှင့် ပွဲမတိုင်မီ ကစားသမားအစုံအလင် လေ့ကျင့်ခွင့် အနည်းငယ်သာရမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်နှင့် ရန်ကုန်အသင်းမှ ကစားသမားများမှာလည်း AFC Cup ပြိုင်ပွဲ အုပ်စုပွဲ ကစားနေရသောကြောင့် မတ် ၁၅ ရက်မှသာ အသင်းနှင့် လာရောက်ပူးပေါင်းနိုင်ခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၄* ✻



**မြန်မာ့လက်ရွေးစင်အသင်း တောင်ပံကစားသမား စည်သူအောင်။** ဓာတ်ပုံ-စိုးညွန့်

# ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်များ ထွက်ပေါ်

ယူအီးအက်ဖ်အေ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ် ကွာတားဖိုင်နယ် ပွဲစဉ်များကို မတ် ၁၆ ရက် ညနေပိုင်းတွင် ဆွစ်ဇာလန်နိုင်ငံ နီယွန်မြို့၌ မဲနှိုက်ရွေးချယ်ခဲ့သည်။

ချန်ပီယံလိဂ် ကွာတားဖိုင်နယ်သို့ အသင်း ရှစ်သင်း တက်ရောက်ခဲ့ရာ စပိန်ကလပ် သုံးသင်း၊ အင်္ဂလန်ကလပ် နှစ်သင်း၊ အီတလီကလပ် နှစ်သင်း၊ ဂျာမန်ကလပ် တစ်သင်းတို့ ပါဝင်ခဲ့သည်။ ယနေ့ ကျင်းပခဲ့သည့် ကွာတားဖိုင်နယ် မဲနှိုက်ရွေးချယ်ပွဲတွင် ယူကရိန်းကစားသမားဟောင်း ရှက်ချင်ကို ပါဝင်ခဲ့ပြီး တွေ့ဆုံမည့်အသင်းများမှာ စပိန်ကလပ် ဘာစီလိုနာနှင့် အီတလီကလပ် ရိုးမား၊ စပိန်ကလပ် ဆီဗီလာနှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်၊ အီတလီကလပ် ဂျူဗင်တပ်စ်နှင့် လက်ရှိချန်ပီယံ စပိန်ကလပ် ရီးရဲမက်ဒရစ်၊ အင်္ဂလန် နှစ်သင်းဖြစ်သော လီဗာပူးနှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်များကို ဧပြီ ၃ ရက်နှင့် ၄ ရက်တွင် ယှဉ်ပြိုင်မည်ဖြစ်ပြီး ဒုတိယအကျော့ကို ဧပြီ ၁၀ ရက်နှင့် ၁၁ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲစဉ်ကို ဧပြီ ၁၃ ရက်တွင် မဲနှိုက်ရွေးချယ်မည်ဖြစ်ပြီး မေ ၁ ရက်နှင့် ၂ ရက်တွင် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးကို မေ ၂၆ ရက်တွင် ယူကရိန်းနိုင်ငံ ကိဗ်မြို့ NSC အိုလံပစ်စကီး ကွင်းကြီး၌ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၄* ◆


## ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့ စစ်တွေမြို့သို့ ရောက်ရှိ
စာ » ၁၁

## မြစ်ဖြတ်ကူးစဉ် လေပြင်းတိုက်ခတ်၍ လှိုင်းကြီးပြီး လှေတိမ်းမှောက်မှုကြောင့် လေးဦးသေဆုံး
စာ » ၁၂

## ဖလော်ရီဒါ နိုင်ငံတကာတက္ကသိုလ်အနီးရှိ ဆောက်လုပ်နေဆဲ လူကူးတံတားတစ်စင်း ပြိုကျခဲ့ရာ လူလေးဦးထက်မနည်း သေဆုံး
စာ » ၁၄



